မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ဝါဆိုလပြည့်နေ့၊ ၂၀၀၆ ခုနှစ်၊ ဇူလိုင် ၉ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၅)၊ အမှတ် (၂၇၉)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူ သွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်-သန်လျင်တံတား အမှတ်(၂) တည်ဆောက်ပြီးစီးမှုစစ်ဆေး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ချိန်အတွင်းပြီးစီးရေး ကြိုးပမ်းဆောင်ရွက် တံတားနှင့် လိုက်လျောညီထွေ ကတ္တရာလမ်းများ တစ်ပြိုင်တည်းတည်ဆောက်

ရန်ကုန် ဇူလိုင် ၈

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်ရှိ ရန်ကုန်-သန်လျင် တံတား အမှတ်(၂) တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိ၍ ရန်ကုန်-သန်လျင်တံတား တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ကြိုးပမ်းဆောင်ရွက်

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် မွန်းလွဲ၂နာရီတွင် ***စာမျက်နှာ ၈ ကော်လံ ၁*** ■

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်အရှေ့ပိုင်းခရိုင် တစ်ဆက်တစ်စပ်တည်း ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန်-သန်လျင်တံတား အမှတ်(၂)

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေး စီမံကိန်း အထူးအဖွဲ့(၁)က တာဝန်ယူတည်ဆောက်လျက်ရှိသည့် ရန်ကုန်-သန်လျင် တံတား အမှတ်(၂)ကို တွေ့ရစဉ်။

(သတင်းစဉ်)

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

သဗ္ဗညုဘုရားရှင်သည် ဝါဆိုကာလ အခါသမယတွင် ဓမ္မစကြာသုတ်တော်ဖြင့် သတ္တဝါအပေါင်းတို့အား လမ်းစဉ်များနှင့် လမ်းစဉ်မှန် နှစ်မျိုးကို ခွဲခြားပြတော်မူ၍ လမ်းစဉ်မှန်ဖြင့် သစ္စာသိမြင်စေပြီး နိဗ္ဗာန်သို့ ဝင်စေခဲ့ပါသည်။ သတ္တဝါအပေါင်းတို့အား သစ္စာသိမြင်စေရေးကို အဓိကပဓိတ်ပင်ထားသော အချက်သည် လမ်းစဉ်များပင် ဖြစ်သည်။

ဦးကျော်စိန် (မန္တလေး)၏
လမြတ်ဝါဆို ဆောင်းပါး (စာ-၁၀)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ ဇူလိုင်လ ၉ ရက်)

ကောင်းကျိုးပြည့်ဝ ဝါဆိုလ

ယနေ့သည် ၁၃၆၈ခုနှစ် ဝါဆိုလပြည့်နေ့ဖြစ်သည်။ ဝါဆိုလသည် မြန်မာဆယ့်နှစ်လတွင် စတုတ္ထမြောက်လဖြစ်သည်။ ဥတုမှာ ဝဿန္တမိုးဥတု၊ ရာသီမှာ ကရကဋ်၊ ရာသီရုပ်မှာ ပုစွန်လုံး၊ တာရာမှာဆင်တာရာဖြစ်သည်။ လမင်းနှင့်ယှဉ်ပြိုင် ထွန်းလင်းသော နက္ခတ်မှာ ပြုဗ္ဗာသဠ်နက္ခတ်ဖြစ်၍ ရာသီပန်းမှာ ပုန်းညက်ပန်းဖြစ်သည်။ ရာသီပွဲတော်မှာ ပဉ္စင်းခံပွဲတော်ဖြစ်သည်။

ဝါဆိုလ၌ ပဉ္စင်းခံပွဲကျင်းပရခြင်းမှာ ဘုရားရှင်သည် မိဂဒါဝုန်တော၌ ပဉ္စဝဂ္ဂီငါးဦးနှင့်အတူ နတ်ဗြဟ္မာများစွာအား တရားဦးဓမ္မစကြာကို ဟောမြွက်တော်မူပြီးနောက် ပဉ္စဝဂ္ဂီငါးဦးတို့သည် မြတ်စွာဘုရားထံတွင် ရဟန်းပြုခွင့်ပန်ကြားရာ ဘုရားရှင်ကခွင့်ပြုတော်မူပြီး "ဧဟိဘိက္ခု" ရဟန်းအဖြစ်ကို ရကြသည်။ ဤသည်ကိုအရင်းခံ၍ ဝါဆိုလတွင် ပဉ္စင်းခံပွဲကို ကျင်းပကြခြင်းဖြစ်သည်။

ဗုဒ္ဓရှင်တော်မြတ်၏ ဘဝဖြစ်စဉ်တော်တွင် ဝါဆိုလပြည့်နေ့သည် ထူးခြားမွန်မြတ်မှုများဖြင့် ပြည့်စုံသောနေ့ထူးနေ့မြတ်ဖြစ်သည်။ မဟာသက္ကရာဇ် ၆၇ခုနှစ် ဝါဆိုလပြည့် ကြာသပတေးနေ့ မိုးသောက်ယံအချိန်တွင် သီရိမာယာဒေဝီ မိဖုရားခေါင်ကြီး၏ ဝမ်းကြာတိုက်၌ အလောင်းတော် သိဒ္ဓတ္ထမင်းသား ပဋိသန္ဓေ ယူတော်မူသည်။ မဟာသက္ကရာဇ်၉၇ခုနှစ် ဝါဆိုလပြည့် တနင်္လာနေ့ ညဉ့်သန်းခေါင်ယံတွင် ဆန္ဒအမတ်ကိုခေါ်၍ ကဏ္ဍကမြင်းတော်ကိုစီးလျက် တောထွက်တော်မူသည်။ မဟာသက္ကရာဇ် ၁၀၃ခုနှစ် ဝါဆိုလပြည့် စနေနေ့ညချမ်း နေမင်းလည်းဝင်လုဆဲဆဲ၊ လမင်းလည်း ထွက်ပေါ်လုဆဲဆဲတွင် တရားဦးဓမ္မစကြာကို ဟောကြားတော်မူသည်။

လမြတ်ဝါဆိုမှာပင် ရှင်တော်မြတ်ဘုရားသည် သတ္တမဝါကို တာဝတိံသာနတ်ပြည်၌ ကပ်တော်မူ၍ မယ်တော်နတ်သားအမှူးပြုသော နတ်၊ သိကြား၊ ဗြဟ္မာအပေါင်းကို အဘိဓမ္မာတရားဟောတော်မူသည်။

ထို့အပြင် ဤလမြတ်ဝါဆိုမှာပင် တိတ္ထိတက္ကတွန်းတို့အား တန်ခိုးပြာဋိဟာပြတော်မူ၍ မဟာသက္ကရာဇ် ၁၀၉ခုနှစ် ဝါဆိုလပြည့် ညနေချမ်းတွင် သာဝတ္ထိပြည် ကဏ္ဍမ္ဗမည်သော သရက်ဖြူပင်အနီး၌ ရတနာစင်္ကြံကို ဖန်ဆင်းတော်မူ၍ နှစ်ဆယ့်လေးယူဇနာရှိသော လူပရိသတ်နှင့်တကွ နတ်ဗြဟ္မာတို့အား ရေအစုံမီးအစုံတန်ခိုးပြာဋိဟာ ပြတော်မူခဲ့သည်။

သံဃာတော်အရှင်မြတ်တို့ ဝါတွင်းသုံးလပတ်လုံး ဝါဆိုဝါကပ် ကျင့်သုံးဆောက်တည်တော်မူကြသော ကာလ၌ ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းသည်လည်း ဥပုသ်နေ့တိုင်း ဥပုသ်သီလ ဆောက်တည်ကြ၊ တရားဓမ္မဆွေးနွေးကြ၊ တရားနာကြားကြသည်။ ဘုရားကျောင်းကန်များတွင် လှူဒါန်းကျွေးမွေးခြင်း၊ သက်ကြီးဝါကြီးများကို ပူဇော်သက္ကာရပြုခြင်း၊ သက်သတ်လွတ်စားခြင်း၊ ကြွဲ၊ နွား၊ ငါး၊ ငှက် စသည်တို့ကို ဘေးမဲ့လွှတ်ခြင်း စသည့်ကောင်းမှုများကို ပြုကြသည်။

ဝါဆိုလသည် ဘာသာသာသနာရေး၊ လူမှုရေး၊ ရိုးရာယဉ်ကျေးမှုအစဉ်အလာကောင်းများဖြင့် ကောင်းမြတ်သော အခါထူး အခါမြတ်ဖြစ်၍ သတ္တဝါခပ်သိမ်း ကောင်းကျိုးလိုအင်ဆန္ဒ ပြည့်ဝကြစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစု အကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူကျင့်သုံးလိုက်နာသွားမည်။

(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မမိုတ်မသုန် အကောင်အထည်ဖော်သွားမည်။

(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။

(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။

(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။

(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

ရန်ကုန် ဇူလိုင် ၈

ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ပညာရေးဆိုင်ရာလုပ်ငန်းကော်မတီနှင့် ကိုရီးယားသမ္မတနိုင်ငံ Chonnam National University တို့ သင်ကြားရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ (MoU)

သင်ကြားရေးဆိုင်ရာ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုး

လက်မှတ်ရေးထိုးပွဲကို ယမန်နေ့ နံနက်၁၀ နာရီခွဲက ရန်ကုန်မြို့ရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ဒုတိယ ဥက္ကဋ္ဌ ဦးသောင်းတင်၊ အထွေထွေ အတွင်းရေးမှူး ပညာရေးဆိုင်ရာလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ဦးစိန်ဝင်းလှိုင်နှင့်ကော်မတီဝင်များ၊ ကိုရီးယား သမ္မတနိုင်ငံ Chonnam National University မှ ညွှန်ကြားရေးမှူး ပါမောက္ခ ဒေါက်တာ Hoisoo Kim နှင့်အဖွဲ့ဝင်များ တက်ရောက်ကြပြီး သင်ကြားရေးဆိုင်ရာ နားလည်မှုစာချွန်လွှာပါ အကြောင်းအရာများကို ဆွေးနွေးကြသည်။

ယင်းနောက် Gwangju-Jeonnam e-Learning Research & Centre, Chonnam National University ၏ ပူးပေါင်းစီစဉ်ကူညီမှုဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် Training Centre အောက်တွင် Korea Technology , Culture and Business Education Centre (KTCBEC) တည်ထောင်နိုင်ရေးအတွက် နားလည်မှု စာချွန်လွှာ (MoU)ကို အထွေထွေအတွင်းရေးမှူးပညာရေးဆိုင်ရာလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးစိန်ဝင်းလှိုင်နှင့် ညွှန်ကြားရေးမှူး ပါမောက္ခဒေါက်တာ Hoisoo Kim တို့က လက်မှတ်ရေးထိုးကြပြီး စာချွန်လွှာကို အပြန်အလှန် လဲလှယ်ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ) (သတင်းစဉ်)**

မအူပင်စက်မှုသိပ္ပံ လျှပ်စစ်(စွမ်းအား)ဌာန အာစရိယပူဇော်ပွဲ

ရန်ကုန် ဇူလိုင် ၈

မအူပင်စက်မှုသိပ္ပံ လျှပ်စစ် (စွမ်းအား) ဌာနကျောင်းသား ကျောင်းသူဟောင်း ၁၉၉၄-၂၀၀၀ နှစ်များ၏ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဇူလိုင်၃၀ ရက် နံနက် ၉နာရီတွင် တက္ကသိုလ်များ ဓမ္မာရုံ၊ လှည်းတန်းတွင် ကျင်းပမည်ဖြစ်သည်။ အလှူငွေ ထည့်ဝင်လိုသူများသည် ကိုဝင်းယုခိုင် ဖုန်း-၅၄၀၉၅၂၊ မကေသီခိုင် ဖုန်း-၀၉ ၅၁၀၄၁၇၁၊ မသန္တာထွန်း ဖုန်း-၅၇၉၁၉၃၊ ၀၉ ၅၀၂၁၇၉၇၊ မဟန်သီဝေမျိုးအောင် ဖုန်း-၆၄၁၅၀၄ နှင့်၆၆၁၆၀၀တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း ဖိတ်ကြားနိုးဆော်ထားသည်။ **(က-ပ)**

မြဝတီရုပ်မြင်သံကြား

၉-၇-၂၀၀၆
(တနင်္ဂနွေနေ့)
နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	ကျန်းမာရွှင်လန်း ယောဂအစွမ်း
၇:၁၅	၄။	မျိုးချစ်တပ်မတော်
၇:၂၅	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၆။	မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀	၇။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၄၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၇:၅၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၀၀	၁၀။	ဆရာတော် ဦးဃောသိတ တရားတော် **"အတိတ်ကံအစွမ်းကြောင့် ပစ္စုပ္ပန်တွင် ဖြစ်ပေါ်လာပုံ"**
၉:၁၅	၁၁။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

နေ့လယ်ပိုင်း

၁၂:၀၀	၁။	မြဝတီအဖွင့်
၁၂:၀၅	၂။	အဖွင့်သီချင်း
၁၂:၁၀	၃။	မျိုးချစ်တပ်မတော်
၁၂:၂၀	၄။	သာယာသီကြွေး ခေတ်ဆန်းတေး
၁၂:၃၀	၅။	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **"ကျွန်မချစ်သူ ကိုလူချော"**
၁၃:၅၀	၆။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	မျိုးချစ်တပ်မတော်
၄:၁၅	၄။	ကမ္ဘာ့ဖလား FIFA WORLD CUP 2006 ဘောလုံးပွဲတတိယနေရာလုပွဲ Germany Vs Portugal (Delay)
၆:၁၀	၅။	နိုင်ငံတကာသတင်း
၆:၂၀	၆။	မိုးလေဝသသတင်း
၆:၃၀	၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၅	၈။	အံ့သြဖွယ်ရာ ဆပ်ကပ်ပညာ
၆:၄၀	၉။	လျှပ်တစ်ပြက်
၇:၀၀	၁၀။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မေတ္တာသည်သာ"** (အပိုင်း-၃၃)
၈:၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၂။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၃။	အရှင်ဇနကာဘိဝံသထေရုပ္ပတ္တိ တောင်သမန်အင်းဖောင်းမှ အုန်းမောင်းသံ
	၁၄။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လက်မတင်ကလေး"** (အပိုင်း-၁၄)

၁၀-၇-၂၀၀၆ ရက်နေ့နံနက်

၀၀:၃၀	၁။	FIFA WORLD CUP 2006 (Final) ဘောလုံးပွဲ Italy Vs France

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၉-၇-၂၀၀၆ (တနင်္ဂနွေနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	မှတ်သားလေ့လာ ပြတိုက်ခင်းကျင်းမှုပညာ
၇:၁၅	တေးဂီတအစီအစဉ်
၇:၂၀	အသိဉာဏ်ပေး စိတ်ငြိမ်းအေး တရားတော် (အရှင်ဆေကိန္ဒ)
၇:၄၀	တေးဂီတအစီအစဉ်
၇:၄၅	ပြည်တွင်းသတင်းအကျဉ်း
၇:၅၅	Sunday Talk (ဦးမျိုးမြတ်သူ၊ ဒေါက်တာဇော်သန်း)
၈:၅၀	တေးဂီတအစီအစဉ်
၈:၅၅	ရဟန်းတော်နှင့် ပိဋကစာရိကကျင့်ဝတ်
၉:၂၀	နိုင်ငံတကာ သတင်းအကျဉ်း
၉:၂၅	Myanmar Video Rhythm
၁၀:၁၅	မိုးလေဝသခန့်မှန်းချက်
၁၀:၂၀	ရှေးမူလက်ရာ လေ့လာစရာ ဖိုလ်ဝင်နှင့် ရွှေဘတောင် တော်မှာ
၁၀:၃၀	တေးဂီတအစီအစဉ်
၁၀:၃၅	ကမ္ဘာ့ဖလားနှင့်သူတို့အမြင် (အားကစားကလောင်ရှင် ဖေသိန်း၊ နေမျိုးသူရ၊ ပြည့်ဖြိုးဟန်)
၁၀:၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၀၀	နိုင်ငံတကာအနုပညာရေးရာ (ကောင်းထက်ဇော်၊ မွန်မွန်)
၁၁:၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၃၀	လင်းလက်တောက်ပ သဘော်ဆေးအလှ
၁၁:၄၅	တေးဂီတအစီအစဉ်
၁၁:၅၀	ပေမူမှသည် ပုံနှိပ်မူသို့
၁၂:၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

● *ကျောဖုံးမှ*

ထိုမှတစ်ဆင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်သောင်းသည် တောင်သာမြို့နယ် ပန်းပေါင်းကျေးရွာအုပ်စု ကွင်းအမှတ်(၁၁၇၀)သို့ရောက်ရှိ၍ တောင်သာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော ခြံစည်းရိုး ကြက်ဆူပင်စိုက်ပျိုးပွဲသို့ တက်ရောက်ပြီး ဌာနဆိုင်ရာများ၊ အသင်းသား အသင်းသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်အတူ ခြံစည်းရိုး ကြက်ဆူပင် ၆၀၀၀ ကို တပျော်တပါး စိုက်ပျိုးပေးကြသည်။

တောင်သာဝါကြိတ်စက်ရုံ

ယင်းနောက် ဝန်ကြီး ဦးအောင်သောင်းသည် တောင်သာမြို့ မြန်မာ့အထည်အလိပ်လုပ်ငန်း တောင်သာဝါကြိတ်စက်သို့ရောက်ရှိ၍ ဝါကြိတ်စက်များတပ်ဆင်မည့်အခြေအနေများနှင့် မြင်းကောင်ရေ(၂၈)ကောင်ရှိ Ruston စက်များကို ကြည့်ရှုစစ်ဆေးပြီး ဆက်လက်ဆောင်ရွက် သွားရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ မှာကြားသည်။

ဆက်လက်၍အတွင်းရေးမှူးဝန်ကြီး ဦးအောင်သောင်းသည် တောင်သာမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ကျင်းပသော အခြေခံပညာမူလတန်းကျောင်းများသို့ စာသင်ခုံနှင့် ဗလာစာအုပ်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်၍ အခြေခံပညာ မူလတန်းကျောင်း ၁၇၉ ကျောင်းနှင့် အခြေခံပညာ အလယ်တန်းကျောင်း ၁၀ ကျောင်းတို့အတွက် ငွေကျပ် ကိုးသိန်းသုံးသောင်းတန်ဖိုးရှိ စာသင်ခုံပေါင်း ၁၁၆ စုံ၊ ငွေကျပ်သုံးသိန်း ခုနစ်သောင်းတန်ဖိုးရှိ ကျောင်းသုံးစာအုပ် ၃၆၉ ဒါဇင်တို့ကိုပေးအပ်ရာ တောင်သာမြို့နယ် ပညာရေးမှူး ဒေါ်မာလာမေသင်က လက်ခံပြီး ကျေးဇူးတင်စကားပြောကြားသည်။

ဖြည့်ဆည်းဆောင်ရွက်

ဆက်လက်၍ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဝန်ကြီးဦးအောင်သောင်းသည်တောင်သာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ တောင်သာမြို့နယ်မှ စစ်မှုထမ်းဟောင်းများ၊ ကျောက်ပန်းတောင်း၊ နွားထိုးကြီးနှင့် တောင်သာ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များနှင့် စည်းရုံးရေးမှူးများအား တွေ့ဆုံပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားသည်။

ယင်းနောက် ကျောက်ပန်းတောင်း၊ နွားထိုးကြီးနှင့် တောင်သာမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များနှင့် စည်းရုံးရေးမှူးများက ပြည်သူ့အကျိုးပြု လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အစီအမံများကို အသီးသီးတင်ပြရာ အတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းက လိုအပ်ချက်များကို ဖြည့်ဆည်းပေးပြီး ကျော့ဇီ အခြေခံပညာ အထက်တန်းကျောင်း၏ ကျောင်းဆောင်သစ် တည်ဆောက်ရန်စေတနာရှင်၊ အလှူရှင်များက လှူဒါန်းသည့် အလှူငွေကျပ်သိန်းသုံးဆယ်ကို ပေးအပ်လှူဒါန်း သည်။

စွပ်ကျယ်စက်ရုံ(တောင်သာ)

ယင်းနောက်ဝန်ကြီးသည်တောင်သာမြို့ မြန်မာ့အထည်အလိပ်လုပ်ငန်း၏ စွပ်ကျယ်စက်ရုံ (တောင်သာ)ရှိစက်ထိုးထည်အလုပ်ရုံသို့ရောက်ရှိရာ စက်ရုံ၌ အသုံးပြုမည့် ကုန်ကြမ်းပစ္စည်းများ၊ ချည်ရစ်စက်များ၏ ထုတ်လုပ်မှုလုပ်ငန်းများ၊ ထုတ်လုပ်ပြီးချည်လုံးများ၊ တစ်ထပ်သားထိုးစက်ဝိုင်း ခြောက်လုံး၏ ထုတ်လုပ်မှုလုပ်ငန်းများ၊ ပိတ်စစ်စက်နှစ်လုံးဖြင့် အရည်အသွေးစစ်ဆေးမှုနှင့် ဖလက်ထိုးစက်ခြောက်လုံးဖြင့် ကော်လာထုတ်လုပ်မှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်း လိုအပ်ချက်များမှာကြားသည်။

ရည်မှန်းချက်

ဆက်လက်၍ ဝန်ကြီးသည် အထည်ချုပ်စက်ရုံသို့ရောက်ရှိ၍ ပုံညှပ်ဌာနရှိ ပုံညှပ်ခြင်း လုပ်ငန်းများ၊ ရေနွေးငွေ့မီးပူတိုက်ခြင်း လုပ်ငန်းများ၊ အပ်ချုပ်ခြင်းလုပ်ငန်းများ၊ တီရှပ်များနှင့်စပို့ရှပ်များကို ကြည့်ရှု စစ်ဆေးပြီး ရည်မှန်းချက်တာဝန်များ ပြည့်မီကျော်လွန်ရန် ကြိုးပမ်းဆောင်ရွက်သွားရေး၊ ထုတ်လုပ်မှုလုပ်ငန်းများကို မထိခိုက်ရန် အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းထားရန်စီမံဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပုံနှိပ်ထုတ်ဝေရေးနှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်း ဝါဆိုသင်္ကန်းကပ်လှူ

ရန်ကုန် ဇူလိုင် ၈

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းနှင့် ဇနီး ဒေါ်ကြည်ကြည်ဝင်းတို့အား အမှူးထား၍ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းနှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်း မိသားစုများက ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ယနေ့ နံနက် ၉နာရီခွဲတွင် မြောက်ဥက္ကလာပမြို့နယ် ကျောက်ရေတွင်း ရတနာ့ဗိမာန် ပရိယတ္တိစာသင်တိုက်၌ ကျင်းပကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သတိပေးနှိုးဆော်ချက်

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်ပြီး ယာဉ်မတော်တဆမှုများဖြစ်ပွားကာ ယာဉ်မောင်းများ မောင်းနှင်ထွက်ပြေးလျက် ရှိကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယာဉ်မတော်တဆမှုများ ဖြစ်ပွားကြောင်း တွေ့ရှိပါက ယာဉ်နံပါတ် အမျိုးအစား၊ အရောင်၊ ဖြစ်ပွားရာနေရာ၊ အချိန်များ မှတ်သားပြီး အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ အကြောင်းကြားပေးနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်-

(က) ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးရုံး- ၁၉၉

(ခ) ကြိုးမဲ့ကြေးနန်းနှင့်ယာဉ်ထိန်းတပ် ဖွဲ့မှူးရုံး- ၂၉၁၂၈၄၊ ၂၉၁၂၈၅၊ ၂၉၂၂၈၈၊ ၂၉၆၄၅၄၊ ၂၀၁၇၇၉(လိုင်းခွဲ ၄၃)

ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ။

တက္ကသိုလ်၊ကောလိပ် ကြို/ပို့ယာဉ်များ နောက်ကျ၊ပျက်ကွက်မှုမရှိအောင်ကြပ်မတ် ကျောင်းသားများယာဉ်စီးခသက်သာစွာဖြင့် ကျောင်းတက်နိုင်ရေးစီစဉ်

ရန်ကုန် ဇူလိုင် ၈

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ ညနေ ၅ နာရီက ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း တက်ရောက်၍ အမှာစကားပြောကြားသည်။

ကွင်းဆင်းစစ်ဆေး

ရှေးဦးစွာ ရန်ကုန်တိုင်းလမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းက တက္ကသိုလ်၊ ကောလိပ် ကြို/ပို့ယာဉ်များ နောက်ကျမှု၊ ပျက်ကွက်မှု မရှိအောင် တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ကြရန်၊ တက္ကသိုလ်ကြို/ပို့ယာဉ်များ ယာဉ်စီးခ သက်သာစေရေးအတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ယာဉ်လိုင်းများအလိုက် စီအင်န်ဂျီ ပြောင်းလဲမှုပြီးစီးသည့် မော်တော်ယာဉ်များမှာလည်း ပိုမိုများပြားလာပြီဖြစ်၍ကျောင်းသားကျောင်းသူများ ယာဉ်စီးခ သက်သာစွာ ကျောင်းတက်နိုင်အောင် စီစဉ်ဆောင်ရွက်ကြရန်၊ မော်တော်ယာဉ်လိုင်းအလိုက် ခရီးသည်ပို့ဆောင်ခဝင်ငွေစံနှုန်းသတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ဝင်ငွေစံနှုန်း စိစစ်ရေး ကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီးဖြစ်ရာ ကော်မတီဝင်များအနေဖြင့် လက်တွေ့ကွင်းဆင်း စစ်ဆေးတင်ပြကြရန်၊ ယခုအခါ မော်တော်ယာဉ် လိုင်စင်အတု၊ လေလံယာဉ်လိုင်စင် အတုများဖြင့် မော်တော်ယာဉ် လိမ်လည်ရောင်းဝယ်မှုများ ဖြစ်ပေါ်လျက် ရှိကြောင်း သိရှိရသဖြင့် ပြစ်မှုကျူးလွန်သူများကို စနစ်တကျဖော်ထုတ်၍ ထိရောက်စွာ အရေးယူဆောင်ရွက်ကြရန်နှင့် ရန်ကုန်မြို့၌ နေ့စဉ် စီအင်န်ဂျီ မော်တော်ယာဉ်စီးရေ ၅၀၀၀ခန့်ကို စီအင်န်ဂျီ ဓာတ်ငွေ့ ကုဗပေ၈သန်းခန့် ရောင်းချပေးလျက်ရှိပြီး (ဃ)လိုင်စင် မော်တော်ယာဉ်အားလုံး စီအင်န်ဂျီ ပြောင်းလဲမှုပြီးစီးပါက (ခ)လိုင်စင် မော်တော်ယာဉ်များကို စီအင်န်ဂျီ ပြောင်းလဲတပ်ဆင်မှုကို ဆက်လက် ဆောင်ရွက်သွားရန် အမှာစကားပြောကြားသည်။

ရှင်းလင်း

ထို့နောက် ရန်ကုန်တိုင်းအတွင်းရှိ တက္ကသိုလ်၊ကောလိပ်များမှ ဌာနမှူးများ၊ မော်ကွန်းထိန်းများနှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှု အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မော်တော်ယာဉ်လိုင်းများမှယာဉ်လိုင်း ဥက္ကဋ္ဌများက တက္ကသိုလ်၊ ကောလိပ် ကြို/ပို့ ယာဉ်များဆိုင်ရာကိစ္စရပ်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များ၊ ခရီးသွားပြည်သူများ ယာဉ်အန္တရာယ် ကင်းရှင်းစွာ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် မော်တော်ယာဉ်များကို စီအင်န်ဂျီ သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များအဖြစ် ပြောင်းလဲပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဖြည့်ဆည်းပေး

ယင်းနောက် တိုင်းမှူးက တင်ပြချက်များနှင့်ပတ်သက်၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြို့ရေပေးရေးလုပ်ငန်း စနစ်တကျဆောင်ရွက် မြို့တွင်းရေနုတ်မြောင်းများမပိတ်ဆို့ရေးရှင်းလင်း

ရန်ကုန် ဇူလိုင် ၈

နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေသည် ယနေ့မွန်းလွဲ ၁၂နာရီခွဲက ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း) ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်းသို့ ရောက်ရှိလာရာ တာဝန်ရှိသူများကကြိုဆိုကြပြီး ကျောင်းအုပ်ကြီး ဦးနန်းအောင်က လေ့ကျင့်ရေးကျောင်းတွင် ဖွင့်လှစ်ပို့ချလျက်ရှိသော သင်တန်းများ အခြေအနေကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက သင်တန်းများဖွင့်လှစ်ပို့ချလျက်ရှိရာတွင် နည်းပြကိုင်သင်တန်းမှတ်စုများ၊ သင်တန်းသင်ရိုးညွှန်း တမ်းများ ပြုစုထားပြီး အဆိုပါသင်ရိုးညွှန်းတမ်းအတိုင်း ပီပီပြင်ပြင် သိရှိနားလည်အောင် ပို့ချပေးရန်မှာကြားသည်။

မှာကြား

ဆက်လက်၍ ဒုတိယဝန်ကြီးသည် သင်တန်းကျောင်းတွင် ဖွင့်လှစ်ပို့ချလျက်ရှိသော အင်ဂျင်နီယာအဆင့်မြင့်သင်တန်းအမှတ်စဉ်(၁)၊ အခြေခံအင်ဂျင်နီယာ သင်တန်းအမှတ်စဉ်(၉)မှ သင်တန်းသားများအား တွေ့ဆုံပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် အဆင့်မြင့်အိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၁၁)မှ သင်တန်းသူများအား တွေ့ဆုံ၍ အဝတ်အထည်များ ခေတ်မီပြီး ခိုင်ခံ့သေသပ်လှပအောင် တီထွင်ချုပ်လုပ်နိုင်ရေး၊ သင်ပြသောနည်းပြများ၏ သင်ကြားမှုများကို စိတ်ပါလက်ပါ သင်ယူပြီး ကျွမ်းကျင်သောအပ်ချုပ်ပညာသည်များဖြစ်အောင် ကြိုးစားသင်ယူကြရန် မှာကြားပြီး လုပ်ငန်းဆိုင်ရာများ ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ကျောင်းအုပ်ကြီး ဦးနန်းအောင်၊ ဒုတိယကျောင်းအုပ်ကြီး ဦးလှငြိမ်းတို့နှင့်အတူ အမျိုးသမီးသင်တန်းသူများ၏ အိပ်ဆောင်သုံးဆောင် ချိန်းလင့်ကာရုံခြင်းလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးသည်။

ခရမ်း

ထို့အတူ ဒုတိယဝန်ကြီးသည် ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြီးမြင့်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းလှိုင်တို့ လိုက်ပါလျက် ဇူလိုင် ၆ရက် နံနက်ပိုင်းတွင် ခရမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့ သွားရောက်ပြီး လုပ်ငန်းများ ဆောင်ရွက်ရာတွင် စိတ်ပါဝင်စားစွာ စေတနာထား ဆောင်ရွက်ရေး၊ ရန်ပုံငွေများကိုလည်း စနစ်တကျသုံးစွဲရေး မှာကြားသည်။

သုံးခွ

ထို့နောက် ဒုတိယဝန်ကြီးသည် သုံးခွမြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့ သွားရောက်ပြီး အမှုဆောင်အရာရှိ ဦးသန်းဌေးနှင့် တာဝန်ခံ အင်ဂျင်နီယာတို့အား လိုအပ်သည်များမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ၂၀၀၆-၂၀၀၇ခု၊ ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်မည့်သုံးခွ-နံ့ယော ကျေးရွာချင်းဆက်လမ်းပေါ်ရှိ သစ်သားတံတား တည်ဆောက်မည့် နေရာသို့ သွားရောက်၍ တံတားဆောက်ရာတွင် ခိုင်ခံ့ပြီး ရေရှည်အသုံးပြုနိုင် ရေး၊ ရန်ပုံငွေ အလေအလွင့်မရှိစေရေး တို့ကို မှာကြားသည်။

ကျောက်တန်း

ထို့နောက် ဒုတိယဝန်ကြီးသည် ကျောက်တန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့ရောက်ရှိလာရာ အမှုဆောင်အရာရှိ ဦးဖြူညွှန့်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က လုပ်ငန်းဆိုင်ရာများ ရှင်းလင်းတင်ပြမှုအပေါ် ဒုတိယဝန်ကြီးက မြို့ရေပေးရေးလုပ်ငန်းကို စနစ်တကျဆောင်ရွက်ရန်၊ မြို့တွင်းရေနုတ်မြောင်းများ မပိတ်ဆို့စေ ရေး၊ အမှိုက်များ ရှင်းလင်းဖယ်ရှားရန်၊ လုပ်ငန်းရန်ပုံငွေများစနစ်တကျသုံးစွဲရန်မှာကြားသည်။

သန်လျင်

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေသည် သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့ ရောက်ရှိရာ ဒုတိယဝန်ကြီးအား သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထင်အောင်မြင့်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ပျိုးဥယျာဉ်အတွင်း စိုက်ပျိုးထားသော ကြက်ဆူပင်များ ရှင်သန်ဖြစ်ထွန်းမှု၊ အခြားပျိုးပန်းပင်များ စိုက်ပျိုး ထားရှိမှုများကို ရှင်းလင်းပြသရာ ဒုတိယဝန်ကြီးက ပျိုးပင်များ သတ်မှတ်အရေအတွက် ပြည့်မီအောင် စိုက်ပျိုးထားရှိရေး၊ ရာသီအလိုက်ဖူးပွင့်တတ်သော ပန်းအလှပင်များ ပြုစုပျိုးထောင်ရေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၆ခုနှစ် ဇူလိုင်လအတွက်

၉-၇-၂၀၀၆ ရက်နေ့ နှင့်

၃၀-၇-၂၀၀၆ ရက်နေ့

တရုတ်၌ တုပ်ကွေးရောဂါကာကွယ်ဆေးထုတ်လုပ်
တစ်နာရီလျှင် ဆေးပြား၁၈၀၀၀ နှုန်းထုတ်လုပ်နိုင်

ရှန်ကျန် ဇူလိုင် ၈

တရုတ်နိုင်ငံတောင်ပိုင်းတွင် ကမ္ဘာပေါ်ရှိလူများအတွက် ကာကွယ်ဆေးများ အများဆုံးထုတ်လုပ်သည့် ဆာနိုဖီပတ်စ်တီယူအာ ကုမ္ပဏီလီမိတက်သည် တုပ်ကွေးရောဂါ ကာကွယ်ဆေးပြားကို တစ်နာရီလျှင် ၁၈၀၀၀နှုန်းဖြင့် စတင်ထုတ်လုပ်လိုက်ကြောင်း ၎င်းကုမ္ပဏီက ပြောကြားသည်။

ယွမ်သန်း ၂၀ ကျော် (အမေရိကန်ဒေါ်လာ ၂ဒသမ ၅သန်း) ရင်းနှီးမြှုပ်နှံထားသည့် ပြင်သစ်ကုမ္ပဏီ၏ စက်ပစ္စည်းများသည် အာရှတွင် ခေတ်ရှေ့ပြေးလျက်ရှိပြီး တရုတ်နိုင်ငံရှိ ကာကွယ်ဆေးထုတ်လုပ်သည့် အခြားကုမ္ပဏီများသည် တစ်နာရီလျှင် ယူနစ် ၄၀၀၀သာ ထုတ်လုပ်နိုင်ကြောင်း၊ ၎င်းတို့က ပြောကြားသည်။

ဖြစ်ပွား

တုပ်ကွေးကာကွယ်ဆေး ထုတ်လုပ်မှုကို သုံးလမှ တစ်လဝန်းကျင်အတွင်း လျှော့ချသွားမည်ဖြစ်ကြောင်း ဤသည်မှာ လောလောဆယ်တွင် ကြက်ငှက်တုပ်ကွေး ရောဂါကဲ့သို့ တုပ်ကွေးရောဂါများ ဖြစ်ပွား ရင်ဆိုင်နေရမှုများ များပြားနေရခြင်းကြောင့် ဆေးကိုလည်း လိုအပ်ချက်အရ ထုတ်နေရခြင်းဖြစ်ကြောင်း ကုမ္ပဏီ၏ နည်းပညာဆိုင်ရာ ညွှန်ကြားရေးမှူး ကျိုရွှန်ဒါက ပြောကြားသည်။

တတိယ

ဆာနိုဖီ-အဗင်တစ်အုပ်စုက ပိုင်ဆိုင်သည့် ယင်းကုမ္ပဏီသည် ကမ္ဘာပေါ်တွင် တတိယအကြီးဆုံး ကုမ္ပဏီဖြစ်ပြီးဥရောပတွင် အကြီးဆုံး ဆေးဝါးထုတ်လုပ်ရေး ကုမ္ပဏီဖြစ်ကြောင်း ဆင်ဟွာက ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံခြား သတင်းများ

ကမ္ဘာ့ အသက်အကြီးဆုံး အမျိုးသမီး

ဂျိုဟန်နစ္စဘတ် ဇူလိုင် ၈

အသက် ၁၃၂နှစ်ရှိသည့် တောင်အာဖရိကမှ အဘွားမိုလိုကိုတီမို (အပေါ်ပုံ) **သည် ကမ္ဘာ့အသက်အကြီးဆုံးဖြစ်နိုင်ကြောင်း၊ သို့ရာတွင် သူမသည် ကမ္ဘာ့မှတ်တမ်းစာအုပ် ဂင်းနက်စ်မှတ်တမ်းဝင် မဖြစ်သေးကြောင်း ဒေသဆိုင်ရာ သတင်းစာတစ်စောင်က ဇူလိုင် ၆ရက်၌ ဖော်ပြသည်။**

အဘွားတီမိုသည် တောင်အာဖရိကနိုင်ငံ လင်ပိုပိုပြည်နယ်မြောက်ပိုင်း မိုဟိုဒီကျေးရွာ၌ နေထိုင်လျက်ရှိပြီး ဇူလိုင် ၄ရက်က ၁၃၂နှစ်မြောက် မွေးနေ့ပွဲအခမ်းအနား ပြုလုပ်ခဲ့ကြောင်း စီတီဇင်သတင်းစာက ဖော်ပြသည်။

ကျန်းမာဆဲ

သူမမှာ ကျန်းမာနေဆဲဖြစ်ကြောင်း၊ ၎င်းအား ၁၈၇၄ခုနှစ်က မွေးဖွားခဲ့သည့် ဇာတာနှင့်တကွ ဓာတ်ပုံရိုက်လျက် အဆိုပါသတင်းစာ၌ ဖော်ပြထားသည်။

အဘွားတီမိုသည် သားသမီးရှစ်ယောက် မွေးဖွားခဲ့ရာ သုံးဦးသာ သက်ရှင်ထင်ရှားနေထိုင်လျက်ရှိသည်။ ယခုအခါ အဘွားတီမိုသည် မြေး ၂၉ ယောက်၊ မြစ် ၅၉ယောက်နှင့် တီငါးယောက်ရှိကြောင်း အဆိုပါ သတင်းစာတွင် ဖော်ပြသည်။ အမ်အင်အေ၊ဆင်ဟွာ

မလေးရှား၌ အေအိုင်ဒီအက်စ်ဝေဒနာရှင်တစ်သောင်းကျော်ရှိ

ကွာလာလမ်ပူ ဇူလိုင် ၈

မလေးရှားနိုင်ငံတွင် အေအိုင်ဒီအက်စ်ရောဂါ ခံစားနေရသူ ၁၀၀၀၀ ရှိကြောင်း ထိပ်တန်းကျန်းမာရေး တာဝန်ရှိသူတစ်ဦးက ကွာလာလမ်ပူမြို့၌ ဇူလိုင် ၆ရက်က ပြောကြားသည်။

မတ်လအထိ အေအိုင်ဒီအက်စ်ရောဂါခံစားနေရသူ ၁၀၉၅၉ ဦးရှိပြီး အိတ်ချ်အိုင်ဗွီပိုးရှိသူ ၆၀၇၃၇ ဦး ရှိကြောင်း မလေးရှား ကျန်းမာရေးဝန်ကြီး ချိုင်ဆွိုင်လိခ်က ပြောကြားသည်။

မူးယစ်ဆေးစွဲနေသည့် အမျိုးသားများမှာ အိတ်ချ်အိုင်ဗွီကူးစက် ခံရမှုမှာ ၈၈ရာခိုင်နှုန်းခန့်ရှိသည်ဟု ၎င်းက ပြောကြားသည်။

သေဆုံး

အေအိုင်ဒီအက်စ်ကြောင့် မလေးရှားနိုင်ငံသား ၈၃၃၄ဦး သေဆုံးသွားခဲ့ပြီဖြစ်ကြောင်း ၎င်းကပြောကြားသည်။

သဘောတူ

မလေးရှားအစိုးရက ယင်းရောဂါကို အဓိကတိုက်ဖျက်လျက်ရှိသည်။ ယခုနှစ် ဧပြီလက အိတ်ချ်အိုင်ဗွီနှင့် အေအိုင်ဒီအက်စ် တားဆီးကာကွယ် ရေးအတွက် ၂၀၀၆-၂၀၁၀ အမျိုးသား မဟာဗျူဟာ စီမံကိန်းတစ်ရပ် ဆောင်ရွက်ရန်လည်း အစိုးရက သဘောတူညီထားသည်။

အမ်အင်အေ၊ဆင်ဟွာ

ရှာဖွေတွေ့ရှိသော လက်နက်များကို တရုတ်ပညာရှင်များ စစ်ဆေးနေစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဟေလုံကျန်ပြည်နယ်၌ ဓာတုလက်နက်များတွေ့ရှိ

ဟာဘင် ဇူလိုင် ၈

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း ဟေလုံကျန်ပြည်နယ် ဆွီဟွာမြို့၌ ဇွန် ၂၆ရက်မှ ဇူလိုင် ၂ရက်အတွင်း ဓာတုလက်နက် ၆၇၇ခု ရှာဖွေတွေ့ရှိခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

တွေ့ရှိ

အဆိုပါ ဓာတုလက်နက် ၆၇၇ခုအနက် ၆၀၀မှာ ဇူလိုင် ၁ရက်က တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန စွန့်ပစ်လက်နက်များဆိုင်ရာ အကြီးအကဲ ရှုရီရမ်က ပြောကြားသည်။

ယင်းလက်နက်များသည် ဒုတိယ ကမ္ဘာစစ်အပြီး ဂျပန်တပ်များ စွန့်ပစ်ခဲ့သည့်လက်နက်များဖြစ်ကြောင်း ကနဦးက စစ်ဆေးအတည်ပြုထားသည်။

လွှဲပြောင်း

အဆိုပါတွေ့ရှိခဲ့သော ဓာတုလက်နက်များကို တွေ့ရှိခဲ့သည့်နေရာမှ လုံခြုံဘေးကင်းရာသို့ လွှဲပြောင်းပေးခဲ့သည်ဟု ဆိုသည်။

စွန့်ပစ်

၁၉၄၅စစ်ပွဲအပြီး ဂျပန်တပ်များ စွန့်ပစ်ခဲ့သော ဓာတုလက်နက်များ တရုတ်နိုင်ငံ၌ အနည်းဆုံးတန်ချိန် နှစ်သန်းရှိကြောင်း၊ ယင်းလက်နက်များကြောင့် တရုတ်လူမျိုး ၂၀၀၀ခန့် သေဆုံးခဲ့ကြောင်း နိုင်ငံခြားရေးရုံးက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အီရတ်မြောက်ပိုင်း၌ ကားဗုံးပေါက်ကွဲ

ဘဂ္ဂဒက် ဇူလိုင် ၈

အီရတ်နိုင်ငံ၏မြောက်ပိုင်း မိုဆူးလ်မြို့တွင် ဇူလိုင် ၅ရက်နေ့က အီရတ် ရဲတပ်ဖွဲ့ ကင်းလှည့်ယာဉ်အနီးတွင် အသေခံ ဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားခဲ့ရာ နှစ်ဦးသေဆုံးပြီး လေးဦး ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဖောက်ခွဲ

ဘဂ္ဂဒက်မြို့၏ မြောက်ပိုင်း ကီလိုမီတာ ၄၀၀အကွာတွင် အသေခံဗုံးခွဲသူသည် ပေါက်ကွဲစေသည့် ပစ္စည်းများတင်ဆောင်လာသည့် ၎င်း၏ ကားကို ကင်းလှည့်ယာဉ်အနီး၌ ဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့ဝင်တစ်ဦးက ပြောကြားခဲ့သည်။

ပေါက်ကွဲ

ယင်းပေါက်ကွဲမှု ဖြစ်ပွားခြင်းကြောင့် သေဆုံးသူများတွင် ရဲအရာရှိတစ်ဦးနှင့် အရပ်သားတစ်ဦးလည်း ပါဝင်သည်။ **အမ်အင်အေဆင်ဟွာ**

အိန္ဒိယနှင့် တောင်ကိုရီးယား နှစ်နိုင်ငံ ပင်လယ်ပြင်ကာကွယ်ရေး ပူးတွဲစစ်ရေးလေ့ကျင့်

နယူးဒေလီ ဇူလိုင် ၈

ပင်လယ်ပြင် ညစ်ညမ်းမှုနှင့် ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများကို ပူးတွဲပြုလုပ်ရန် အိန္ဒိယနှင့် တောင်ကိုရီးယား နှစ်နိုင်ငံတို့မှ ကမ်းရိုးတန်း အစောင့်တပ်ဖွဲ့များ၏ ပူးတွဲလေ့ကျင့်မှုတစ်ရပ်ကို ငါးရက်ကြာပြုလုပ်ခဲ့ရာ ဇူလိုင် ၇ ရက်က ပြီးဆုံးခဲ့ကြောင်းသိရသည်။

ထိန်းသိမ်းစောင့်ရှောက်

ပင်လယ်ပြင်ရှိ သတ္တဝါများနှင့် ရေအောက်သန္တာပင်များ မပျက်စီးစေရန်နှင့် ပင်လယ်ပြင်တွင် ရေနံတင်သင်္ဘောများ ရေနံယိုဖိတ်မှုများကို နှစ်နိုင်ငံတားဆီးကာကွယ်ရန်အတွက် ကမ်းရိုးတန်းအစောင့် ရေယာဉ်များဖြင့် ထိန်းသိမ်းစောင့်ရှောက်ပေး သွားမည်ဖြစ်သည်။

ပါဝင်

ယခုပြုလုပ်ခဲ့သည့် နှစ်နိုင်ငံပူးတွဲလေ့ကျင့်ရေး၌ အိန္ဒိယနှင့်တောင်ကိုရီးယားကမ်းရိုးတန်းအစောင့်ရေယာဉ် ခုနစ်စင်းနှင့်တောင်ကိုရီးယားမှ ရဟတ်ယာဉ်တစ်စင်းပါဝင်ခဲ့ပြီး စုစုပေါင်း တပ်ဖွဲ့ဝင် ၇၉ ဦးပါဝင်ခဲ့သည်။

အကျိုးသက်ရောက်

အိန္ဒိယနှင့် တောင်ကိုရီးယားနှစ်နိုင်ငံတို့အနေဖြင့် ယခုကဲ့သို့ ပူးတွဲလေ့ကျင့်ရေး ပြုလုပ်မှုမှာ ဒုတိယအကြိမ်မြောက်ဖြစ်ပြီး ဒေသဆိုင်ရာ လုံခြုံရေးနှင့် ပင်လယ်ပြင် ကာကွယ်စောင့်ရှောက်မှုကိုလည်း အကျိုးသက်ရောက်မှု ဖြစ်စေကြောင်းသိရသည်။

အမ်အင်အေ၊ဆင်ဟွာ

ပင်လယ်ပြင် ညစ်ညမ်းမှုနှင့် ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများကို အိန္ဒိယနှင့် တောင်ကိုရီးယားနှစ်နိုင်ငံ ပူးတွဲလေ့ကျင့်နေစဉ်။
(ဓာတ်ပုံ-အင်တာနက်)

သီးနှံတစ်မျိုးမှ ဇီဝလောင်စာဆီ ဇမ်ဘီယာနိုင်ငံ၌ ထုတ်လုပ်မည်

လူဆာကာ ဇူလိုင် ၈

ဇမ်ဘီယာနိုင်ငံ အလယ်ပိုင်းအမ်ကူရှီပြည်နယ်တွင် ဇီဝလောင်စာဆီ ထုတ်လုပ်မည့် သီးနှံတစ်မျိုးကို စိုက်ပျိုးထားကြောင်း ဇမ်ဘီယာသတင်းနှင့် ပြန်ကြားရေးဌာနက ဖော်ပြသည်။

အမ်ကူရှီပြည်နယ် အခြေစိုက် သီးနှံ စိုက်ပျိုးရေးကုမ္ပဏီဖြစ်သော မာလီကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှုဖြင့် ဇီဝလောင်စာဆီ ထုတ်လုပ်မည့် ဂျာထရိုဖာအမည်ရှိ သီးနှံတစ်မျိုးကို စတင်စိုက်ပျိုးရန် စီမံကိန်းတစ်ရပ်ချမှတ်ခဲ့သည်။

ဖော်ပြ

ယခုအချိန်အထိ အဆိုပါခရိုင်တွင် လယ်သမားအချို့က ယင်းသီးနှံကို စိုက်ပျိုးထားပြီးဖြစ်ကြောင်း ဇမ်ဘီယာ အမျိုးသားလယ်သမားများသမဂ္ဂရှိ အမ်ကူရှီခရိုင်စီးပွားရေးမန်နေဂျာ မာတင်အမ်ဝမ်ဆာက ဇွန်၅ရက်က ပြောကြားချက်ကို ကိုးကား၍ သတင်းနှင့်ပြန်ကြားရေးဌာနက ဖော်ပြသည်။

လယ်သမား ၁၅ဦးခန့်အား နှစ်နှစ်အတွင်း အရွယ်ရင့်လာမည့် သီးနှံမျိုးစေ့များကိုပေးခဲ့ကာ အရွယ်ရင့်သည်အထိ ဂရုတစိုက်ပြုစုကြရန် မေတ္တာရပ်ခံထားကြောင်း အမ်ဝမ်ဆာက ပြောကြားသည်။

ဒီဇယ်ဆီ

ဇီဝလောင်စာဆီ ထုတ်လုပ်မည့် အဆိုပါသီးနှံမှ အစေ့ကို နောက်ပိုင်းတွင် သန့်စင်သည့်အရည်အဖြစ်မှ နောက်ဆုံးတွင် အင်ဂျင်ဒီဇယ်ဆီအဖြစ် ထုတ်လုပ်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ယင်းခရိုင်ရှိ အခြားလယ်သမားများသည်လည်း စိုက်ပျိုးရန် စိတ်ဝင်စားလာကြသဖြင့် ၎င်းတို့ကို မကြာမီ မျိုးစေ့များ ဖြန့်ဝေသွားမည်ဖြစ်ပြီး ကုမ္ပဏီအနေဖြင့်လည်း အပင်အရွယ်ရင့်သည်အထိ ပြုစုစိုက်ပျိုးရမည့် နည်းပညာကျွမ်းကျင်မှုအစီအမံများကို ပြသသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

မြန်မာ့အလင်း
နိုင်ငံတကာ သတင်းများ

တန်ဇန်းနီးယား၌ဖုန်းသုံးစွဲသူတိုးပွား

ဒါအစ္စဆလမ် ဇူလိုင် ၇

တန်ဇန်းနီးယားနိုင်ငံတွင် ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၆ခုနှစ်အတွင်းမိုဘိုင်းလ်ဖုန်းသုံးစွဲသူအရေအတွက် အဆ၃၀ ကျော် တိုးတက်ခဲ့ကြောင်း တန်ဇန်းနီးယား နိုင်ငံအစိုးရက ထုတ်ပြန်သော စာရင်းအင်းများ၌ ဖော်ပြ လိုက်သည်။

ဇူလိုင် ၄ရက် အင်္ဂါနေ့က ထုတ်ပြန်သော နောက်ဆုံးစာရင်းအင်းများအရ ဆယ်လူလာဖုန်းသုံးစွဲသူအရေအတွက်သည် အာဖရိကတိုက် အရှေ့ပိုင်းနိုင်ငံဖြစ်သော တန်ဇန်းနီးယားတွင် ၂၀၀၀ပြည့်နှစ်က ၁၂၆၄၆ဦးရှိခဲ့ရာမှ ယခုအခါ ဆယ်လူလာဖုန်းသုံးစွဲသူ ၃ဒသမ ၈သန်းအထိ တိုးမြင့်လာခဲ့ကြောင်း ဖော်ပြထားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

တရုတ်-အိန္ဒိယနယ်စပ် ကုန်သွယ်ရေးလမ်းပြန်လည်ဖွင့်လှစ်

ပြန်လည်ဖွင့်လှစ်လိုက်သော တရုတ်နှင့်အိန္ဒိယ နယ်စပ်ကုန်သွယ်ရေးလမ်းကိုတွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပေကျင်း ဇူလိုင် ၈

တရုတ်နှင့်အိန္ဒိယသည် ပိတ်ထားသော နယ်စပ်ကုန်သွယ်ရေးလမ်းကို ဇူလိုင် ၆ ရက်က ပြန်လည်ဖွင့်လှစ်လိုက်သည်။

ယင်းနယ်စပ်ကုန်သွယ်ရေးလမ်းသည် တိဗက်၏ စီဂါ့ဇင်စီရင်စုရှိ ရာဒုန်းဒေသနှင့် အိန္ဒိယဆစ်ကင်ပြည်နယ်တို့အကြား ဆက်သွယ်ထားပြီး ပင်လယ်ရေမျက်နှာပြင်အထက် ၄၅၄၅မီတာရှိ နာသူလာတောင်ကျော်လမ်းဖြစ်သည်။ ထို့အပြင် နှစ်နိုင်ငံလုံးစလုံးသည် နယ်စပ်ကုန်သွယ်ရေးဈေးများကိုလည်း ပြန်လည်ဖွင့်လိုက်ကြသည်။ ပြီးခဲ့သော ကြာသပတေးနေ့နံနက်က နယ်စပ်ကုန်သွယ်ရေးလမ်းဖွင့်ပွဲအပြီးတွင် နှစ်နိုင်ငံမှကုန်သည်များသည် ယင်းတောင်ကျော်လမ်းကိုဖြတ်၍ တစ်ဖက်နှင့်တစ်ဖက် ကူးလူးသွားလာခဲ့ကြသည်။

အဓိက

နာသူလာတောင်ကျော်လမ်းသည် တရုတ်နိုင်ငံမှတစ်ဆင့် အာရှအလယ်ပိုင်း ထိုမှတစ်ဆင့် ဥရောပအထိ ဆက်သွယ်ထားသော သမိုင်းဝင်ပိုးလမ်းမကြီး၏ အဓိကပင်မလမ်းမကြီးလည်းဖြစ်သည်။

ယင်းလမ်းမကြီးကို ပြန်လည် ဖွင့်လှစ်လိုက်ခြင်းသည် တရုတ်-အိန္ဒိယပူးပေါင်း ဆောင်ရွက်မှုများ တိုးပွားရန်အတွက် အရေးကြီးသော လုပ်ဆောင်မှုတစ်ရပ်ဖြစ်ကြောင်း၊ ထို့အပြင် နှစ်နိုင်ငံ နိုင်ငံရေးဆိုင်ရာ ယုံကြည်မှုအပြင် ကုန်သွယ်ရေးနှင့် စီးပွားရေးဆက်ဆံမှုများ ပိုမိုခိုင်မြဲလာမည်ဟု ရှန်ဟိုင်းရှိ ချင်းဟွာတက္ကသိုလ်မှ နိုင်ငံတကာလေ့လာရေး ကျွမ်းကျင်ပညာရှင် ကျန်ရောင်းက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဘရာဇီး၌ အမည်မသိ ဦးနှောက်ရောဂါဖြစ်ပွား ၁၃ ဦးသေဆုံး၊ ရှစ်ဦးဆေးရုံတင်ထားရ

ရီယိုဒီဂျနေးရိုး ဇူလိုင် ၈

ဘရာဇီးနိုင်ငံမြောက်ပိုင်း မာရင်ဟာအိုပြည်နယ်ရှိ အမ်ပါရာထရစ်မြို့ မြူနီစီပယ်ဆေးရုံတွင် အမည်မသိ ဦးနှောက်ရောဂါကြောင့် လူ ၁၃ ဦး သေဆုံးပြီး ရှစ်ဦးမှာ ဆေးရုံတင်ထားရကြောင်း မာရင်ဟာအိုပြည်နယ် ကျန်းမာရေးအာဏာပိုင်များ၏ ပြောကြားချက်ကို ကိုးကား၍ ဒေသခံမီဒီယာက ဇူလိုင် ၅ရက်တွင် ဖော်ပြသည်။

အဓိကဖြစ်ပွား

ယခုနှစ်အစတွင် စတင်တွေ့ရှိခဲ့သည့် အဆိုပါ ကြောက်မက်ဖွယ်ရောဂါလက္ခဏာကို ဘရာဇီးနိုင်ငံ မြောက်ပိုင်းပြည်နယ်၏ ဒုတိယအကြီးဆုံးမြို့ဖြစ်သော အမ်ပါရာထရစ်မြို့ဝန်းကျင်ရှိ ကျေးလက်ဒေသများတွင် အဓိကဖြစ်ပွားသည်ကို တွေ့ရကြောင်း သတင်းများတွင် ဖော်ပြပါရှိသည်။

မာရင်ဟာအိုပြည်နယ်မှ ဆရာဝန်များနှင့် ဇူလိုင် ၂ရက်က ရောက်ရှိလာကြသည့် ကျန်းမာရေးဝန်ကြီးဌာနမှ အာရုံကြောဆိုင်ရာ ပညာရှင်များသည် ရောဂါနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးလျက်ရှိသည်။ ၎င်းတို့သည် ရောဂါဖြစ်ပွားသူ၏သွေးနမူနာများကို ယူကာ ဓာတ်ခွဲခန်းတွင်စစ်ဆေးရှာဖွေခဲ့ကြသည်။ ရောဂါမှာ ကူးစက်တတ်သော ရောဂါမဟုတ်ကြောင်း၊ အချိန်မီကုသပါကမသေဆုံးနိုင်ကြောင်း ကျွမ်းကျင်သူများက ပြောကြားသည်။ ယင်းရောဂါကြောင့် သေဆုံးရသူ အများစုမှာ ကုသမှုချက်ချင်းမခံရသည့် ကျေးလက်ဒေသများတွင် နေထိုင်ကြသူများဖြစ်ပြီး ဆေးရုံသို့နောက်ဆုံး ရောက်လာချိန်တွင် ရောဂါမှာကျွမ်းနေပြီဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဒေါ်လာ၆သန်းအကုန်ကျခံ မင်္ဂလာဆောင်အခမ်းအနား စင်ကာပူနိုင်ငံ၌ ကျင်းပ

စင်ကာပူ ဇူလိုင် ၇

စင်ကာပူရှိ ရဇ်ကာလ်တွန် ဟိုတယ်တွင် ဇူလိုင် ၄ရက်ညနေခင်းက စင်ကာပူဒေါ်လာ ၁၀သန်းခန့် (အမေရိကန်ဒေါ်လာ၆သန်းခန့်) အကုန်အကျခံကာ ထိမ်းမြားလက်ထပ်မင်္ဂလာ အခမ်းအနားတစ်ရပ် ကျင်းပခဲ့ကြောင်း နယူးအေးရှား သတင်းဌာနက ဖော်ပြသည်။

စင်ကာပူသူ

သတို့သားမှာ အိန္ဒိယလူမျိုး သူဌေးကြီး၏ တစ်ဦးတည်းသောသားဖြစ်သူ အသက် ၂၇နှစ်ရှိ အဒတ်ချ်ဂါဘိုဒီယာနှင့် သတို့သမီးမှာ အသက် ၂၅နှစ်ရှိ စင်ကာပူသူ အင်ချာဒစ်ဝါနီရာဆိုသူဖြစ်ပြီး သူမ၏မိသားစုသည် ကမ္ဘာတစ်ဝန်းသို့ သံမဏိကုန်သွယ်ရေးလုပ်ငန်းဆောင်ရွက်သူများ ဖြစ်ကြကြောင်း၊ သူမသည် လန်ဒန် စီးပွားရေးကျောင်းမှ မဟာဘွဲ့ရရှိခဲ့သူဖြစ်ကြောင်း ဒေသမီဒီယာက ဖော်ပြသည်။

တွေ့ဆုံ

အဆိုပါစုံတွဲသည် လွန်ခဲ့သည့်နှစ် ဒီဇင်ဘာလက မိတ်ဆွေများအဖြစ် တွေ့ဆုံခဲ့ကြပြီး နောက်သုံးလအကြာတွင် စေ့စပ်ကြောင်းလမ်းခဲ့ကြသည်။ စေ့စပ်ပွဲတွင် ဂါဘိုဒီယာက ၎င်း၏ချစ်သူကို ၆ဒသမ ၅ကာရက်ရှိသည့် စေ့စပ်လက်စွပ်ကို ပေးခဲ့ပြီး လက်ထပ်ပွဲတွင် ၁၀ကာရက်ရှိ စင်ကာပူဒေါ်လာတစ်သန်း(အမေရိကန် ဒေါ်လာ၆၀၀၀၀၀ ခန့်)တန် လက်ထပ်စိန်လက်စွပ်တစ်ကွင်း ပေးခဲ့သည်။

အဆိုပါထိမ်းမြားလက်ထပ်ပွဲ အခမ်းအနားသို့ အိန္ဒိယမှ စင်ကာပူသို့ လေယာဉ်ဖြင့် ရောက်ရှိလာသူ ၃၀၀ကျော် အပါအဝင် လူ ၂၀၀၀ခန့် တက်ရောက်အားပေးခဲ့ကြကြောင်း သိရသည်။ အမ်အင်အေ၊ဆင်ဟွာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကြောင်ကိုကြွက်ကခြောက်လှန့်

ကြောင်အား ခြောက်လှန့်နေသော ကြွက်တစ်ကောင်ကို တွေ့ရစဉ်။(ယာပုံ)

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ရှန်စီပြည်နယ်ရှိ တိရစ္ဆာန်ဥယျာဉ်တစ်ခုတွင် အရှည် ၈၀စင်တီမီတာနှင့် အလေးချိန် ၉ကီလိုဂရမ်ရှိ တောင်အမေရိက ဇာတိဖြစ်သော ကြွက်တစ်ကောင်သည် ကြောင်လှောင်အိမ်အတွင်း ရောက်ရှိသွားစဉ် ကြောင်အား ခြောက်လှန့်နေခြင်းဖြစ်သည်။ **(အင်တာနက်)**

ဟော့ဒေါ့ပုံစံ မော်တော်ယာဉ်

ဝက်အူချောင်းညှပ်ပေါင်မုန့် ဟော့ဒေါ့ပုံစံ မော်တော်ယာဉ် တစ်စီးကို တွေ့ရစဉ်။(ဝဲပုံ)

အမေရိကန်နိုင်ငံ မစ်ချီဂမ်မြို့ရှိ ဟင်နရီဖို့ဒ်ပြတိုက်တွင် ပြသထားသော အိုစကာမာရီမီယာဆိုသူသည် ၁၉၃၆ခုနှစ်က တီထွင်ဖန်တီးခဲ့သည့် ဝက်အူချောင်းညှပ်ပေါင်မုန့် ဟော့ဒေါ့ပုံစံ မော်တော်ယာဉ်တစ်စီးကို တွေ့ရခြင်းဖြစ်သည်။ **(အင်တာနက်)**

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေး ကော်မတီ ရုံးခန်း (ဗဟန်း ၃လမ်းမှတ်တိုင်အနီး) တွင် ၁၀၁၃ ဦးလင်းလမ်း (၄၂) ရပ်ကွက် ဒဂုံမြောက်ပိုင်းနေ ဒေါ်တင်ကြည် (ဖြူး) ကျောင်းအုပ်ဆရာမကြီး(၅)နှစ်ပြည့်အား ရည်စူး၍ ခင်ပွန်း ဦးကိုမောင်မောင်၊ သမီးကြီး မသန္တာအောင် (လေကြောင်းတက္ကသိုလ်)၊ သမီးငယ် ဒေါက်တာခင်ဇေယျာမောင် (USA)၊ မြေး စုနန္ဒာထက် မိသားစုက ကျပ်၁၀၃၀၀၀ ကို အတွင်းရေးမှူး ဦးမောင်မောင်မြင့်သို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဇူလိုင် ၈

ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုကျောင်းတိုက် မဟာဂန္ထဝါစက ပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တ ဝိမလဗုဒ္ဓိနှင့် သံဃာတော်များအား သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ ဒုတိယဝန်ကြီး ဦးကျော်စိုး၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်နှင့် ဝန်ကြီးဌာနရှိ ဝန်ထမ်းမိသားစုများက ယနေ့နံနက်၁၀နာရီခွဲတွင် နေပြည်တော်ရှိ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကံမြင့်ကျောင်းတိုက် တရားပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၈

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက် သီရိမင်္ဂလာလမ်း ကံမြင့်ကျောင်းတိုက်၌ ဇူလိုင် ၉ရက်(ဝါဆိုလပြည့်နေ့)တွင် တိပိဋကဓမ္မဘဏ္ဍာဂါရိက အရှင်သိရိန္ဒာဘိဝံသ (ယော)ဆရာတော်ကလည်းကောင်း၊ ဇူလိုင်၁၀ရက်မှ ၁၂ရက်အထိ တိပိဋကကောဝိဒ စွန်းလွန်းဆရာတော် ဦးသုန္ဒရကလည်းကောင်းနိဗ္ဗာန်ရောက်ကြောင်း တရားများ ဟောကြားမည်ဖြစ်ရာ တရားလာရောက် နာယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

လသာ အထက(၁) ဗဟိုစံပြခန်းမတွင် ဇွန် ၂၆ရက်က ကျင်းပသော အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု အထိမ်းအမှတ် ဟောပြောပွဲတွင် စာစီစာကုံးပြိုင်ပွဲ၌ ဆုရရှိသော ကျောင်းသား တစ်ဦးအား မြို့နယ် ဥက္ကဋ္ဌ ဦးသိန်းထွန်းက ဆုချီးမြှင့်စဉ်။

(မြို့နယ် ပြန်/ဆက်)

နိုင်ငံတကာ အာကာသစခန်းယာဉ်၏အပြင်ဘက် အာကာသယာဉ်မှူးနှစ်ဦး လမ်းထွက်လျှောက်

ဒစ္စကာဗာရီ အာကာသလွန်းပြန်ယာဉ်နှင့် အတူလိုက်ပါသွားသော အာကာသယာဉ်မှူးများ ဖြစ်သည့် ပီယာ့စ်ဆဲလ်လားစ်နှင့် ဝိုက်ဖော့စ်ဆမ် **တို့သည် စနေနေ့က အာကာသသို့** လမ်းထွက်လျှောက်ကာ နိုင်ငံတကာ အာကာသစခန်းယာဉ်၏ အပြင်ပိုင်းကို ပြုပြင်ပေးခဲ့ကြသည်။ (အောက်ပုံ)

ပြုပြင်ပေးခဲ့

အဆိုပါ အာကာသယာဉ်မှူး နှစ်ဦးသည် လွန်းပြန်ယာဉ်၏ အပြင်ဘက်ရှိ စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ပေးနိုင်သည့် လက်တံကိုလည်း ပြုပြင်ပေးခဲ့သည်။

လမ်းထွက်လျှောက်ခဲ့ဖူး

ယင်းတို့နှစ်ဦးသည် အာကာသ **တွင်းသို့ ခြောက်နာရီခွဲကြာအောင်** လမ်းလျှောက်ကြမည်ဟု မျှော်လင့်ရသည်။ ၎င်းတို့နှစ်ဦးအနက် ဖော့စ်ဆမ်သည် ပထမဦးဆုံး လမ်းထွက်လျှောက်ခြင်းဖြစ်ပြီး ဆဲလ်လားစ်မှာ ၂၀၀၂ ခုနှစ်က အဆိုပါလွန်းပြန်ယာဉ်ဖြင့် နိုင်ငံအာကာသစခန်းသို့ ရောက်ရှိစဉ် လမ်းထွက်လျှောက်ခဲ့ဖူးသူဖြစ်သည်။

ဒစ္စကာဗာရီ လွန်းပြန်ယာဉ်တွင် ပေ ၅၀ ရှည်သည့် စက်ရုပ်လက်တံ တစ်ခုပါရှိသည်။ ၎င်းလက်တံနှင့် ၁၅ မီတာရှည်သော စစ်ဆေးရေး လက်တံသစ် တစ်ခုနှင့် ချိတ်ဆက်မည်ဖြစ်ကြောင်း သိရသည်။

စစ်ဆေးမှုပြုလုပ်

ယင်းအာကာသယာဉ်မှူးများသည် နိုင်ငံတကာ အာကာသစခန်းယာဉ်နှင့် ဒစ္စကာဗာရီ လွန်းပြန်ယာဉ်တို့၏ အပြင်ဘက်၌ လမ်းထွက်လျှောက်ကာ စစ်ဆေးပြုပြင်မှုများ ပြုလုပ်သွားမည် ဖြစ်ကြောင်း သိရသည်။

(ကိုးကား-အင်တာနက်)

အင်တာနက် သတင်းနှင့် ဓာတ်ပုံ

■ *ကျောဖုံးမှ*

တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၈ရက် နံနက် ၉ နာရီက ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးလမ်းရှိ ကျောင်းကြီးကျောင်း ဓမ္မာရုံ၌ကျင်းပရာ ကြည့်မြင်တိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံး(ဗဟို)ဒုတိယဥက္ကဋ္ဌ ဦးစိန်လှမြိုင်(ဆိုင်း)၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံး(ဗဟို)ဒုတိယဥက္ကဋ္ဌဦးရဲဒွေး(ရုပ်သေး)နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် နာယကဦးအေးကြိုင်နှင့် ဦးစိန်ခင်လေး၊ ဥက္ကဋ္ဌ ဦးကိုကိုနိုင် (မွန်ပြည်နယ်ကိုကိုနိုင်)၊ ဒုတိယဥက္ကဋ္ဌ ဦးမိုးဇော်ကို (မိုးဇော်ကိုဆိုင်းအဖွဲ့)၊ အတွင်းရေးမှူး ဦးစိန်လေးနှင့် အလုပ်အမှုဆောင်အဖွဲ့ ၁၀ဦး ပါဝင်သော ကြည့်မြင်တိုင်မြို့နယ် သဘင်အစည်းအရုံးကို ဖွဲ့စည်းတာဝန်ပေးသည်။

အလားတူ ကမာရွတ်မြို့နယ် သဘင်အစည်းအရုံး တာဝန်းပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၈ရက် မွန်းလွဲ ၁ နာရီက ကမာရွတ်မြို့နယ် အေးချမ်းသာယာရေးနှင့်

"တိမ်မြုပ်နေတဲ့ သဘင်ပညာရှင်တွေကို ဖော်ထုတ်ပြီး လက်တွဲဆောင်ရွက်သွားမယ်"

ဦးစိန်ကြယ်မိုး (ဆိုင်းဆရာ)ဥက္ကဋ္ဌ
ကမာရွတ်မြို့နယ် သဘင်အစည်းအရုံး
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ကျင်းပရာကမာရွတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံသဘင် အစည်းအရုံး (ဗဟို) ဒုတိယဥက္ကဋ္ဌများ ဖြစ်သော ဦးစိန်လှမြိုင်(ဆိုင်း)နှင့် ဦးရဲဒွေး (ရုပ်သေး) တို့ အပြင် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

တာဝန်ပေး

ယင်းအခမ်းအနား၌ ဥက္ကဋ္ဌ ဦးစိန်ကြည်မိုး၊ အတွင်းရေးမှူး မြန်မာပြည်ကျောက်စိမ်းနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင် ၁၃ဦး ပါဝင်သော ကမာရွတ်မြို့နယ် သဘင်အစည်းအရုံးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြန်သည်။

ထိုသို့ မြို့နယ်သဘင် အစည်းအရုံးများဖွဲ့စည်းတာဝန်ပေးအပ်ရမှုနှင့် ပတ်သက်၍ မြန်မာနိုင်ငံ သဘင်အစည်းအရုံး(ဗဟို)ဒုတိယဥက္ကဋ္ဌ ဦးစိန်လှမြိုင်က "ရိုးရာသဘင်ပညာရပ်ဟာ အမျိုးသားပိုင်ပညာရပ်လဲ ဖြစ်တယ်၊ အစဉ်အဆက်က ထိန်းသိမ်းခဲ့တဲ့ ရိုးရာသဘင်အနုပညာအမွေကို လက်ဆင့်ကမ်း တာဝန်ယူထမ်းဆောင်နိုင်အောင် မြို့နယ်အတွင်း သဘင်ပညာသည်များ စည်းလုံးညီညွတ်မှုရှိရှိနဲ့ နိုင်ငံတော်အကျိုး၊ ပြည်သူအကျိုးကို ထမ်းဆောင်နိုင်အောင် အခုလိုဖွဲ့စည်းပေးရတာပါ"ဟုမြန်မာ့အလင်းသို့ရှင်းပြသည်။

ဖွဲ့စည်းပေးခဲ့

တစ်ဖန်မြန်မာနိုင်ငံ တစ်ဝန်းတွင် သဘင်အစည်းအရုံးများဖွဲ့စည်းပြီးမှုနှင့် ပတ်သက်၍ မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး(ဗဟို)ဒုတိယဥက္ကဋ္ဌ ဦးရဲဒွေး(ရုပ်သေးပညာ) က "တစ်နိုင်ငံလုံးမှာ မြို့နယ်သဘင် အစည်းအရုံးအဖွဲ့ပေါင်း ၁၅၀ကို ဖွဲ့စည်းပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ သဘင်အဖွဲ့ဝင်များအနေဖြင့် တစ်နိုင်ငံလုံးတွင် လေးသောင်းခုနစ်ထောင်ခန့် ရှိနေပြီဖြစ်ကြောင်း၊ ကျန်ရှိနေသေးသော မြို့နယ်များကို ဆက်လက်ဖွဲ့စည်းပေးနိုင်ရန် ကြိုးစားလျက်ရှိကြောင်း" ပြောကြားသည်။

ထို့နောက် ကြည့်မြင်တိုင်မြို့နယ် သဘင်အစည်းအရုံး ဥက္ကဋ္ဌ ဦးကိုကိုနိုင် (မွန်ပြည်နယ်-ကိုကိုနိုင်) ကလည်း "နိုင်ငံတော်နဲ့ ဗဟိုအဖွဲ့က ချမှတ်ပေးတဲ့ သဘင်ဆိုင်ရာ တာဝန်တွေကို အကောင်အထည်ဖော်ပေးရမယ်။ မြို့နယ်အတွင်းမှာ သဘင်ပညာသည် အဖွဲ့ဝင်တွေ တိုးပွားလာအောင် ဆောင်ရွက်သွားမယ်"ဟု မြန်မာ့အလင်းသို့ ပြောကြားခဲ့သည်။

လက်တွဲဆောင်ရွက်

ထို့အပြင် ကမာရွတ်မြို့နယ် သဘင်အစည်းအရုံး ဥက္ကဋ္ဌ ဦးစိန်ကြယ်မိုး (ဆိုင်းဆရာ)ကလည်း "နိုင်ငံတော်က ကျင်းပပေးနေတဲ့ ဆို၊ က၊ ရေး၊ တီးပွဲတွေမှာ တာဝန်ပိုပြီးယူရတော့မယ်၊ တိမ်မြုပ်နေတဲ့ သဘင်ပညာရှင်တွေ၊ ပညာသည်တွေကို မြို့နယ်အတွင်းမှာ တက်နိုင်သမျှ ဖော်

"မြို့နယ်အတွင်းမှာ သဘင်ပညာသည်အဖွဲ့ဝင်တွေ တိုးပွားလာအောင် ဆောင်ရွက်သွားမယ်။"

ဦးကိုကိုနိုင် (မွန်ပြည်နယ်-ကိုကိုနိုင်) ဥက္ကဋ္ဌ
ကြည့်မြင်တိုင်မြို့နယ် သဘင်အစည်းအရုံး
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ထုတ်ပြီး လက်တွဲဆောင်ရွက်သွားမယ်"ဟု ပြောကြားသည်။

မြန်မာ့သဘင်လောက အစဉ်အမြဲ ရှင်သန်လန်းဆန်းနေစေရန် မြို့နယ်သဘင်အစည်းအရုံးများနှင့် သဘင်ပညာသည်များက မြန်မာနိုင်ငံ သဘင်အစည်းအရုံး(ဗဟို)နှင့် တက်တက်ကြွကြွ ပူးပေါင်းကာ ကြိုးစားအကောင်အထည်ဖော်လျက်ရှိကြပါကြောင်း ရေးသားလိုက်ပါသည်။ ။

(မြန်မာ့အလင်း)

ကမာရွတ်မြို့နယ် သဘင်အစည်းအရုံး တာဝန်ပေးအပ်ပွဲ အခမ်းအနား ကျင်းပစဉ်။

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

မြစ်ရေကြီးမှု ကိုတင်သတိပြု

၂၀၀၆ ကမ္ဘာ့ဖလားဗိုလ်လုပွဲနှင့် သူတို့အမြင်

ရန်ကုန် ဇူလိုင် ၈

တစ်ကမ္ဘာလုံးက မျှော်လင့်စောင့်စားလျက်ရှိသော ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ နောက်ဆုံး ဗိုလ်လုပွဲကြီးကို ယနေ့ယှဉ်ပြိုင်ကစားကြတော့မည်ဖြစ်သည်။ ဗိုလ်လုပွဲတွင် ပြင်သစ်နှင့်အီတလီတို့ အပြိုင်နွှဲကြမည်ဖြစ်ရာ မြန်မာ့အလင်း ဘောလုံးပရိသတ်ကြီးအတွက် ကမ္ဘာ့ဖလားရင်ခုန်သံချင်း ညှိနိုင်ရန် အလွှာအသီးသီးမှပုဂ္ဂိုလ်များအား သွားရောက်တွေ့ဆုံမေးမြန်းမှုများကို ဖော်ပြလိုက်ပါသည်။

“ပြင်သစ်ကို သဘောကျတယ်၊ ကစားတာ တည်ငြိမ်တယ်၊ တစ်ဦးချင်း နိုင်နိုင်နင်းနင်း ထိန်းကစားနိုင်တယ်၊ အီတလီအသင်း လူငယ်တွေနဲ့ ဖွဲ့စည်းထားတဲ့အတွက် ကစားတာမြန်တယ်၊ အဆုံးသတ်မှာ ပြင်သစ်တို့က ကောင်းတယ်၊ အချိန်ပိုအထိ ရောက်သွားနိုင်တယ်၊ ပြင်သစ်တို့ ချန်ပီယံထပ်ဖြစ်ဖို့ အလေးသာတယ်”

ဦးအေးကြူ (နည်းပြ မြန်မာအမျိုးသမီးလက်ရွေးစင်ဘောလုံးအသင်း)

“ကျွန်တော်က အီတလီကို ကြိုက်တယ်၊ ဒါပေမယ့် ဒီပွဲမှာ ပြင်သစ်နိုင်မယ်၊ ပြင်သစ် ကစားပုံက အဆင့်မြင့်ပါတယ်၊ ပြိုင်ဘက်အသင်းကို ကြည့်ပြီး အလိုက်သင့် ကစားနည်းပြောင်းပြီး ကစားတတ်တယ်၊ နောက်ပြီး တစ်ဖက်အသင်းကို ဘယ်လို ထိန်းချုပ်ရမယ်ဆိုတာသိတယ်၊ မိနစ်၉၀အတွင်းမှာပဲ အရှုံးအနိုင်ပေါ်သွားမှာပါ။ ပြင်သစ်ဗိုလ်စွဲမယ့်ပွဲပါ”

သုမောင်

(သရုပ်ဆောင်၊ အဆိုတော်နှင့်စာရေးဆရာ)

“အီတလီက စုစည်းမှုကောင်းတယ်၊ တိုက်စစ်၊ ခံစစ်မျှတယ်၊ အဆုံးသတ်ပိုင်းမှာ ပြင်သစ် ပိုကောင်းတယ်ဆိုပေမယ့် အီတလီတို့က ပွဲချိန်မိနစ်၉၀အတွင်း အဖြေထွက်အောင် ကစားသွားမယ်လို့ ထင်တယ်၊ အီတလီ ချန်ပီယံဖြစ်မယ့်ပွဲပါ”

အေးနန္ဒာလှိုင်

(မြန်မာ့လက်ရွေးစင်အမျိုးသမီးဘောလုံးအသင်း)

“အနားယူတော့မယ့် ဘောလုံးသမားတွေ ပြင်သစ်မှာ များတယ်၊ ဇီဒန်း၊ လီလီသူရမ်၊ အွန်နရီ၊ မက်ခီလီလီ၊ ဗီယာရာတို့က သူတို့ရဲ့နောက်ဆုံးပွဲမှာ အနိုင်နဲ့ပိုင်းမှာပဲ၊ အစွမ်းကုန်ကြိုးစားပြီး ကမ္ဘာ့ဖလားကို ရအောင်ယူမှာပဲ၊ ပြင်သစ်တို့အနိုင်ရပြီး ကမ္ဘာ့ဖလား ယူသွားမယ်လို့ ထင်တယ်” **လာကျဲအိုလွယ်**

(မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း)

တွေ့ဆုံမေးမြန်းသူ - မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ - တင်စိုး (မြန်မာ့အလင်း)

“နှစ်သင်းစလုံး ခက်ခက်ခဲခဲ ကစားရမယ့်ပွဲပဲ၊ တကယ်ခွန်အားသုံးပြီး အကြိတ်အနယ်ကစားရရင် လူငယ်တွေဖြစ်တဲ့ အီတလီအသင်း အနိုင်ရမယ်၊ ဒီအဆင့်ရောက်လာမှတော့ အီတလီတို့ ပြင်သစ်ကို အနိုင်ယူပြီး ကမ္ဘာ့ဖလား ရယူသွားမှာပါ။ နိုင်ရင် တောင်မှ အီတလီတို့ ကပ်ပြီးအနိုင်ရသွားနိုင်မယ်လို့ထင်တယ်” **စန်းစန်းမော်**

(မြန်မာအမျိုးသမီး ဘောလုံးအသင်းခေါင်းဆောင်)

“လူငယ်တွေနဲ့ဖွဲ့စည်းထားတဲ့ အီတလီအသင်း နိုင်ခြေရှိတယ်၊ ဗိုလ်လုပွဲဆိုတော့ အမှားမခံဘူး၊ ကစားအားနဲ့ ကစားပုံ အီတလီကို ပြင်သစ် မယှဉ်နိုင်ဘူး၊ အတွေ့အကြုံရင့်ကျက်မှုအပိုင်းမှာ ပြင်သစ်သာတယ်၊ ဒါပေမယ့် အီတလီနိုင်မယ့်ပွဲပါ”

ကိုကိုအောင်(ဂိုး)

(မြန်မာ့လက်ရွေးစင် ဘောလုံးအသင်း)

“အီတလီအသင်းက ရှေ့၊ လယ်၊ နောက် ညီညွတ်မျှတတယ်၊ လူငယ်တွေလဲများတယ်၊ ကစားအားလဲရှိတယ်၊ ပြင်သစ်တို့ကို တောက်လျှောက် မြန်နှုန်းမြင့်ကစားရင် အီတလီ နိုင်မယ်၊ တစ်ခုရှိတာက ပြင်သစ်ကစားကွက်ထဲ မျောပါမသွားဖို့ပဲ၊ လေးလေးမှန်မှန်နဲ့ ကစားတတ်တဲ့ ပြင်သစ်ကစားကွက်ထဲ ဝင်သွားရင်တော့ အီတလီရှုံးမယ်၊ အကြိုက်ကတော့ အီတလီပါ”

ဦးခင်မောင်တင့်

(နည်းပြ၊ ၁၇နှစ် အောက် မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်း)

“အီတလီနောက်တန်းက အံ့သြဖွယ်ကောင်းအောင် တောင့်တင်းပါတယ်၊ ပြင်သစ်တို့မှာ အတွေ့အကြုံများတဲ့ ကစားသမားတွေရှိပေမယ့် ခြေကျနေပါပြီ၊ တစ်ပွဲကောင်း ကစားနိုင်တဲ့သူတွေပါ၊ တကယ်တမ်း အကြိတ်အနယ်ကစားရင် ပြင်သစ် မယှဉ်နိုင်ပါဘူး၊ အီတလီ နိုင်သွားမှာပါ”

ကျော်ဇေယျာမင်း

(နောက်တန်း၊မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း)

“အရှေ့၊ အလယ်၊ အနောက် ညီညွတ်တဲ့ အီတလီကို ပိုကြိုက်တယ်၊ အီတလီနောက်တန်းက အရမ်းတောင့်တင်းတယ်။ ဒါကြောင့် ပြင်သစ်တို့ အဝေးကန်ဘောတွေနဲ့ ဂိုးရအောင်သွင်းမယ့် အနေအထားရှိတယ်၊ ဒီနှစ်သင်းက ခြေရည်တူတော့ အချိန်ပိုအထိ ရောက်သွားနိုင်တယ်၊ အီတလီ အရေးသာနိုင်ပါတယ်” **ရီဝေယံ (ရုပ်ရှင်သရုပ်ဆောင်)**

“အီတလီနဲ့ပြင်သစ်တို့က ကမ္ဘာ့ဖလားချန်ပီယံ ဖြစ်ခဲ့သူတွေချည်းပဲ၊ နှစ်သင်းစလုံး ဗိုလ်စွဲနိုင်တဲ့ အနေအထားရှိတယ်၊ ကစားအားနဲ့ စိတ်ဓာတ်အပိုင်းမှာ အီတလီ သာတယ်၊ အတွေ့အကြုံနဲ့ပါးနပ်မှုမှာ ပြင်သစ်က သာတယ်၊ မက်ခီလီလီနဲ့ အွန်နရီတို့ ခြေစွမ်းပြနိုင်ရင် ပြင်သစ်ဗိုလ်စွဲမယ်”

[မောင်ရဲဝင်း (ဦးထွန်းသာ) သတင်းစာဆရာနှင့် ဝါရင့်အားကစားကလောင်ရှင်]

“ခြေစွမ်းနဲ့သမ္မာသိပ်မကွာတဲ့ ထိပ်သီးနှစ်သင်းတွေ့ဆုံတာဖြစ်လို့ အကြိတ်အနယ်ရှိမယ့်ပွဲ ဖြစ်ပါတယ်။ အီတလီက ကစားပုံမာကျောပြီး စိတ်ဓာတ်ကြံ့ခိုင်တယ်၊ ခြေစွမ်းတည်ငြိမ်တယ်၊ ကံကလဲ ကောင်းနေတယ်၊ ဩစတြေးလျနဲ့ပွဲ၊ ဂျာမနီနဲ့ပွဲတွေမှာ နောက်ဆုံးမိနစ်က အဖြေတွေနဲ့ နိုင်လာခဲ့တယ်။ ပြင်သစ်ကလဲ ရှုံးထွက်ကစပြီး သိသိသာသာ ခြေစွမ်းထက်မြက်လာတယ်။ အီတလီက အိမ်ရှင် နာမည်ကြီးဂျာမနီကို ဆီမီးမှာ နိုင်ခဲ့သလို ပြင်သစ်ကလဲ လက်ရှိချန်ပီယံ နာမည်ကြီး ဘရာဇီးကို ကွာတားမှာ နိုင်ခဲ့တယ်။ နည်းပြချင်းယှဉ်ရင် အီတလီနည်းပြလစ်ပီက ပိုဝါရင့်ပြီး ဉာဏ်များတယ်။ ပြင်သစ်နည်းပြထက် နည်းနည်းသာတယ်။ ဂိုးသမားမှာလဲ အီတလီမှ ဘူဖွန်က ပြင်သစ်ထက် နည်းနည်းသာတယ်။ နောက်တန်းတောင့်တာချင်းတူပေမယ့် အီတလီနောက်တန်းက နည်းနည်းပိုတောင့်တင်းတယ်။ အမေရိကန်နဲ့ပွဲမှာ ကိုယ့်ဂိုးကိုယ်သွင်းတဲ့ တစ်ဂိုးကလွဲပြီး ဘယ်အသင်းမှ သူ့ကိုဂိုးမသွင်းနိုင်သေးဘူး။ အလယ်တန်းနဲ့ ရှေ့တန်းက နှစ်သင်းလုံး အတူတူလောက်ပဲ။ ဒါပေမယ့် ပြင်သစ်မှာ အနိုင်အရှုံးကို အဆုံးအဖြတ်ပေးနိုင်တဲ့ ထူးချွန်တိုက်စစ်မှူး အွန်နရီပါနေတယ်။

ချုံပြီးပြောရရင် အွန်နရီက အဆုံးအဖြတ်ဂိုး မသွင်းနိုင်ရင် အီတလီက နည်းနည်းသာနေပါတယ်။ ကျွန်တော်ကြိုက်တာကတော့ ပြင်သစ်ပါ။ ဒါပေမယ့် အချိန်ပိုအထိရောက်သွားနိုင်ပါတယ်။ နှစ်သင်းစလုံး ခံစစ်သိပ်ကောင်းတဲ့အတွက် ဂိုးရဖို့မလွယ်ပါဘူး။ ပယ်နယ်တီကန်ရတဲ့အဆင့်ရောက်ရင်တော့ အီတလီ အလေးသာသွားလိမ့်မယ်ထင်ပါတယ်”

ဒေါက်တာတင်ထွန်းဦး

(ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအားကစားကလောင်ရှင်များအဖွဲ့ချုပ်)

“ဇီဒန်းက ပြင်သစ်အသင်းကို ခေါင်းဆောင်မှု ပေးနိုင်သလို ခြေစွမ်းကလဲ တကယ့်လူငယ်တစ်ဦးလို ကစားနိုင်တုန်းပါပဲ၊ အီတလီ ခံစစ်ကောင်းပေမယ့် ဇီဒန်းကြောင့် အခွင့်အရေးတွေ အများကြီးရသွားနိုင်ပါတယ်၊ ဇီဒန်းနဲ့ အွန်နရီ တွဲလုံးက ဂိုးတွေရသွားအောင် ဖန်တီးပေးနိုင်ကြမှာပါ၊ ပြင်သစ်အနိုင်ရပြီး ကမ္ဘာ့ဖလား ယူသွားမယ်လို့ ထင်တယ်”

ဇင်မာဝင်း

(မြန်မာ့လက်ရွေးစင်အမျိုးသမီးဘောလုံးအသင်း)

9-7 (07).p65 1 1/11/32, 10:30 PM

ဒေသဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းအကောင်အထည်ဖော် မိုးစပါး၊ နွေစပါးအပြင် လက်ဖက်နှင့် ကြက်ဆူပင်များတိုးချဲ့စိုက်ပျိုး

နေပြည်တော် ဇူလိုင် ၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့နယ်ရှိ တောင်ပေါ်ကျေးရွာငါးအုပ်စုအတွက် လက်ဖက်နှင့် ခြံစည်းရိုးကြက်ဆူပျိုးပင်ပေးအပ်ပွဲနှင့် စုပေါင်းစိုက်ပျိုးပွဲကို ဇွန် ၂၁ ရက် နံနက် ၉ နာရီတွင် ကျိုင်းတုံမြို့နယ် ကျိုင်းတုံ-မိုင်းခုတ် ကားလမ်း မိုင်တိုင်အမှတ် ၂၅ ရှိ အာမုဒေကျေးရွာစံပြစိုက်ခင်း၌ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တောင်ပေါ်ကျေးရွာငါးအုပ်စုမှ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဖြစ်ထွန်းအောင်မြင်

ရှေးဦးစွာ တိုင်းမှူးက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့် ဒေသတွင်း မိုးစပါး၊ နွေစပါးတိုးချဲ့စိုက်ပျိုးရေးအပြင် လက်ဖက်နှင့် ကြက်ဆူပင်များကိုလည်း ဖြစ်ထွန်းအောင်မြင်အောင် စိုက်ပျိုးကြရေး အကျယ်တဝင့် အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးအေးသိန်းက လက်ဖက်ပင်နှင့် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပြည်နယ် သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဆယ်က ဒေသတွင်း သစ်တောပြုန်းတီးမှုတားဆီးကာကွယ်ရေးဆိုင်ရာများကိုလည်းကောင်း၊ ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးမြင့်နိုင်က ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်မှုများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင် ကျိုင်းတုံမြို့နယ်ရှိ တောင်ပေါ်ကျေးရွာ ငါးအုပ်စုအတွက် လက်ဖက်နှင့် ခြံစည်းရိုးကြက်ဆူပင် ပျိုးပင်ပေးပွဲနှင့် စုပေါင်းစိုက်ပျိုးပွဲတွင် ကျေးရွာကိုယ်စားလှယ်များအား ခြံစည်းရိုးကြက်ဆူပျိုးပင်များ ဝေငှပေးအပ်စဉ်။ (သတင်းစဉ်)

ထောက်ပံ့ပေးအပ်

ထို့နောက် တိုင်းမှူးက တောင်ပေါ်ကျေးရွာ ငါးအုပ်စုတွင် စိုက်ပျိုးရန်အတွက် လက်ဖက်ပျိုးပင် ၃၅၀၀၀နှင့် ခြံစည်းရိုးကြက်ဆူပျိုးပင်၁၉၀၀၀ အပါအဝင် ကောက်ညှင်းဆန်အိတ် ၄၀ နှင့် အိမ်သုံးဆေးဝါးများကို ထောက်ပံ့ပေးအပ်ရာ ကျေးရွာကိုယ်စားလှယ်များက အသီးသီး လက်ခံကြသည်။

ဆက်လက်၍တိုင်းမှူးက လက်ဖက်ပင်နှင့် ခြံစည်းရိုးကြက်ဆူပင်များကို သတ်မှတ်နေရာများတွင် စတင်စိုက်ပျိုးပေးပြီး တက်ရောက်လာကြသူများ၏ လှေကားထစ် လက်ဖက်စိုက်ခင်းနှင့် ခြံစည်းရိုး ကြက်ဆူစိုက်ခင်းအတွင်း လက်ဖက်နှင့် ကြက်ဆူပျိုးပင်များ စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးသည် နမ့်အင်းကျေးရွာအုပ်စုခြံစည်းရိုးကြက်ဆူပျိုးဥယျာဉ်၌ ကြက်ဆူပျိုးပင် ၉၁၅၀ ရှင်သန်ဖြစ်ထွန်းမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် တိုင်းမှူးသည် အာမုဒေကျေးရွာယာယီ ရှင်းလင်းဆောင်၌ ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံ၍ အာမုဒေကျေးရွာ ဘက်စုံဖွံ့ဖြိုးတိုးတက်ပြီး စံပြကျေးရွာအဖြစ် အဆင့်တိုးတက်မြင့်မားရေးအတွက် ဒေသခံပြည်သူများနှင့်အတူ ဝိုင်းဝန်းပူးပေါင်းကြိုးပမ်း ဆောင်ရွက်ကြရေး မှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရှေ့ဖုံးမှ

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ ရန်ကုန်-သန်လျင် တံတားအမှတ်(၂) တည်ဆောက်ရေးစီမံကိန်းသို့ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေးစီမံကိန်း အထူးအဖွဲ့(၁) အင်ဂျင်နီယာမှူးကြီး(စီမံကိန်း) ဦးမြင့်လွင်နှင့် တာဝန်ရှိသူများက တံတားရေလယ်တိုင်များ တည်ဆောက်ပြီးစီးမှု၊ တိုင်အမှတ် P- 12 ဘိုးပိုင်တူးရန်အတွက် ငြမ်းဆင်ပြီးစီးမှု၊ တံတားအပေါ်ထည်လုပ်ငန်း ပြီးစီးမှု၊ ရက်မတန်းများနှင့် ရေလယ်တိုင်ကပ်ခုံများ ပြီးစီးမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက တံတားကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ချိန်အတွင်း ပြီးစီးရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန်နှင့် တံတားသည် ၇၅တန်ခံနိုင်ရည်ရှိသော တံတားဖြစ်၍ တံတားသို့ ဆက်သွယ်သည့်လမ်းများကိုလည်း တံတားနှင့်လိုက်လျောညီထွေရှိမည့် ကတ္တရာလမ်းများ အချိန်မီပြီးစီးရေး တစ်ပြိုင်တည်း တည်ဆောက်ရန် မှာကြားသည်။

တာဝန်ယူတည်ဆောက်

ရန်ကုန်-သန်လျင်တံတား အမှတ်(၂)သည် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ ပဲခူးမြစ်လမ်းမှ ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်ရှိ ကုလားဝဲကျေးရွာအနီးသို့ ဆက်သွယ် ဖောက်လုပ်ထားပြီး တံတားကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေးစီမံကိန်း အထူးအဖွဲ့(၁)က တာဝန်ယူ တည်ဆောက်လျက်ရှိသည်။

ယင်းတံတားသည် ချဉ်းကပ်လမ်းအပါအဝင် ပေ ၄၅၄၀ ရှည်ပြီး ခြောက်လမ်းသွားဖြစ်ကာ အကျယ်မှာ ၇၂ ပေရှိသည်။ တံတားတစ်ဖက်တစ်ချက်တွင် လူသွားလမ်း ခြောက်ပေစီရှိသည်။ တံတားအမျိုးအစားသည် အပေါ်နှင့်အောက်ဘက်တွင် သံကူကွန်ကရစ် အမျိုးအစားဖြစ်ပြီး အုတ်မြစ်မှာ သံကူကွန်ကရစ်လွန်တူးပိုင် အမျိုးအစားဖြစ်သည်။ တံတားအောက် ရေလမ်းကင်းလွတ်နယ်မြေသည် အကျယ်ပေ ၁၃၀ နှင့် အမြင့် ၁၈ ပေရှိပြီး တံတားခွင့်ပြု အလေးချိန်မှာ ၇၅ တန်ဖြစ်သည်။

တံတားကို မိုးတွင်းကာလဖြစ်သော်လည်း တံတားကို သတ်မှတ်ချိန်အမီ စံချိန်စံညွှန်းနှင့်အညီ ပြီးစီးရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယခုအခါ ၆၆ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း သိရှိရသည်။

အဆင့်မြှင့်တင်ဖောက်လုပ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေအား မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန စီမံကိန်းနှင့်ရေသန့်ဌာနခွဲ ညွှန်ကြားရေးမှူး ဦးအောင်ထွန်းက ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၏ ပဲခူးမြစ်ဘေးရှိ ကမ်းနားလမ်း ဖောက်လုပ်ပြီးစီးမှု၊ ရေတံခါးသုံးခု တည်ဆောက်ပြီးစီးမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ယင်းလမ်းသည် ရန်ကုန်-သန်လျင်တံတား အမှတ်(၂)နှင့် ရန်ကုန်-မန္တလေး အမှတ် (၂)လမ်းမကြီးတို့ ဆက်သွယ်ပေးသည့် လမ်းဖြစ်သဖြင့် တန်ချိန် ၇၅ တန်ရှိယာဉ်များ သွားလာနိုင်ရေးအတွက် ကြံ့ခိုင်မှု ရှိရန်လိုကြောင်း၊ လမ်းကိုအဆင့်မြှင့်တင် ဖောက်လုပ်ရန်နှင့် ပွင့်လင်းရာသီတွင် ပြီးစီးရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။

အဆိုပါ လမ်းသည် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် သရက်ပင်ချောင်းကျေးရွာနှင့် ငါးပိငါးခြောက်ဇုန်တို့မှ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် စက်မှုဇုန်တို့ကို ဆက်သွယ်ဖောက်လုပ်ထားပြီး ၄ ဒသမ ၄ မိုင်ရှည်လျားသည် လမ်းအကျယ်မှာ ၃၄ ပေနှင့် အမြင့် ၄ ပေရှိသည်။ ယခုအခါ ပေ ၈၀၀၀ ခန့်ကို ကွန်ကရစ်လမ်းအဖြစ် ဖောက်လုပ်ပြီးစီးသွားပြီး ကျန်အပိုင်းကိုလည်း ဂဝံလမ်းနှင့် မြေသားလမ်းအဆင့် ဖောက်လုပ်ပြီးစီးပြီးဖြစ်သည်။ ပွင့်လင်းရာသီအမီ ပြီးစီးရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ဖြည့်စွက်မှာကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်-သန်လျင်တံတားအမှတ်(၂)ပေါ်သို့ သွားရောက်၍ တံတားပြီးစီးမှုကို ကြည့်ရှုစစ်ဆေးရာ အင်ဂျင်နီယာမှူးကြီး(စီမံကိန်း)ဦးမြင့်လွင်က ရက်မတန်းများ ကွန်ကရစ်လောင်းနေမှု၊ ကွန်ကရစ်လောင်းပြီး ရက်မတန်းများကို တံတားတိုင်များပေါ်သို့ ရွှေ့ပြောင်းသယ်ယူရန် စီစဉ်ထားမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ညနေ ၃ နာရီတွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၉၃)ရပ်ကွက် ကမ်းနားလမ်းရှိ ရန်ကုန်အရှေ့ပိုင်းခရိုင် တစ်ဆက်တစ်စပ်တည်း ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်းသို့ ရောက်ရှိရာ ယာယီရှင်းလင်းဆောင်၌ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်တိုးက ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ ခြံစည်းရိုးကြက်ဆူပင်ကို လျာထားဧကထက် ကျော်လွန်အောင် စိုက်ပျိုးနိုင်မှု အခြေအနေများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်က ရန်ကုန်အရှေ့ပိုင်းခရိုင်၌ ခြံစည်းရိုးကြက်ဆူပင်ကို လျာထားဧကထက်ကျော်လွန်အောင် စိုက်ပျိုးနိုင်မှုအခြေအနေများနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို မှာကြားသည်။

ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးထား

ရန်ကုန်အရှေ့ပိုင်းခရိုင် တစ်ဆက်တစ်စပ်တည်း ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်းသည် ၃၈ ဧက၌ ခြံစည်းရိုးကြက်ဆူပင် ၄၅၆၀၀ ကို စိုက်ပျိုးထားသည်။

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ ခြံစည်းရိုးကြက်ဆူပင် ၅၄၄ ဒသမ ၆၇ ဧကတွင်အပင် ၆၃၅၆၀၀ ကို စိုက်ပျိုးရန်လျာထားသတ်မှတ်ပေးခဲ့ရာ ယခုအခါ ၅၈၄ ဒသမ ၆၆ ဧကတွင် အပင် ၇၀၁၆၀၀ ကို စိုက်ပျိုးနိုင်ခဲ့ပြီး စိုက်ပျိုးပြီးစီးမှုမှာ ၁၀၇ ဒသမ ၃ ရာခိုင်နှုန်း ဖြစ်သည်။

ရန်ကုန်အရှေ့ပိုင်းခရိုင်အနေဖြင့် ခြံစည်းရိုးကြက်ဆူပင်ဧက ၇၀၀၀ စိုက်ရန် လျာထားသတ်မှတ်ခဲ့ရာ ယခုအခါ ၇၂၁၄ ဒသမ ၈၃ ဧက၌ ၈၆၅၇၇၉၆ပင်ကို စိုက်ပျိုးနိုင်ခဲ့ပြီး စိုက်ပျိုးပြီးစီးမှုမှာ ၁၀၃ ဒသမ ၇ ရာခိုင်နှုန်းဖြစ်သည်။

ကျော့ဖုံးမှ

ခင်ဦးမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်သို့ ပေးပို့ခဲ့သည့် အဆိုပါ ခင်ဦးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ၁၁ ဦးတို့၏ နုတ်ထွက်လွှာတွင် NLD ပါတီ၏ လုပ်ရပ်များကြောင့် ၎င်းတို့အနေဖြင့် NLD ပါတီအပေါ် စိတ်ပါဝင်စားမှု မရှိတော့ကြောင်း၊ NLD ပါတီကိုလည်း ၎င်းတို့ ယုံကြည် အားထားမှု မရှိတော့၍ ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်အရှေ့ပိုင်းခရိုင် တစ်ဆက်တစ်စပ်တည်း ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်း၌ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက စုပေါင်း၍ ပေါင်းရှင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားကာ ညနေပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

ဝါဆိုသင်္ကန်းလှူဒါန်းပွဲနှင့် ရက် ၉၀ တရားစခန်းပွဲ

ရန်ကုန် ဇူလိုင် ၈

ပဲခူးတိုင်း ပဲခူးမြို့နယ် အင်းတကော် စံပြကျေးရွာအတွင်း တောင်ကိုးလုံး သဒ္ဓမ္မအလင်းရောင်ကျောင်းတိုက်၌ ပုရိမဝါ ဝါဆိုဝါကပ်ကြမည့် ဆရာတော် အရှင်ဇာဂရ [သာသနဓဇ ဓမ္မာစရိယ မဟာအကျော်၊ ဥပတောဝိဘင်္ဂရေ ပိဋကတ္တယပါရဂူ၊ မဟာဝိဇ္ဇာ (အိန္ဒိယ)]အမှူးပြုသော သံဃာတော်အပါး ၃၀ ကျော်တို့အား ဇူလိုင် ၉ ရက် (ဝါဆိုလပြည့်နေ့)တွင် ဝါဆိုသင်္ကန်းများလှူဒါန်းပြီး ဝါတွင်းသုံးလ ရက် ၉၀ တရားစခန်းဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၈ခုနှစ် ဝါဆိုလပြည့်နေ့(ဥပုသ်နေ့)

၉-၇-၂၀၀၆ရက် (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်

၇:၁၅ ၂။ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(အဖွဲ့ဝင်) ပုသိမ်မြို့၊ နိဂြောဓာရုံ ညောင်ပင်သာ ပရိယတ္တိစာသင်တိုက်၊ ပဓာန နာယကဆရာတော်အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိသုတ ဟောကြားတော်မူအပ်သော "လမ်းစဉ်ရှစ်ရပ်အကျင့်မြတ်တရားတော်"

၈:၁၅ ၅။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ

၈:၃၀ ၆။ International News

၈:၄၅ ၇။ Islands of Dhamma

၈:၅၀ ၈။ ဘဒ္ဒန္တကုမာရ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက) ဥက္ကဋ္ဌ ဆရာတော် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ မဟာဝိသုတာရာမတိုက်သစ် မကွေးမြို့ မကွေးတိုင်း ထံမှ နဝင်္ဂဥပေါသထ သီလခံယူဆောက်တည်ခြင်း

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး

၁၁:၁၀ ၂။ တေးဂီတအစီအစဉ်

၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်

၁၁:၄၀ ၄။ နိုင်ငံခြားကာတွန်း ဇာတ်လမ်းတွဲ "Doraemon"

၁၁:၅၅ ၅။ မြန်မာဗီဒီယိုဇာတ်လမ်း **"တိမ်ဖုံးပေမယ့်လသာသည်"** ကျော်သူ၊ ဝေဠုကျော်၊ ဆုပန်ထွာ (ဒါရိုက်တာ-မောင်နန္ဒ)

၁၃:၅၅ ၆။ အတီးပြိုင်ပွဲ

၁၄:၀၅ ၇။ မိုးယွန်းကြီး ရေထိန်းတံခါး

၁၄:၂၀ ၈။ **"အန္တရာယ်ကင်းစေ ဘေးရှင်းစေ"** လူမင်း၊ ဟန်နီထွန်း (ဒါရိုက်တာ-သက်တင်)

၁၄:၃၅ ၉။ ပန်းလှိုင်တံတား

၁၄:၄၅ ၁၀။ International News

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး

၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၁၆:၃၀ ၃။ ရန်ကုန်တိုင်း အမှတ်(၃)အခြေခံပညာဦးစီးဌာန၊ ဆဋ္ဌမအကြိမ်ဓမ္မစကြာ ဝတ်ရွတ်ပူဇော်ပွဲ (ဒုတိယဆု) (အထက-၁၊ ဒဂုံ) (အမျိုးသမီးဝတ်ရွတ်အဖွဲ့)

၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(သတ္တဗေဒအထူးပြု) [သတ္တဗေဒ]

၁၇:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက

၁၇:၁၀ ၆။ ဝါဆိုလဘွဲ့တေးများ

၁၇:၂၀ ၇။ ဆိုကြမယ်၊ပျော်ကြမယ်

၁၈:၀၀ ၈။ ညနေခင်းသတင်း

၁၈:၃၀ ၉။ မိုးလေဝသအခြေအနေ

၁၈:၃၅ ၁၀။ သီရိဂေဟာ

၁၉:၀၀ ၁၁။ Discovery

၁၉:၁၀ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ဖြူစင်မေတ္တာ"** (အပိုင်း-၁၂)

၂၀:၀၀ ၁၃။ ပြည်တွင်းသတင်း

၁၄။ နိုင်ငံတကာသတင်းများ

၁၅။ မိုးလေဝသအခြေအနေ

၁၆။ မဟာဝံသမြတ်ဗုဒ္ဓ (ဒုတိယပိုင်း) (တရားဦးရတနာ ဓမ္မစကြာနှင့် ဓမ္မဒူတ မိန့်ခွန်းတော်) (ကုဿာဆွေ စီစဉ်ရေးဖွဲ့ပူဇော်သည်)

၁၇။ သီတဂူဆရာတော် အရှင်ဉာဏိဿရ၏ ဓမ္မစကြာတရားတော်

၁၈။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာ ပွားများခြင်း တရားတော်



နယ်စပ်/စည်ပင်ဝန်ကြီးဌာန ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း

နေပြည်တော် ဇူလိုင် ၈

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန တေရသမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့် ဇနီး ဒေါ်ကျင်ခိုင် (ဝဲပုံ)တို့ တက်ရောက်ကြည်ညို၍ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ငါးပါးသီလခံယူ ဆောက်တည်

ရှေးဦးစွာ ပျဉ်းမနားမြို့ ဈေးကုန်းကျောင်းတိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကဝိသာရထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်တို့ ရွတ်ပွားသရဇ္ဈာယ်တော်မူသော ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် ဝန်ကြီးနှင့် ဇနီး၊ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ နှင့်ဝန်ထမ်းမိသားစု အလှူရှင်များက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အရဏ်ဆွမ်းဆက်ကပ်

ယင်းနောက် ဝန်ကြီးနှင့် ဇနီး အမှူးပြုသော ဌာနဆိုင်ရာ အကြီးအကဲများ၊ ဝန်ထမ်းမိသားစုများက ဆရာတော် သံဃာတော် အရှင်သူမြတ်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရေဦးမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် သင်းလုံးကျွတ် စည်းဝေးမည်

ရန်ကုန် ဇူလိုင် ၈

ရေဦးမြို့နယ်အသင်း(ရန်ကုန်) ၏ ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် သင်းလုံးကျွတ်အစည်းအဝေးကို ဇူလိုင် ၁၆ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်၊ မိုးညှင်းဝိပဿနာတိုက်သစ် ဓမ္မာရုံကြီး၌ ကျင်းပမည်ဖြစ်ရာ ရေဦးမြို့နယ်အသင်းသူ အသင်းသားများနှင့် မြို့နယ်သူ၊ မြို့နယ်သားများတက်ရောက်ကြရန်နှင့် ဆက်သွယ်လှူဒါန်းလိုသူများသည် ဗိုလ်မှူးကြီးဝင်းကြည် ဖုန်း-၂၄၆၅၅၁၊ ဦးကိုကိုကြီး-၅၀၁၇၁၁၊ ဦးသိန်းထွန်း ဖုန်း-၃၈၇၅၂၈၊ ဦးသန်းနွဲ့ ဖုန်း-၆၆၁၇၂၆၊ ဦးဘအုပ် ဖုန်း-၇၀၃၃၄၁ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် ယင်းနေ့တွင် နံနက်စာ တည်ခင်းဧည့်ခံမည်ဖြစ်သည်။ **(သတင်းစဉ်)**

ရှာရန်ရာနှုန်း ၈၀

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

တိုင်းရင်းသားလုပ်ငန်းရှင်များ၏ စီးပွားရေးလုပ်ငန်းများအတွက် လိုအပ်သောစက်သုံးဆီ စွမ်းအင်ဝန်ကြီးဌာနက ဖြန့်ဖြူးပေးလျက်ရှိ

နေပြည်တော် ဇူလိုင် ၈

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ဇူလိုင်၇ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ နိုင်ငံခြားငွေဖြင့် စက်သုံးဆီ ဝယ်ယူလျက်ရှိကြသည့်တိုင်းရင်းသားလုပ်ငန်းရှင်များနှင့် တွေ့ဆုံရှင်းလင်းပွဲသို့ တက်ရောက်သည်။

တက်ရောက်

အဆိုပါ ရှင်းလင်းပွဲသို့ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သန်းဌေး၊ စွမ်းအင် ဝန်ကြီးဌာနအောက်ရှိဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများ၊ စွမ်းအင်ဝန်ကြီးဌာနမှ နိုင်ငံခြားငွေဖြင့် စက်သုံးဆီ ဝယ်ယူလျက်ရှိသည့်တိုင်းရင်းသားလုပ်ငန်းကုမ္ပဏီ ၁၃၃ခုတို့မှ လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ကဏ္ဍအလိုက်ရှင်း

ရှေးဦးစွာ ဝန်ကြီးက နိုင်ငံတော်၏ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တိုင်းရင်းသားလုပ်ငန်းရှင်များ၏ စီးပွားရေးလုပ်ငန်းများတွင် လိုအပ်လျက်ရှိသော စက်သုံးဆီကို စွမ်းအင်ဝန်ကြီးဌာနက တင်သွင်းဖြန့်ဖြူးပေးလျက်ရှိသည့် လုပ်ငန်းများကို အသေးစိတ်ရှင်းလင်းပြီး ယနေ့ကမ္ဘာ့စက်သုံးဆီ ဈေးနှုန်းအခြေအနေ၊ စွမ်းအင်ဝန်ကြီးဌာနပိုင် သိုလှောင်ကန်များ၏ စက်သုံးဆီ သိုလှောင်နိုင်မှုနှင့် ဖြန့်ဖြူးပေးနိုင်မှု အခြေအနေများကို ဆွေးနွေးပြောကြားသည်။ ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သန်းဌေးနှင့်တာဝန်ရှိသူတို့က လုပ်ငန်းကဏ္ဍအလိုက်ရှင်းလင်း ပြောကြားကြသည်။

အစီအစဉ်အရ တိုင်းရင်းသားလုပ်ငန်းရှင်များ၏ မေးမြန်းချက်များကို ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည် ရှင်းလင်းပြောကြားကြပြီး လုပ်ငန်းရှင်များ၏ လုပ်ငန်း လိုအပ်ချက်၊ ဆွေးနွေးတင်ပြချက်များအပေါ် ဝန်ကြီးက ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက နိဂုံးချုပ် အမှာစကားပြောကြားကာ တွေ့ဆုံရှင်းလင်းပွဲကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇူလိုင်၄ရက်က မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ဈေးကြီးမိသားစု တတိယအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် ရွှာမပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တ နန္ဒာဝံသထံ ဈေးသာယာရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှအေး၊ အတွင်းရေးမှူး ဦးခင်မောင်လွင်နှင့် ကော်မတီဝင်များက ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ဝိပဿနာခုနစ်ရက် တရားစခန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၈

ကမ္မဋ္ဌာနာစရိယ ဆရာတော် အရှင် ဇေယျာနန္ဒ(ပုဂံ) ကြီးမှူး၍ မရမ်းကုန်းမြို့နယ် သမိုင်း ၁ ရပ်ကွက် ၂ လမ်း၊ ရတနာမဉ္ဇူဓမ္မရိပ်သာ၌ အနာဂါမ် ဆရာသက်ကြီးနည်းဖြင့် (မဟာသဒ္ဓမ္မ ဇောတိကဓဇ)ဆရာကြီး ဦးသန်း ဦးဆောင်ပြီး မြန်မာလပြည့်ကျော် ၈ ရက်နေ့တိုင်း ဖွင့်လှစ်မြဲဖြစ်သည့် (၅၁) ကြိမ်မြောက် ဝိပဿနာ ခုနစ်ရက် တရားစခန်းကို ဇူလိုင် ၁၇ ရက် နံနက် ၉ နာရီတွင်ဖွင့်လှစ်မည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း-၆၆၃၈၀၂ တို့သို့ ဆက်သွယ်စာရင်းသွင်းနိုင်ကြောင်းနှင့် တရားစခန်း ဖွင့်မည့်နေ့တွင် နံနက်၇နာရီထက် နောက်မကျစေဘဲ ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာအသင်းချုပ်သို့ မိမိတို့၏ အမျိုးသားမှတ်ပုံတင်များယူဆောင်ပြီး လာရောက်ကြပါက မော်တော်ယာဉ်များဖြင့် အခမဲ့ပို့ဆောင် ပေးရန် စီစဉ်ထားကြောင်း သိရသည်။ **(က-ပ)**

(၁၇)ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ ဖိတ်ခေါ်

ရန်ကုန် ဇူလိုင် ၈

(၁၇)ကြိမ်မြောက် အမျိုးသားရေး ဆောင်ပုဒ်၊ စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးကော်မတီက ၂၀၀၆ ခုနှစ်အတွက် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲများကို ကျင်းပပေးမည်ဖြစ်ကြောင်း သက်ဆိုင်ရာက ထုတ်ပြန်ကြေညာထားပြီးဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲ

ကျင်းပမည့်ပြိုင်ပွဲများမှာ ဝတ္ထုတို၊ ဆောင်းပါးနှင့် ကဗျာပြိုင်ပွဲ အခြေခံပညာအလယ်တန်းအဆင့်၊ အခြေခံပညာအထက်တန်းအဆင့်နှင့် တက္ကသိုလ်အဆင့် တပ်မတော်ဆိုင်ရာ အထွေထွေဗဟုသုတ ဉာဏ်စမ်းဖြေဆိုပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲ တို့ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲများအနက် ဝတ္ထုတို၊ဆောင်းပါးနှင့် ကဗျာပြိုင်ပွဲများအတွက် သတ်မှတ်ပေးထားသော ဦးတည်ချက်များမှာ နိုင်ငံတော်၏ ဦးတည်ချက်များအနက် လူမှုရေးဦးတည်ချက်(၄) ရပ်ဖြစ်သည်။

ပြိုင်ပွဲဝင်စာမူများအတွက် စာလုံးရေကန့်သတ်ချက်မှာ ဝတ္ထုတိုသည် စာလုံးရေ ၄၀၀၀ မှ ၈၀၀၀ အတွင်း၊ ဆောင်းပါးသည် စာလုံးရေ ၃၀၀၀ မှ ၅၀၀၀ အတွင်း၊ ကဗျာသည် စာလုံးရေ ၃၀၀ မှ ၉၀၀ အတွင်း ပါရှိရမည်ဖြစ်သည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲ၏ ခေါင်းစဉ်မှာ **"ဘက်စုံဖွံ့ဖြိုးတိုးတက်နေသော မြန်မာနိုင်ငံ"** ဖြစ်သည်။

ပြိုင်ပွဲဝင်လိုသူများ

ဝတ္ထုတို၊ ဆောင်းပါးနှင့် ကဗျာ ပြိုင်ပွဲဝင်လိုသူများသည် ပြိုင်ပွဲဝင်စာမူ နှစ်စောင်ကိုလည်းကောင်း၊ ဓာတ်ပုံ ပြိုင်ပွဲဝင်လိုသူများသည် အကြောင်းအရာ (Caption) နှင့်အတူ ၁၀ x ၁၂ လက်မ သို့မဟုတ် ၁၀x၁၄ လက်မထက်မငယ်သော အရွယ်အစား Print ပုံ လေးပုံအထိကိုလည်းကောင်း ပေးပို့ယှဉ်ပြိုင်နိုင်သည်။ ကိုယ်တိုင်ရေးစာမူဖြစ်ကြောင်း၊ ကိုယ်တိုင်ဓာတ်ပုံရိုက်ကူးကြောင်းနှင့် ပြည်တွင်း/ပြည်ပပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးခြင်းမရှိကြောင်းကို ဝန်ခံချက်၊ လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးမှတ်တမ်းအကျဉ်းတို့နှင့်အတူ အတွင်းရေးမှူး၊ အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးကော်မတီ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားပြည်လမ်း ရန်ကုန်မြို့သို့ ပေးပို့ရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်စာမူများကို ၂၀၀၆ ခုနှစ် စက်တင်ဘာ၃၀ရက်တွင်လည်းကောင်း၊ ပြိုင်ပွဲဝင် ဓာတ်ပုံများကို ၂၀၀၆ခုနှစ် အောက်တိုဘာ၃၀ရက်တွင်လည်းကောင်း နောက်ဆုံးထား၍ ပေးပို့ရန် သတ်မှတ်ထားသည်။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား ထိုက်ထိုက်တန်တန် ဆုချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကင်းအလက(၄)နှင့် အမက(၉)ဝါဆိုသင်္ကန်းကပ်

ရန်ကုန် ဇူလိုင် ၈

ရန်ကင်းမြို့နယ် (၁၆)ရပ်ကွက် အလက(၄)ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများ စုပေါင်း၍ ရွှေပြည်ဟိန်းကျောင်း ဆရာတော်နှင့် သံဃာတော်များအား ဝါဆိုသင်္ကန်း ဆက်ကပ်ခြင်းနှင့် ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးခန်းအတွက် အလှူတော်ငွေကျပ်နှစ်သိန်းလှူဒါန်းကြသည်။ အလားတူ အမက(၉)မှ စုပေါင်း၍ ရွှေပြည်ဟိန်းဆရာတော်နှင့် သံဃာတော်များအားဝါဆိုသင်္ကန်းဆက်ကပ်ကြောင်း သိရသည်။ **(က-ပ)**

ပြည်တွင်းအခွန်များ ဦးစီးဌာန ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ

ရန်ကုန် ဇူလိုင် ၈

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များ ဦးစီးဌာန ဝန်ထမ်းမိသားစုများ၏ (၂၆)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက် ၉နာရီက ရွှေတိဂုံဘုရား မြောက်ဘက်မုခ်ရှိ ပြည်တွင်းအခွန်များဦးစီးဌာန ဓမ္မာရုံတွင်ကျင်းပရာ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆန်းထွန်းနှင့် ဇနီးတို့အား အမှူးထား၍ ဝန်ထမ်းမိသားစုများက မဟာသုဝဏ္ဏကျောင်းတိုက် ဆရာတော် ဦးဉာဏိဿရနှင့် ပင့်သံဃာတော် ၁၀ပါးတို့အားနေ့ဆွမ်းနှင့်ဝါဆိုသင်္ကန်း အပါအဝင် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း) တိုးချဲ့မြေဝယ်ယူရန် ငွေများလှူဒါန်း

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း)တိုးချဲ့ မြေဝယ်ယူရန်အတွက် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ကျိုက္ကဆံရပ်ကွက် အနောက်မြင်းပြိုင်ကွင်းလမ်း အမှတ် ၁၂၁နေ ဦးအောင်ရွှေ-ဒေါ်ရီရီလင်း မိသားစုက အလှူတော်ငွေကျပ် တစ်သိန်းတစ်သောင်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အကျိုးတော်ဆောင်ဆရာတော် ဒေါက်တာအရှင်သုန္ဒရ(လုမ္ဗိနီ) ထံသို့ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း)တိုးချဲ့ မြေဝယ်ယူရန်အတွက် ကျောက်ပန်းတောင်းမြို့နေ(ဦးသန်းတင်၊ လဝက ဦးစီးအရာရှိအငြိမ်းစား) အားရည်စူး၍ ဇနီးဒေါ်တင်တင်လှ(ရန်ကုန်ဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့ အမှတ်စဉ် ၂၅/၂၀၀၅ ဈေးကွက်သစ်ရပ် အောင်ပုံနှိပ်တိုက် ကျောက်ပန်းတောင်း)မိသားစုက အလှူတော်ငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှူးဆောင်ဆရာတော်ဓမ္မာစရိယ အရှင်ကောသလ္လ(B.A)(မြန်အောင်)ထံသို့ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ရန်ကုန်မြို့ သုဝဏ္ဏ ပျဉ်းမမြိုင်လမ်း တိုက် ၂၆၈ အခန်း ၁ နေ မိခင်ကြီး ဒေါ်စိန်မြင့်အားရည်စူး၍ သမီး ဒေါ်မိမိခိုင်၊ ဒေါ်ရီမြင့်၊ သား-မောင်ရဲမြင့်မိသားစုတို့က အထွေထွေ ငွေပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ် ရေးအဖွဲ့ဝင် ဒေါ်ခင်သန်းချိုထံပေးအပ်လှူဒါန်းစဉ်။

(က-ပ)

လမြတ်ဝါဆို

ဦးကျော်စိန်(မန္တလေး)

"ဝါဆိုလ"သည် မြန်မာလ တစ်ဆယ့်နှစ်လတွင် စတုတ္ထမြောက် လ ဖြစ်၏။ **"ဝါ"**ဟူသည်မှာ ပါဠိ**"ဝဿ"**မှ တိုက်ရိုက်လာသော စကားဖြစ်၍ "နေခြင်း"ဟုအဓိပ္ပာယ်ရသည်။ **"ဆို"**ဟူသည် **"ရွတ်ဆိုခြင်း"**ဟု အနက်ရ၏။ မိုးတွင်းသုံးလ ရဟန်းတော်များ ဝါဆိုရာ ကျောင်း၌နေပါမည်ဟု အဆိုပြုသော လကို "ဝါဆိုလ"ဟု ခေါ်သည်။ ဝါဆိုလပြည့်နေ့သည် ကဆုန်လပြည့်နေ့နည်းတူ မဟာဗုဒ္ဓဝင်ဖြစ်စဉ်တွင် လွန်စွာထူးခြား၏။ ဘုရားအလောင်းတော်သည် တုသိတာနတ်ပြည်၌ စုတေပြီးသော် လူ့ပြည်၌ ပဋိသန္ဓေနေသည်မှာ ဝါဆိုလပြည့်နေ့ဖြစ်သည်။ နိမိတ်ကြီး လေးပါးကိုမြင်၍ တောထွက်တော်မူသည်မှာလည်း ဝါဆိုလပြည့်နေ့ဖြစ်သည်။ ဘုရားအလောင်းတော်သည် ဘုရားအဖြစ်သို့ ရောက်၍ ဓမ္မစကြာတရားဦး ဟောတော်မူသည်မှာလည်း ဝါဆိုလပြည့်နေ့ဖြစ်သည်။ အနတ္တလက္ခဏသုတ်တရားတော်ကို ဟောတော်မူသည်မှာ ဝါဆိုလပြည့်ကျော် ၅ ရက်နေ့ဖြစ်သည်။

လွန်ခဲ့သည့်နှစ်ပေါင်း ၂၅၉၅နှစ် မဟာသက္ကရာဇ် ၁၀၃ခုနှစ် ဝါဆိုလပြည့်နေ့ ညနေချမ်းအချိန်အခါတွင် သုံးလောကထွတ်ထား သဗ္ဗညု မြတ်စွာဘုရားသည် ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိ ဟူသော ပဥ္စဝဂ္ဂီငါးဦးတို့အား ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တော၌ တရားဦးဒေသနာ ဓမ္မစကြာကို ဟောကြားတော်မူခဲ့သည်။ ထိုတရားဦးဓမ္မစကြာသည် ဗုဒ္ဓ၏ဓမ္မလမ်းစဉ်ကို ဖော်ထုတ်ခြင်းဖြစ်သဖြင့် ဗုဒ္ဓဝါဒ စတင်ပေါ်ထွန်းရာ နေ့ထူးနေ့မြတ် ဖြစ်၏။ တရားရတနာ ပေါ်ထွန်းလာရာ နေ့ထူးနေ့မြတ်လည်းဖြစ်သည်။ အရှင်ကောဏ္ဍည ဧဟိဘိက္ခု ရဟန်းအဖြစ်သို့ ရောက်သောကြောင့် သံဃာရတနာ စတင်ပေါ်ပေါက်ရာ နေ့ထူးနေ့မြတ်လည်း ဖြစ်သည်။

မြတ်စွာဘုရားရှင်သည် တရားဦးဒေသနာတော်ကို အစွန်းတရား နှစ်ပါး ထုတ်ဖော်ခြင်းဖြင့် စတင်တော်မူသည်။ လူ့လောက အနှောင်အဖွဲ့တွေကို ဖြတ်တောက်၍ ရဟန်းအဖြစ် ရောက်ရှိပြီးသူတိုင်း အစွန်းတရား နှစ်ပါးကို မမှီဝဲအပ်၊ မပြုလုပ်အပ်ဟူ၍ ဟောကြားတော်မူခြင်းဖြစ်၏။ အစွန်းတရားနှစ်ပါးဟူသည် ကာမဂုဏ်ချမ်းသာတို့၌ ကပ်ငြိတွယ်တာပြီး လိုက်စားသောအကျင့်နှင့် မိမိ၏ခန္ဓာကိုယ်နှင့်စိတ်ကို ပင်ပန်းဆင်းရဲအောင် ပြုလုပ်သောအကျင့်တို့ဖြစ်သည်။ ထိုအစွန်းတရားနှစ်ပါးသည် လောကမှ လွတ်မြောက်ရေးအတွက် အကျိုးမပြီး အချည်းနှီးသော အကျင့်များဖြစ်ကြ၏။ ထို့ကြောင့် ထိုအစွန်းတရားနှစ်ပါးကို မမှီဝဲရန် မြတ်စွာဘုရားရှင် ဟောကြားတော်မူခြင်း ဖြစ်သည်။

မြတ်စွာဘုရားရှင်သည် တရားဦးဒေသနာ ဓမ္မစကြာ၌ အစွန်းတရား နှစ်ပါးကို ရှောင်ရှား၍ အလယ်အလတ်ဖြစ်သော မဇ္ဈိမပဋိပဒါလမ်းစဉ်ကို လိုက်နာကျင့်သုံးရန် လမ်းညွှန်မှု ပြုတော်မူ၏။ မဇ္ဈိမပဋိပဒါ အလယ်အလတ်လမ်းစဉ်ဆိုသည်မှာ"အမြင်မှန်ရအောင် အားထုတ်ခြင်း (သမ္မာဒိဋ္ဌိ)၊ ကောင်းမြတ်သောကုသိုလ် အကြံအစည်များကိုသာ ကြံစည်ခြင်း(သမ္မာသင်္ကပ္ပ)၊ ကောင်းမြတ်သော စကားကိုသာ ပြောဆိုခြင်း (သမ္မာဝါစာ)၊ ကောင်းသောအပြုအမူကိုသာ ပြုလုပ်ခြင်း (သမ္မာကမ္မန္တ)၊ အပြစ်မရှိ စင်ကြယ်သော အသက်မွေးမှုဖြင့် အသက်မွေးခြင်း (သမ္မာအာဇီဝ)၊ မှန်ကန်သော မြတ်သော အားထုတ်မှုကိုသာ ပြုလုပ်ခြင်း(သမ္မာဝါယမ)၊ မှန်ကန်သော အမှတ်ရမှု သတိပြုမှုကို ပြုလုပ်ခြင်း(သမ္မာသတိ)၊ မှန်ကန်သောစိတ်တည်ကြည်မှု သမာဓိဖြစ်အောင် ကြိုးစားခြင်း (သမ္မာသမာဓိ) ဟူသော မဂ္ဂင်ရှစ်ရပ် အကျင့်မြတ်ပင်ဖြစ်သည်။ ဤမဇ္ဈိမပဋိပဒါ အကျင့်မြတ်ကို ကျင့်ကြံအားထုတ်မှသာလျှင် သစ္စာလေးပါးကို သိမြင်ပြီး နောက်ဆုံး၌ အနုပါဒိသေသနိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန် စံဝင်ရခြင်းဟူသော အကျိုးထူးကို ဧကန်မုချ ရရှိမည်ဖြစ်၏"ဟု ဟောတော်မူပါသည်။

ဆင်းရဲခြင်းအမှန်တရား ဒုက္ခသစ္စာကို ဟောကြားတော်မူရာ၌ ပဋိသန္ဓေနေရခြင်း၊ အိုရခြင်း၊ ဖျားနာရခြင်း၊ သေရခြင်း အစရှိသည်ဟု ဆိုအပ်သော တဏှာကြဉ်သော ဥပါဒါနက္ခန္ဓာရုပ်နာမ်တရားတို့သည် ဆင်းရဲအမှန်"ဒုက္ခသစ္စာ"၊ ဆင်းရဲခြင်း၏ အကြောင်းမှန်တရား သမုဒယသစ္စာကို ဟောကြားရာတွင် ဘဝအသစ်ကို ဖြစ်စေတတ်သော နှစ်သက်ဖွယ်၊ သာယာဖွယ်နှင့် တကွဖြစ်အောင် ပြုလုပ်တတ်သော ထိုထိုဘုံဘဝ၌ တပ်မက်တတ်၊ နှစ်သက်တတ်သော တဏှာလောဘသည် ဆင်းရဲဒုက္ခဖြစ်ခြင်း၏ အကြောင်းအမှန် "သမုဒယသစ္စာ"၊ ဆင်းရဲငြိမ်း မှု အမှန်တရား နိရောဓသစ္စာကို ဟောကြားတော်မူရာတွင် အသင်္ခတဓာတ် နိဗ္ဗာန်တရားမြတ်သည် တဏှာလောဘချုပ်ငြိမ်းရာ ချုပ်ငြိမ်းကြောင်း အမှန် "နိရောဓသစ္စာ"၊ ဒုက္ခငြိမ်းအေး လမ်းစဉ်အမှန် မဂ္ဂသစ္စာကို ဟောကြားတော်မူရာတွင် မဂ္ဂင်ရှစ်ပါးမြတ်တရားသည် အသင်္ခတဓာတ် နိဗ္ဗာန်တရားမြတ်ကို အာရုံပြုသောအားဖြင့် ရောက်စေတတ်သော လမ်းကောင်း အကျင့်မြတ်အမှန် "မဂ္ဂသစ္စာ"ဖြစ်၏– ဟု ဟောကြားတော် မူပါသည်။

မြတ်ဗုဒ္ဓ၏ ဓမ္မစကြာဒေသနာတော်ကို ကြားနာရသဖြင့် ဝါဆိုလပြည့်နေ့တွင် အရှင်ကောဏ္ဍညသည် သောတပန် အရိယာအဖြစ်ရောက်ရှိ၍ ဧဟိဘိက္ခုရဟန်းအဖြစ်သို့ရရှိပါသည်။ ဝါဆိုလပြည့်ကျော် ၁ရက်နေ့၌ အရှင်ဝပ္ပသည်လည်းကောင်း၊ ဝါဆိုလပြည့်ကျော် ၂ ရက်နေ့၌ အရှင်ဘဒ္ဒိယသည်လည်းကောင်း၊ ဝါဆိုလပြည့်ကျော် ၃ ရက်နေ့၌ အရှင်မဟာနာမ်သည်လည်းကောင်း၊ ဝါဆိုလပြည့်ကျော် ၄ ရက်နေ့၌ အရှင်အဿဇိသည်လည်းကောင်း အသီးသီး သောတာပန် အရိယာအဖြစ်သို့ ရောက်ရှိကြပြီး ဧဟိဘိက္ခု ရဟန်းအဖြစ်ကို ရရှိကြပါသည်။

သဗ္ဗညုဘုရားရှင်သည် ဝါဆိုကာလအခါသမယတွင် ဓမ္မစကြာသုတ်တော်ဖြင့် သတ္တဝါအပေါင်းတို့အား လမ်းစဉ်များနှင့် လမ်းစဉ်မှန်နှစ်မျိုးကို ခွဲခြားပြတော်မူ၍ လမ်းစဉ်မှန်ဖြင့် သစ္စာသိမြင်စေပြီး နိဗ္ဗာန်သို့ ဝင်စေခဲ့ပါသည်။ သတ္တဝါအပေါင်းတို့အား သစ္စာသိမြင်စေရေးကို အဓိက ပိတ်ပင်ထားသော အချက်သည် လမ်းစဉ်မှားပင်ဖြစ်သည်။ ထိုလမ်းစဉ်မှားမှာလည်း"အတ္တ"သဘောကိုအခြေခံသောအချက်ဖြစ်သည်။ ထိုအချက်သည် သတ္တဝါအပေါင်းတို့အပေါ်၌ အရိုးစွဲပြီး အမြစ်တွယ်နေပေပြီ။ ထိုအမြစ်တွယ်နေသော အစွဲအလမ်းကြီးကို အမြစ်ရင်းမှ ဖြိုဖျက်ရန် ဤဝါဆိုကာလ အခါသမယ၌ပင် အနတ္တလက္ခဏသုတ်တော်ကို ဘုရားရှင် ဟောကြားတော်မူခဲ့ပါသည်။

"အတ္တ"ဟူသည်"ငါ၊ အလိုသို့လိုက်ပါခြင်း၊ မိမိဖြစ်ချင်သလို ဖြစ်ခြင်း"ဟုအဓိပ္ပာယ်ရပါသည်။ "အနတ္တ"ဟူသည် "ငါမဟုတ်၊ မိမိအလိုသို့မလိုက်ပါခြင်း၊ မိမိဖြစ်ချင်သလို မဖြစ်ခြင်း"ဟု အဓိပ္ပာယ်ရပါသည်။ "အတ္တ"ဟူသော သဘောကို အမာခံဖွေရှာ စိစစ်လိုက်သောအခါ "အချို့က ခန္ဓာကိုယ်ကြီးကိုအတ္တဟု ထင်မှတ်စွဲလမ်းကြသည်။ အချို့က စိတ်ကို အတ္တဟု ထင်မှတ်စွဲလမ်းကြသည်။ အချို့က သဘာဝဓမ္မကို အတ္တဟု ထင်မှတ်စွဲလမ်းကြသည်။ အချို့က ရုပ်နာမ်မှ အခြား တစ်ပါးသော မပျက်မစီး အမြဲတည်သော အနှစ်သာရ အမာခံသဘောတရား တစ်ခုကို ကြံဆ၍ အတ္တဟု ထင်မှတ်စွဲလမ်းကြသည်" ထို့ကြောင့် အနတ္တဟုဆိုလျှင် ဤစွဲလမ်းချက်အားလုံးကို ငြင်းဆိုပြီးဖြစ်တော့၏။ အကြောင်းမူ အနတ္တ သဒ္ဒါသည်–

၁။ အလိုသို့ မလိုက်ခြင်း၊ မိမိဖြစ်ချင်သလို မဖြစ်ခြင်း။
၂။ ပိုင်ဆိုင်သူမရှိခြင်း။
၃။ ပြုပြင်စီမံတတ်၊ ဖန်တီးတတ်သော သဘောမှ ဆိတ်သုဉ်းခြင်း။
၄။ တိတ္ထိတို့က မပျက်မစီး အမြဲတည်တံ့သည်ဟု စွဲယူသော အတ္တကို ပယ်ခြင်းဟူ၍ အနက်အဓိပ္ပာယ်လေးမျိုးပြခြင်းကြောင့် ဖြစ်သည်။

ထိုလေးပါးတို့တွင်–

၁။ ဖြစ်ဆဲဥပါဒ် ခဏ၌ရှိသော ရုပ်သည် တည်ဆဲဌီခဏသို့မရောက်ပါစေလင့်၊ တည်ဆဲရုပ်သည် မအိုမင်းပါစေလင့်၊ အိုသော ရုပ်သည် မပြိုမကွဲ မပျက်စီးပါစေလင့် စသည်ဖြင့် မိမိတို့ တောင့်တတိုင်း မဖြစ်ခြင်း၊ အလိုသို့ မလိုက်ခြင်း အနက်သဘောကြောင့် အနတ္တမည်၏။
၂။ ရုပ်၊ ဝေဒနာ၊ သညာစသော တရားတို့သည် မိမိတို့သဘောအတိုင်း ဖြစ်ပျက်နေကြသည်။ မည်သို့ဖြစ်စေ မည်သို့ရှိစေဟု အမိန့်ပေးနိုင်သည့် ပိုင်စိုးသူ တစ်စုံတစ်ယောက်မျှ မရှိခြင်း အနက်သဘောကြောင့် အနတ္တမည်၏။
၃။ ရုပ်၊ ဝေဒနာ၊ သညာ စသည်တို့သည် ပြုလုပ်တတ်၊ ခံစားတတ်၊ ပြုပြင်စီရင်တတ်၊ ဖန်တီးတတ်သော သဘောမှ ဆိတ်သုဉ်းခြင်း အနက်သဘောကြောင့် အနတ္တမည်၏။
၄။ သာသနာပ တိတ္ထိတို့သည် မပျက်မစီး၊ အမြဲတည်သော အမာခံ အနှစ်သာရ အတ္တဟု ကြံဆစွဲလမ်းကြကုန်၏။ ရုပ်၊ ဝေဒနာ၊ သညာ စသည်တို့သည် ထိုအမာခံ အတ္တသဘော မရှိခြင်းကြောင့် အနတ္တမည်၏။

ဟူ၍ ဤအနက်လေးချက်တို့ကို အနတ္တလက္ခဏသုတ်တော်၌ ဖော်ပြ ဟောကြားတော်မူသည်။

ဤအနတ္တဓာတ်သဘောသည် မြတ်စွာဘုရား ပွင့်တော်မူသော သာသနာအတွင်း၌သော်လည်းကောင်း၊ ပွင့်တော်မမူသော သာသနာပ အခါ၌သော်လည်းကောင်း၊ မိမိသဘာဝအတိုင်း တည်ရှိ၏။ သို့ရာတွင် ဖော်ထုတ်ဟောကြားမည့်သူမရှိလျှင် သတ္တဝါတို့ မသိနိုင်ကြပေ။ မြတ်စွာဘုရားသခင် ပွင့်တော်မူလာသောအခါမှသာ ထိုအနတ္တဓာတ်၊ အနတ္တသဘောကို ဟောကြားထုတ်ဖော်သဖြင့် လူ၊ နတ်၊ ဗြဟ္မာတို့ သိရှိနားလည်ကြလေသည်။

အနတ္တလက္ခဏသုတ်တော်ကို ပိုင်းခြားပါလျှင်–

၁။ ခန္ဓာငါးပါးတို့၏ အနတ္တဖြစ်ပုံ၊
၂။ ခန္ဓာငါးပါးတို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တဖြစ်ပုံ၊
၃။ ဝိပဿနာပညာ၊ မဂ်ပညာဖြင့် ရှုမြင်ပုံ၊
၄။ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ် အဆင့်ဆင့်ဖြစ်ပုံ၊
၅။ ပဉ္စဝဂ္ဂီရဟန်းတို့ ရဟန္တာဖြစ်ကြပုံဟူ၍ အပိုင်းကြီးငါးပိုင်း ဖြစ်သည်။

သို့ဖြစ်၍ **လောကီလောကုတ္တရာ နှစ်ဖြာအကျိုးတိုးပွားစေ၍ နိဗ္ဗာန်တိုင်အောင်ရောက်စေနိုင်သော မြတ်ဗုဒ္ဓ၏ ဓမ္မစကြာ တရားဦး ဒေသနာနှင့် အနတ္တလက္ခဏဒေသနာတို့ကို ရွတ်ဆိုပွားများ နာကြားအားထုတ်ကြကုန်လျက် ဒုက္ခခပ်သိမ်းကင်းငြိမ်းရာအမှန် မြတ်နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်ကြပါစေ**ကြောင်း နှိုးဆော် တင်ပြအပ်ပါသည်။ ။

ပူဇော်အထူး ဝါဆိုဦး

* သုံးလူ့ရှင်ပင်၊ ဘုရားရှင်ကို
ဝါဝင်ကာလ၊ သမယ၌
စိတ်ကရည်စူး၊ ပူဇော်ထူးဖြင့်
ရှိဦးတင်ကာ၊ ပူဇော်ပါသည်
သဒ္ဒါပြည့်ဝ ရင်တွင်းက
ဦးချလျက်ပါ မြတ်ဗုဒ္ဓ။

* ဤသို့ ယခု၊ ပူဇော်ပြု၍
သုံးလူ့ထွတ်ထား၊ မြတ်ဘုရားကို
အလိုမကျ၊ ရှိသမျှတွေ
လှစ်ဟခွေလျက်၊ ဆုတွေတောင်းယူ
နားပူနားဆာ၊ ဝေဒနာကို
ကြေညာဖို့ရန်၊ ရည်သန်စိတ်စွဲ
နည်းနည်းလေးမှ မဟုတ်ပါဘုရား။

* ယနေ့ယခု၊ အထူးပြုကာ
ပူဇော်ပါခြင်း၊ အကြောင်းရင်းမှာ
လက်ငင်းခြေနေ၊ မြန်မာတွေ၏
စိတ်နေဓာတ်ခံ၊ အဖြူခံနှင့်
ဖောက်ပြန်မပြု၊ မကောင်းမှုရှောင်
ကောင်းမှုဆောင်ခြင်း၊ ပြုမူခြင်းကြောင့်
ပြောင်ပြောင်တင်းတင်း၊ အမှောင်တွင်းသို့
ချောင်သွင်းလာမှု၊ ပြုလေသမျှ
ကျော်လွှန်ရလျက်
မူလရည်မှန်း၊ ဘဝလမ်းတိုင်း
လျှောက်လှမ်းမပျက်
ဆက်ချီတက်နိုင်၊ ပိုင်နိုင်ဘဝ
ဗုဒ္ဓသခင်၊ သိစေချင်၍
ဦးတင်ရခြင်း ဖြစ်ပါသည်ဘုရား။

* မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၍
ဖြူအောင်စိတ်ထား၊ ဟောကြားညွှန်ပြ
မြတ်ဗုဒ္ဓ၏ ဓမ္မအစွမ်း
အံ့မခန်းကို၊ ရည်မှန်းကော်ရော်
ပူဇော်အထူး၊ ဝါဆိုဦး၌
ရှိဦးတင်အပ်ပါသည် ဘုရား။ ။

ရွှန်းမြအောင်

လောကီလောကုတ္တရာ နှစ်ဖြာအကျိုး တိုးပွားစေ၍ နိဗ္ဗာန်တိုင်အောင် ရောက်စေနိုင်သော မြတ်ဗုဒ္ဓ၏ဓမ္မစကြာတရားဦး ဒေသနာနှင့် အနတ္တလက္ခဏ ဒေသနာတို့ကို ရွတ်ဆိုပွားများ နာကြားအားထုတ်ကြကုန်လျက် ဒုက္ခခပ်သိမ်း ကင်းငြိမ်းရာအမှန် မြတ်နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်ကြပါစေ။

ပုသိမ်မြို့ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း သင်တန်းဆင်းပွဲနှင့် ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဇူလိုင် ၈

ဧရာဝတီတိုင်း ပုသိမ်မြို့ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၏ ကျောင်းထိုင်ဘုန်းကြီးသင်တန်းအမှတ်စဉ်(၉)သင်တန်းဆင်းပွဲနှင့် အမှတ်စဉ်(၁၀)သင်တန်းဖွင့်ပွဲကို ဇူလိုင်၃ရက် မွန်းလွဲ၁နာရီက ပုသိမ်မြို့ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည်။

အခမ်းအနားသို့ တိုင်းသံဃနာယကအဖွဲ့ဥက္ကဋ္ဌ(သုဓမ္မာ)ကုန်းသာကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိလာသအမှူးပြုသော ဆရာတော်ကြီးများ၊ ကထိကဆရာတော်များနှင့် သင်တန်းသား ရဟန်းသံဃာတော်များကြွရောက်တော်မူကြပြီး ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများ၊ တိုင်းအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး သိန်းလှိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝတ်အသင်းအဖွဲ့များ၊ လူမှုရေးအသင်းဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ငါးပါးသီလခံယူ

ရှေးဦးစွာ ဩဇ္ဈပရိသတ်များက တိုင်းသံဃနာယကအဖွဲ့ဥက္ကဋ္ဌကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းအုပ်ချုပ်ရေးနာယက ကုန်းသာကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိလာသထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ရှင်းလင်းမိန့်ကြား

ဆက်လက်၍ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း အုပ်ချုပ်ရေး နာယက အဖွဲ့အတွင်းရေးမှူး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တကဝိန္ဒက သင်တန်းနှင့်ပတ်သက်သည်များကို ရှင်းလင်းမိန့်ကြားသည်။

ထို့နောက် တိုင်းမှူးက ဆရာတော်ကြီးများထံ သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး စာပေထူးချွန်ဆုရရှိသော သင်တန်းဆင်းသံဃာတော်များအား ဂုဏ်ပြုလွှာနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်သည်။

လှူဖွယ်ပစ္စည်းဆက်ကပ်

ဆက်လက်၍ ဧရာဝတီတိုင်း ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း အုပ်ချုပ်ရေးနာယက အဖွဲ့ဥက္ကဋ္ဌ ကုန်းသာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိလာသက သင်တန်းဆင်း သံဃာတော်၁၆ပါးထံ သင်တန်းဆင်းလက်မှတ်များ ပေးအပ်ပြီးနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက်တိုင်းမှူးနှင့်ပရိသတ်များက ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းအုပ်ချုပ်ရေးနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်ထံမှ အနုမောဒနာတရားနာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝါဆိုသင်္ကန်း ဆက်ကပ် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း တက်ရောက်ကြည်ညို

နေပြည်တော် ဇူလိုင် ၈

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ ပထမအကြိမ် ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့ နံနက်၉နာရီက နေပြည်တော်ရှိ ရထားပို့ဆောင်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ ပျဉ်းမနားမြို့နယ် ဝိနည်းဓိုရ်ဆရာတော် ဘဒ္ဒန္တသုဇာတ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်အောင်မင်းနှင့်ဇနီး ဒေါက်တာဒေါ်ဝေဝေသာတို့ တက်ရောက်ကြည်ညိုကြ၍ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ငါးပါးသီလခံယူ

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး မြို့နယ်ဝိနည်းဓိုရ် ဆရာတော်ဘဒ္ဒန္တသုဇာတထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြသည်။ ဆက်လက်၍ ဆရာတော်နှင့် သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ကြသည်။

လှူဖွယ်ပစ္စည်းဆက်ကပ်

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် ဇနီးဒေါက်တာဒေါ်ဝေဝေသာ၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် သူရဦးသောင်းလွင်နှင့် ဦးဖေသန်းတို့က ဆရာတော်နှင့် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။**(အပေါ်ပုံ)**

ထို့နောက် မြို့နယ် ဝိနည်းဓိုရ် ဆရာတော် ဘဒ္ဒန္တသုဇာတက အနုမောဒနာ တရားချီးမြှင့်၍ လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆက်ကပ်လှူဒါန်း

ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် မြသိန်းတန်အောင်ဓမ္မာရုံကြီး၏ (၃၆)ကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၂ရက်က ပြုလုပ်ရာ ဓမ္မာရုံကြီး၏ ဩဝါဒစရိယ ဆရာတော်ကြီးများ၊ တရားဟော(ဓမ္မကထိက)ဆရာတော်ကြီးများအားမြသိန်းတန်အောင်ဓမ္မာရုံ စောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် နာယကများ၊ အလှူရှင်များက ဆက်ကပ်လှူဒါန်းကြစဉ်။

(၁၂၉)

သစ်ပင်စိုက်ပါ ဒို့ပြည်ရွာ သာယာလှပ တင့်မောစွ

ဗဟန်းမြို့နယ်အထက(၂)ဝါဆိုသင်္ကန်းဆက်ကပ်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၈

ဗဟန်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၏ (၃၉)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၅ ရက် နံနက် ၉ နာရီခွဲက အဆိုပါကျောင်း ပတ္တမြားခန်းမ၌ ကျင်းပသည်။

တက်ရောက်ကြည်ညို

အခမ်းအနားသို့ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်ပဓာန နာယက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အရှင်သိရိန္ဒာဘိဝံသ (ယောဆရာတော်)အမှူးပြုသော ပင့်သံဃာတော် ၁၀ ပါး ကြွရောက်တော်မူကြပြီး အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ဗဟန်းမြို့နယ်ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်ဦးရည်နှင့် ဆရာဆရာမများ၊ ပညာရေးဝန်ထမ်းမိသားစုများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ငါးပါးသီလခံယူ

ရှေးဦးစွာ မဟာဝိသုဒ္ဓါရုံကျောင်းတိုက် ပဓာန နာယက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကအရှင်သိရိန္ဒာဘိဝံသ (ယောဆရာတော်)ထံမှ ငါးပါးသီလခံယူဆောက်တည်ပြီးပရိတ်တရားတော်များကို နာယူကြသည်။**(အပေါ်ပုံ)**

ထို့နောက်ဆရာတော်သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)

၂၀၀၆-၂၀၀၇ ဘဏ္ဍာနှစ်အတွက် ဗဟန်းမြို့နယ်အတွင်းရှိ သမဝါယမအသင်းများ၏ ဝင်ငွေကြေညာလွှာ စုပေါင်းပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၂၉ ရက်က မြို့နယ် သမဝါယမဦးစီးဌာန၌ ကျင်းပရာ မြို့နယ်သမဝါယမဦးစီးမှူး ဒေါ်ကြည်ကြည်လှက ဗဟန်းမြို့နယ်အခွန်ဦးစီးဌာနမှူး ဦးစန်ထွန်းအောင်ထံ သမဝါယမအသင်းများ၏ ဝင်ငွေကြေညာလွှာများ စုပေါင်းပေးအပ်စဉ်။

(က-ပ)

မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြု မြန်မာ့ရိုးရာဝတ်စားဆင်ယင်မှုပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် ဇူလိုင် ၈

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်း အမျိုးသမီးရေးရာ ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့နှင့် ချမ်းအေးသာစံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းကျင်းပသော မြန်မာ့ရိုးရာဝတ်စားဆင်ယင်မှုပြိုင်ပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို ဇွန် ၂၉ရက် ညနေ ၄ နာရီတွင် ချမ်းအေးသာစံ မြို့နယ်အဆင့်မြင့်ဈေးချိုတော် ဂရင်းခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်ပြုံးဝင်း၊ မြို့တော်ဝန်၏ဇနီး ဒေါ်မိုးသီတာ၊ ဒုတိယတိုင်းမှူး၏ဇနီး ဒေါ်နန်းအေးမြ၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြေးမုံဦးနှင့် အဖွဲ့ဝင်များ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်မြင့်၊ ခရိုင်နှင့်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အမျိုးသမီးများ၊ အကဲဖြတ်ဒိုင်လူကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ပြိုင်ပွဲဝင် အမျိုးသမီး ၂၀ က မြန်မာ့ရိုးရာဝတ်စားဆင်ယင်မှုကိုပြသကြရာ တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်ပြုံးဝင်းနှင့်အဖွဲ့ဝင်များ၊ တက်ရောက်လာသူများက ကြည့်ရှု အားပေးကြသည်။

ဆက်လက်၍ ဆုများချီးမြှင့်ပေးအပ်ရာ ပထမဆုရရှိသော ပြည်ကြီးမျက်ရှင် ရပ်ကွက်မှ မခင်ဝါဝါဖြိုးကို တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်ပြုံးဝင်းကလည်းကောင်း၊ ဒုတိယဆုရရှိသည့် အောင်နန်းရိပ်သာအနောက် ရပ်ကွက်မှ မသက်မွန်ထွန်းနှင့် တတိယဆုရရှိသည့် ပြည်ကြီးပျော်ဘွယ်အရှေ့ ရပ်ကွက်မှ မမေသူအောင်တို့ကိုမြို့တော်ဝန်၏ ဇနီး ဒေါ်မိုးသီတာက လည်းကောင်း၊ စတုတ္ထဆုရရှိသည့် ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်မှ မနန်းသဉ္ဇာသိမ့်နှင့် ပဉ္စမဆုရရှိသည့် မောရဂီဝါရပ်ကွက်မှ မပြည့်ပြည့်ဝင်းတို့ကို ဒုတိယတိုင်းမှူး၏ ဇနီး ဒေါ်နန်းအေးမြက လည်း ကောင်း၊ နှစ်သိမ့်ဆုရရှိသူများကို တာဝန်ရှိသူများက လည်းကောင်း ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

(အောက်ပုံ)

ဂုဏ်ပြုလွှာ

ထို့နောက် ပြိုင်ပွဲ ကျင်းပရေးအတွက် ကူညီပံ့ပိုးပေးခဲ့ကြသော အလှူရှင်များကို တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်ပြုံးဝင်းက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

(သတင်းစဉ်)

၂၀၀၆ကမ္ဘာ့ဖလားဗိုလ်လုပွဲ ဘာလင်ကွင်း၌ နွှဲကြမည် ချန်ပီယံဆုဖလား အီတလီနှင့်ပြင်သစ် မည်သူပွေ့ပိုက်နိုင်မလဲ

ကိုထွေး – သုံးသပ်ရေးသားသည်

ရန်ကုန် ဇူလိုင် ၈

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ်များပြီးဆုံးသွားပြီဖြစ်ရာ အီတလီအသင်းက အိမ်ရှင်ဂျာမနီအသင်းကိုလည်းကောင်း၊ ပြင်သစ်အသင်းက ပေါ်တူဂီအသင်းကိုလည်းကောင်း အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်လာကြသည်။ ဇူလိုင် ၁၀ ရက် မြန်မာစံတော်ချိန် နံနက် မိနစ် ၃၀ တွင် ဘာလင်မြို့ရှိ Olympia Stadion အားကစားကွင်း၌ နောက်ဆုံးဗိုလ်လုပွဲစဉ်အဖြစ် အီတလီအသင်းနှင့် ပြင်သစ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ဘာလင်မြို့ရှိ Olympia Stadion အားကစားကွင်းသည် ခုံအရေအတွက် ၆၆၀၂၁ရှိပြီးအများဆုံး ကြည့်ရှုနိုင်သည့် ပရိသတ်ဦးရေမှာ ၇၄၂၂၀ဖြစ်သည်။ ၁၉၃၄ ခုနှစ်မှ ၁၉၃၈ခုနှစ်ကာလအတွင်းက နာမည်ကျော် ဗိသုကာပညာရှင် ဝါနာမက်ချ် တည်ဆောက်ခဲ့သော ကွင်းအား အသစ်ပြန်လည် တည်ဆောက်ထားခြင်း ဖြစ်သည်။ အီတလီအသင်းနှင့် ပြင်သစ်အသင်းပွဲစဉ်ကို အာဂျင်တီးနားဒိုင်လူကြီး အယ်လီဇွန်ဒိုက တာဝန်ယူဆောင်ရွက်ဖွယ် ရှိကြောင်း သိရသည်။ ဒိုင်လူကြီး အယ်လီဇွန်ဒိုသည် အင်္ဂလန်နှင့်ပေါ်တူဂီပွဲတွင် အင်္ဂလန်တိုက်စစ်မှူး ရွန်နေကို အနီကတ်ပြပြီး ထုတ်ပယ်ခဲ့သူဖြစ်သည်။

ခံစစ်ကစားပုံကောင်းမွန်

အီတလီအသင်းနှင့် ပြင်သစ်အသင်းတို့ ဗိုလ်လုပွဲ၌ ဆုံတွေ့ခြင်းသည် ပရိသတ်အများစု ကြိုတင်မျှော်လင့်ထားသည့် အခြေအနေမျိုး မဟုတ်သကဲ့သို့ ထူးခြားချက်များစွာ ရှိနေသည်။ အုပ်စုနောက်ဆုံးပွဲ မကစားမီအချိန်အထိ အီတလီနှင့် ပြင်သစ်တို့ကို ဗိုလ်လုပွဲတက်ရန် နေနေသာသာ အုပ်စုမှ လှည့်ပြန်ရလေမလားဟုပင် တွေးဆခဲ့ကြသည်။ အုပ်စုမှ ကျော်ဖြတ်နိုင်ခဲ့ပြီးနောက် ရေပန်းစားသည့် အသင်းကြီးများနှင့် ထိပ်တိုက်ဆုံတွေ့ခဲ့ကြသည်။အီတလီက အိမ်ရှင်ဂျာမနီကို အနိုင်ရခဲ့သလို ပြင်သစ်ကလည်း လက်ရှိ ချန်ပီယံ ဘရာဇီးကို အနိုင်ရခဲ့သည်။ နှစ်သင်းစလုံး ရှုံးပွဲမရှိဘဲ သရေနှင့် အနိုင်သာ ရှိခဲ့သည်။ အီတလီက ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်၌ ဩစတြေးလျကို ပယ်နယ်တီတစ်ဂိုးဖြင့် အနိုင်ရခဲ့သလို ပြင်သစ်ကလည်း အကြိုဗိုလ်လုပွဲစဉ်၌ ပေါ်တူဂီကို ပယ်နယ်တီတစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ နှစ်သင်းစလုံး ဂိုးသွင်းအား အကောင်းကြီး မဟုတ်လှဘဲ ခံစစ်ကစားပုံ ကောင်းမွန်ပုံချင်းလည်း တူညီနေသည်။ တစ်ပွဲထက် တစ်ပွဲ ခြေစွမ်းပြလာနိုင်သော နှစ်သင်း ဗိုလ်လုပွဲ၌ ဆုံတွေ့ခြင်းဖြစ်ရာ အကောင်းဆုံးပွဲတစ်ပွဲဖြစ်လာနိုင်သည်။

အီတလီအသင်း

ဥရောပမှ ဘောလုံးအင်အားကြီး နိုင်ငံဖြစ်သော အီတလီသည် လတ်တလော၌ အီတလီစီးရီးအေလုပ်ပွဲ အရှုပ်တော်ပုံကြောင့် နာခေါင်းရှုံ့စရာ ဖြစ်နေသည်။ အိမ်ရှင်ဂျာမနီအသင်းကို အနိုင်ရပြီး ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သော်လည်း အီတလီအသင်းမှ ကစားသမားအများစု စိတ်လွတ်လက်လွတ် မပျော်ရွှင်နိုင်ကြချေ။ ကမ္ဘာ့ဖလားပြိုင်ပွဲဝင် အီတလီလက်ရွေးစင်အသင်းတွင် တန်းဆင်းပြစ်ဒဏ်ချမှတ်ခံရမည့် ကလပ်အသင်း လေးသင်း(ဂျူဗင်တပ်စ်၊ အေစီမီလန်၊ ဖီအိုရင်တီးနား၊ လာဇီယို)မှ ကစားသမား ၁၃ဦး ပါဝင်နေသည်။ နာမည်ကြီး ဂျူဗင်တပ်စ်အသင်းမှ ဂိုးသမား ဘူဖွန်၊ ကန်နာဗာရို၊ ဇမ်ဘရော့တာ၊ ကာမိုရာနီစီနှင့် ဒယ်ပီယာရိုတို့ ငါးဦးပါဝင်နေသည်။ ဂျူဗင်တပ်စ်အသင်းသည် စီးရီးအေအထိ အဆင့်နိမ့်၍ အပြစ်ပေးခံရဖွယ်ရှိပြီး ကျန်သုံးသင်းသည် စီးရီးဘီသို့ တစ်ဆင့်နိမ့် ပြစ်ဒဏ် ချမှတ်ခံရဖွယ် ရှိနေသည်။ ထိုသို့ စီးရီးအေလုပ်ပွဲ ဂယက်ကြောင့် အီတလီအသင်း ရလဒ်ကောင်းများ ရနေသလားဟုပင် တွေးစရာဖြစ်နေသည်။၁၉၈၂ကမ္ဘာ့ဖလားပွဲ ကျင်းပခဲ့စဉ်ကလည်း အီတလီ စီးရီးအေ အရှုပ်အထွေးများ ဖြစ်ပေါ်နေသည့်ကြားမှ မမျှော်လင့်ဘဲ အီတလီအသင်း ဗိုလ်စွဲခဲ့သည်။ ယခု ကမ္ဘာ့ဖလားပွဲ၌ အီတလီအသင်း ဗိုလ်စွဲခဲ့မည်ဆိုပါက ထူးထူးခြားခြား တိုက်ဆိုင်မှုဟု ဆိုရမည်ဖြစ်သည်။

အီတလီအသင်းသည် အကြိုဗိုလ်လုပွဲစဉ်၌ အိမ်ရှင်ဂျာမနီအသင်းကို အချိန်ပို ဒုတိယပိုင်း၌ သွင်းယူသော နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်လှမ်းလာခြင်းဖြစ်သည်။ အီတလီအသင်းအတွက် အနိုင်ဂိုးများကို ဂရော့ဆိုနှင့် ဒယ်ပီယာရိုတို့က သွင်းယူပေးခဲ့ပြီး အလယ်တန်းလူ ပီယာလိုက ပွဲစဉ်အလိုက် အကောင်းဆုံးဆု ရရှိခဲ့သည်။ **ဂျာမနီနှင့်ပွဲတွင် ကစားခဲ့သော အီတလီအသင်း၏ ခြေစွမ်းမှာ ကစားခဲ့သောပွဲများအနက် အကောင်းဆုံးပင်ဖြစ်သည်။ ဩစတြေးလျကို ပွဲပြီးခါနီးရသော ပယ်နယ်တီတစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ရာ အီတလီအသင်း ကံကောင်း၍ နိုင်သည်ဟု ဝေဖန်မှုများရှိခဲ့သည်။ အိမ်ရှင်ဂျာမနီအသင်းကို ခြေစွမ်းပြကစားပြီး ပြတ်ပြတ်သားသား အနိုင်ယူနိုင်ခဲ့ပြီဖြစ်ရာ ကံကောင်း၍ နိုင်သည်ဟူသော ဝေဖန်မှုများကို ချေဖျက်နိုင်ခဲ့ပြီ ဖြစ်သည်။ ဂျာမနီအသင်း ခေါင်းဆောင် မိုက်ကယ်ဘောလက်ကပင် မိမိတို့အရှုံးအတွက် မည်သို့မျှ စောဒကတက်စရာမရှိဘဲ ပိုကောင်းသည့်အသင်း အနိုင်ရရှိခဲ့ခြင်း ဖြစ်ကြောင်း ဝန်ခံ ပြောကြားခဲ့သည်။ အိမ်ရှင် ဂျာမနီအသင်းကို ဒိုင်လူကြီးများက မျက်နှာသာပေးသည်ဟု ပြောဆိုမှုများရှိနေသည့်ကြားမှ အီတလီအသင်းက ထိုက်ထိုက်တန်တန် အနိုင်ယူခဲ့ခြင်းဖြစ်သည်။**

မာဆယ်လိုလစ်ပီ

အိမ်ရှင်ဂျာမနီအသင်းကို အနိုင်ရရှိခဲ့ပြီးနောက် အီတလီနည်းပြ မာဆယ်လိုလစ်ပီက **"မိမိဘဝ၌ အချိန်အကြာကြီးမက်ခဲ့ရသည့် အိပ်မက်အစစ်အမှန် ဖြစ်လာခဲ့ကြောင်း၊ အနိုင်ရရှိရေးအတွက် မိမိတို့ အားလုံး တက်ညီလက်ညီ ကြိုးစားရုန်းကန်နိုင်ခဲ့ကြောင်း၊ ပွဲအစပိုင်း၌ မိမိတို့အသင်း အခက်အခဲအချို့နှင့် ဖိအားဒဏ်ခံခဲ့ရသော်လည်း ကျော်လွှားနိုင်ခဲ့ကြောင်း၊ အနိုင်ဂိုးများကို အချိန်ပို ပြီးဆုံးခါနီးမှ သွင်းယူနိုင်ခြင်းဖြစ်သော်လည်း အနိုင်နှင့် ထိုက်တန်ကြောင်း၊ မိမိတို့အဆင့်မြင့်ပွဲတစ်ပွဲဖြစ်အောင် ကစားနိုင်ခဲ့ပြီး ပုံမှန်ကစားချိန် မိနစ် ၉၀ အတွင်း၌လည်း ဂျာမနီအပေါ် အသာစီးရခဲ့ကြောင်း၊ ယခုပုံစံအတိုင်း ကစားနိုင်ခဲ့လျှင် ဗိုလ်လုပွဲ၌ အောင်ပွဲခံနိုင်မည်ဟု မျှော်လင့်ကြောင်း"** ပြောကြားခဲ့သည်။ အီတလီအသင်းသည် ဂျာမနီကို အနိုင်ရရှိခဲ့သည့်အတွက် ကမ္ဘာ့ဖလားပြိုင်ပွဲ ဗိုလ်လုပွဲသို့ ခြောက်ကြိမ်မြောက် တက်ရောက်နိုင်သည့် မှတ်တမ်းဝင်သွားပြီးဖြစ်သည်။ အီတလီအသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲ၌ သုံးကြိမ်ဗိုလ်စွဲနိုင်ခဲ့ရာ ယခုပြိုင်ပွဲ၌ဗိုလ်စွဲပါက ကမ္ဘာ့ဖလားလေးကြိမ် ဗိုလ်စွဲသည့် နိုင်ငံဖြစ်လာမည်ဖြစ်သည်။

အီတလီအသင်းသည် အုပ်စုပွဲစဉ်၌ ဂါနာကို နှစ်ဂိုး–ဂိုးမရှိ၊ ချက်ကို နှစ်ဂိုး–ဂိုးမရှိ၊ အမေရိကန်နှင့် တစ်ဂိုးစီသရေကျပြီး အုပ်စုပထမ ရရှိခဲ့သည်။ ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်၌

အီတလီအသင်းနှင့် ပြင်သစ်အသင်း ပွဲစဉ်တွင် အီတလီအသင်း နည်းပြ မာဆယ်လိုလစ်ပီ ဤသို့ အောင်ပွဲ ခံနိုင်ဦးမှာလား။
(ဓာတ်ပုံ–အင်တာနက်)

ဩစတြေးလျကို တစ်ဂိုး–ဂိုးမရှိ၊ ကွာတားဖိုင်နယ်၌ ယူကရိန်းကို သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ အုပ်စုပွဲစဉ်မှ အကြိုဗိုလ်လုပွဲစဉ်အထိ ခြောက်ပွဲကစားရာတွင် ၁၁ ဂိုး သွင်းယူခဲ့ပြီး တစ်ဂိုးသာ ပြန်ပေးခဲ့ရသည်။ အီတလီအသင်းပေးခဲ့ရသည့် တစ်ဂိုးမှာ ပြိုင်ဘက်အသင်းမှ သွင်းယူခြင်းမဟုတ်ဘဲ ဇက်ကာဒိုက ကိုယ့်ဂိုးကိုယ်သွင်းမိခြင်းဖြစ်သည်။ အီတလီအသင်းသည်

ဘောလုံးမျော်အစွမ်းပိုင်ရှင် ပြင်သစ်အသင်းခေါင်းဆောင် ဇီဒန်းက အနိုင်ရအောင်ကစားသွားမည်

ပေးဂိုးတစ်ဂိုးသာရှိပြီး ငါးပွဲတိတိ ဂိုးမပေးရသည့် စံချိန်ရရှိထားသည်။ အီတလီအသင်းသည် ယခု ကမ္ဘာ့ဖလားပွဲ၌ ပြိုင်ပွဲဝင်အသင်းများအားလုံးအနက် နောက်တန်းအတောင့်တင်းဆုံး အဖြစ်သတ်မှတ်ခြင်းခံရသည်။အီတလီအသင်းအတွက် လူကာတိုနီက နှစ်ဂိုး၊ ပီယာလို၊ အီယာကွင်တာ၊ မာတာရာဇီ၊ ဇမ်ဘရော့တာ၊ အင်ဇာဂီ၊ တော့တီ (ပယ်နယ်တီ)၊ ဂရော့ဆိုနှင့် ဒယ်ပီယာရိုတို့က တစ်ဂိုးစီသွင်းယူပေးခဲ့ကြသည်။ အီတလီအသင်းမှ ပီယာလိုက နှစ်ကြိမ်၊ ဂိုးသမားဘူဖွန်၊ မာတာရာဇီနှင့် ဂက်တူဆိုတို့က တစ်ကြိမ်စီ အကောင်းဆုံးဆု ရရှိထားသည်။

အသင်းခေါင်းဆောင်ဇီဒန်း

ပြင်သစ်အသင်းသည် အကြိုဗိုလ်လုပွဲစဉ်၌ ပေါ်တူဂီအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်လှမ်းလာခြင်းဖြစ်သည်။ ပြင်သစ်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၃၃ မိနစ်၌ အသင်းခေါင်းဆောင်ဇီဒန်းက သွင်းယူခဲ့သည်။ နောက်တန်းလူ သူရမ်က ပွဲစဉ်အလိုက် အကောင်းဆုံးဆုရရှိခဲ့သည်။နည်းဗျူဟာကြွယ်ဝသော စကိုလာရီ၏ ပေါ်တူဂီအသင်းကို အနိုင်တစ်ဂိုးဖြင့် ပွဲသိမ်းနိုင်ခဲ့ခြင်းမှာ ပြင်သစ်အသင်း နောက်တန်း ကျစ်လျစ်မှုရှိပြီး အမှားအယွင်းနည်းသည်ကို သုံးသပ်၍ရသည်။ ပြင်သစ်ခြေစွမ်းကို မကြိုက်ပါဘူး ဆိုသူများပင်လျှင် အကြိုဗိုလ်လုပွဲ၌ ပြင်သစ်အသင်း ခြေစွမ်းအကုန်မထုတ်ဘဲ ဗိုလ်လုပွဲအတွက် ချန်ကစားသည်ဟု ပြောနေကြပြန်သည်။ ဒုတိယပိုင်း၌ အသက်ကြီးသူ အများစု ပါဝင်သည့် ပြင်သစ်အသင်း ကစားအားကျ ဆင်းသွားသော်လည်း သမ္မာနှင့် ထိန်းကာ အနိုင်ယူခဲ့ခြင်းဖြစ်သည်။ ဇီဒန်းသည် ပေါ်တူဂီအသင်းကို ဂိုးသွင်း ယူနိုင်ခဲ့သဖြင့် ကမ္ဘာ့ဖလားပွဲ၌ လေးဂိုးသွင်းထားပြီး ပြင်သစ်၏ ကမ္ဘာ့ဖလား သွင်းဂိုးရှင်များစာရင်း၌ တန်းစီနိုင်ပြီဖြစ်သည်။ပြင်သစ်ဂိုးသမား ဘားသက်ဇ်သည် ပေါ်တူဂီနှင့်ပွဲ၌ ပါဝင်ကစားခဲ့သည့်အတွက် ကမ္ဘာ့ဖလားပွဲကစားရသည့် ပွဲအရေအတွက် ၁၆ပွဲ ဖြစ်သွားရာ ယခင်က ပြင်သစ်ကစားသမားဟောင်း မက်ဇင်ဘော့ဆစ် တင်ထားသည့် ၁၅ပွဲ စံချိန်ကို ချိုးနိုင်ခဲ့ပြီဖြစ်သည်။ ပြင်သစ်အသင်းသည် ၁၉၇၅ ခုနှစ်နောက်ပိုင်း ပေါ်တူဂီကို မရှုံးသည့် စံချိန်ကိုလည်း ဆက်လက် ထိန်းထားနိုင်ခဲ့သည်။

ပေါ်တူဂီအသင်းကို အနိုင်ရရှိပြီးနောက် ပြင်သစ်နည်းပြ ရေမွန်ဒိုမီနစ်ချ်က **"မိမိတို့ ဗိုလ်လုပွဲအထိ ရောက်ရှိလာခြင်းမှာ မယုံကြည်နိုင်အောင်ပင် ဖြစ်ရကြောင်း၊ ယခုပွဲမှာ မိမိတို့အသင်းအတွက် အကောင်းဆုံးပွဲတစ်ပွဲဆိုလျှင်လည်း မမှားကြောင်း၊ ဗိုလ်လုပွဲ၌ စွမ်းအားအပြည့်နှင့် ယှဉ်ပြိုင်ပြီး ဗိုလ်စွဲနိုင်မည်ဟု မျှော်လင့်ကြောင်း"** ပြောကြားခဲ့သည်။ ပြင်သစ်တိုက်စစ်မှူး အွန်နရီကလည်း "မိမိတို့အသင်း၏ ခံစစ်ကစားသမားများသည် ရဲရင့်သော ခြင်္သေ့များကဲ့သို့ ကစားနိုင်ခဲ့ကြောင်း၊ မိမိတို့ အနိုင်ရရှိခဲ့ခြင်း၏ အဓိက အချက်သည် အသင်း၏ ခံစစ်ကစားပုံ ကောင်းမွန်မှုကြောင့် ဖြစ်ကြောင်း" ပြောကြားခဲ့သည်။ ပွဲစဉ်အလိုက် အကောင်းဆုံးဆုရရှိသည့် နောက်တန်းလူသူရမ်က မိမိအသက် ၃၄ နှစ်ရှိပြီ ဖြစ်သော်လည်း ၁၀ နှစ်အရွယ် ကလေးတစ်ယောက်ကဲ့သို့ ကမ္ဘာ့ဖလားကြီးကို တပ်မက်နေမိကြောင်း" ပြောကြားခဲ့သည်။ ပြင်သစ်အသင်းခေါင်းဆောင် ဇီဒန်းသည် ယခု ကမ္ဘာ့ဖလားပွဲပြီးလျှင် လက်ရွေးစင်အသင်းမှ အနားယူတော့မည်ဖြစ်ရာ နောက်ဆုံး ဗိုလ်လုပွဲတွင် အနိုင်ကစားပြီး ကစားသမားဘဝကို လှပစွာ အဆုံးသတ်ရန် ဆန္ဒပြင်းပြလျက်ရှိသည်။

ကမ္ဘာ့အကောင်းဆုံးဘောလုံးသမား

ပြင်သစ်နည်းပြဒိုမီနစ်ချ်က "ဇီဒန်းသည် ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမား တစ်ယောက်ဖြစ်ကြောင်း၊ ပြင်သစ်အသင်း ဗိုလ်စွဲခဲ့လျှင် ဇီဒန်းသည် အဓိကစွမ်းဆောင်နိုင်သူ အဖြစ် မှတ်တမ်းတင် ခံရမည်ဖြစ်ကြောင်း၊ ပြင်သစ်ပြည်သူများကလည်း ၁၀ နှစ်ကြာ နိုင်ငံ့တာဝန်ကို ထမ်းဆောင်ခဲ့သည့် ဇီဒန်းအတွက် ဂုဏ်ယူကျေနပ်နေကြမည်ဖြစ်ကြောင်း" ပြောကြားခဲ့သည်။ ဇီဒန်းသည် ပြင်သစ်အသင်းအတွက် ၁၀၇ပွဲ ကစားထားပြီး ဂိုးပေါင်း ၃၀ သွင်းယူပေးထားသည်။ ပေါ်တူဂီ အသင်းကို အနိုင်ရသည့်ပွဲအပြီးတွင် ပြင်သစ်နိုင်ငံရှိ ပရိသတ်များက ပယ်နယ်တီဂိုး သွင်းယူပေးခဲ့သည့် ဇီဒန်း၏ ချစ်စနိုးအမည်ဖြစ်သော ဇီဇူးကို အကြိမ်ပေါင်းများစွာ အော်ဟစ်ပြီး အားပေးဂုဏ်ပြုခဲ့ကြောင်း သိရသည်။ ယခု ကမ္ဘာ့ဖလားပြိုင်ပွဲ၏ အကောင်းဆုံး ဘောလုံးသမားဆု (ရွှေဘောလုံးဆု)အတွက် ပဏာမ ၁၀ဦး စာရင်းအား ဖီဖာက ထုတ်ပြန်ကြေညာခဲ့ရာ ပြင်သစ်အသင်း ခေါင်းဆောင် ဇီဒန်းလည်း ပါဝင်နေသည်။ ပဏာမ ၁၀ဦးစာရင်းတွင် ဇီဒန်းနှင့်အတူ ပြင်သစ်မှ အွန်နရီနှင့် ဗီယာရာ၊ အီတလီမှ ကန်နာဗာရို၊ ပီယာလို၊ ဇမ်ဘရော့တာနှင့် ဂိုးသမား ဘူဖွန်၊ ဂျာမနီမှ ကလိုဆေးနှင့် မိုက်ကယ်ဘောလက်၊ ပေါ်တူဂီမှ မန်နစ်ချ်တို့ ပါဝင်ကြသည်။

ပြင်သစ်အသင်းသည် အုပ်စုပွဲစဉ်များ၌ တိုဂိုကို နှစ်ဂိုး–ဂိုးမရှိဖြင့်နိုင်၊ ဆွစ်ဇာလန်နှင့် ဂိုးမရှိသရေ၊ တောင်ကိုရီးယားနှင့် တစ်ဂိုးစီသရေကျပြီး အုပ်စု ဒုတိယရရှိခဲ့သည်။ ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်၌ စပိန်ကို သုံးဂိုး–တစ်ဂိုး၊ ကွာတားဖိုင်နယ်ပွဲစဉ်၌ ဘရာဇီးကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ အုပ်စုပွဲစဉ်မှ အကြိုဗိုလ်လုပွဲအထိ ခြောက်ပွဲကစားရာတွင် ရှစ်ဂိုး သွင်းယူနိုင်ပြီး နှစ်ဂိုးပြန်ပေးခဲ့ရသည်။ ပြင်သစ်အသင်းအတွက် အွန်နရီက သုံးဂိုး၊ ဗီယာရာက နှစ်ဂိုး၊ ဇီဒန်းက နှစ်ဂိုး (တစ်ဂိုးပယ်နယ်တီ) နှင့် ရီဘာရီက တစ်ဂိုး သွင်းယူပေးခဲ့ကြသည်။ ပြင်သစ်အသင်းမှ ဗီယာရာက နှစ်ကြိမ်၊ မက်ခီလီလီ၊ ဇီဒန်းနှင့်သူရမ် တို့က တစ်ကြိမ်စီ အကောင်းဆုံးဆု ရရှိထားသည်။ ပြင်သစ်အသင်း ၁၉၉၈ ကမ္ဘာ့ဖလားပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့စဉ်က ဘရာဇီးကို သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရပြီး ဗိုလ်စွဲခဲ့သည်။ ပြင်သစ်အသင်းသည် ယခု ကမ္ဘာ့ဖလားပွဲအပါအဝင် ဗိုလ်လုပွဲသို့နှစ်ကြိမ်မြောက် တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ **ပေါ်တူဂီအသင်းကို အနိုင်ရပြီး ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့သည့်ပြင်သစ်အသင်းကို ပြင်သစ်သမ္မတ ဂျက်ရှီယက်ခ်က ပြင်သစ်ဘောလုံးအသင်း တစ်သင်းလုံး၏နောက်တွင် ပြင်သစ်နိုင်ငံရှိနေသည်ဟု အားပေး ချီးမွမ်းစကား ပြောကြားခဲ့ကြောင်း သတင်းထုတ်ပြန်ချက်တစ်ခု၌ ဖော်ပြထားသည်။**

၃၂ ကြိမ်ဆုံတွေ့ခဲ့

အီတလီအသင်း၏ လက်ရှိကမ္ဘာ့အဆင့်(၁၄)၊ ပြင်သစ်၏ လက်ရှိကမ္ဘာ့အဆင့်(၈)ဖြစ်သည်။ အီတလီနှင့် ပြင်သစ်တို့ ၃၂ကြိမ် ဆုံတွေ့ခဲ့ရာ အီတလီက ၁၇ပွဲနိုင်၊ ပြင်သစ်က ခုနစ်ပွဲနိုင်၊ ရှစ်ပွဲ သရေကျခဲ့သည်။ အီတလီနှင့် ပြင်သစ်တို့သည် ယူရို ၂၀၀၀ ပြိုင်ပွဲဗိုလ်လုပွဲ၌ နောက်ဆုံး ဆုံတွေ့ခဲ့ကြရာ ပြင်သစ်က နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ အီတလီအသင်းမှ နောက်တန်းလူ နက်စတာသည် ချက်နှင့်ပွဲတွင် ရရှိခဲ့သော ဒဏ်ရာသက်သာ ပျောက်ကင်းမှုမရှိသေး၍ ဗိုလ်လုပွဲစဉ်၌ပါဝင်ကစားနိုင်ဦးမည်မဟုတ်ပေ။ အီတလီအလယ်တန်းလူ ဒီရော့ဆီသည် လေးပွဲပယ်ပြစ်ဒဏ်ပြီးဆုံးသွား၍ ပြန်လည်ပါဝင်လာနိုင်မည်ဖြစ်သည်။ ပြင်သစ် တိုက်စစ်မှူး ဆာဟာသည် ပေါ်တူဂီနှင့်ပွဲတွင် အဝါကတ်ထိခဲ့သောကြောင့် ဗိုလ်လုပွဲနှင့် လွဲချော်မည်ဖြစ်သည်။ အီတလီအသင်းသည် အပြာရောင်အင်္ကျီကို ဝတ်ဆင်ကစားမည်ဖြစ်ပြီး ပြင်သစ်အသင်းက အဖြူရောင်အင်္ကျီကို ဝတ်ဆင်ကစားမည်ဖြစ်ကြောင်း သိရသည်။

ဂိုးရှိရန် ဖန်တီးပေးနိုင်မှု အကောင်းဆုံး ဘောလုံးသမားများ ထဲတွင် အီတလီအသင်းမှ တော့တီနှင့် ပီယာလိုတို့ ပါဝင်ပြီး ပြင်သစ်မှ ဗီယာရာ ပါဝင်နေသည်။ အီတလီဂိုးသမား ဘူဖွန်သည် အကြိမ်အများဆုံး ကာကွယ်နိုင်သည့် ဂိုးသမားများထဲတွင် ပါဝင်ပြီး ၃၄ကြိမ် ကာကွယ်နိုင်ခဲ့ကြောင်း သိရသည်။ **အီတလီနည်းပြ မာဆယ်ဆယ်လိုလစ်ပီက အသက် ၅၈ နှစ်၊ ပြင်သစ်နည်းပြ ဒိုမီနစ်ချ်က အသက် ၅၄နှစ်ဖြစ်သည်။ အီတလီနည်းပြ လစ်ပီက အသက်လေးနှစ် ပိုကြီးသလို နည်းဗျူဟာ ကျွမ်းကျင်မှု၌ ပြင်သစ်နည်းပြ ဒိုမီနစ်ချ်ထက် အနည်းငယ်သာသည်။ အိမ်ရှင်ဂျာမနီကို အနိုင်ရခဲ့သောပွဲတွင် အီတလီနည်းပြ မာဆယ်လိုလစ်ပီ၏ပညာခန်းကို တွေ့ခဲ့ရသည်။ ဂျာမနီနည်းပြ ကလင်းစမန်း၏ နည်းပြအတွေ့အကြုံ နုနယ်မှုကို အီတလီနည်းပြ လစ်ပီက အခွင့်ကောင်းယူ အောင်ပွဲခံသွားခြင်းဖြစ်သည်။** ယခုကမ္ဘာ့ဖလားပွဲ၌ နည်းပြဆိုအိုမှဟု ပြောရမလိုပင် အသက်ကြီးရင့်သော နည်းပြများက ပိုမို၍ အောင်မြင်မှု ရနေသည်။

အရန်အင်အားကောင်း

အီတလီနှင့် ပြင်သစ်တို့ ဂိုးသမားချင်းယှဉ်ပါက ဘူဖွန်က ဘားသက်ဇ်ထက် ပို၍အစွမ်းပြ ကာကွယ်နိုင်သည်။ အသက်အရွယ်အရ ဘားသက်ဇ်၏ လက်ရည် ကျစပြလာနေသည်။ ကမ္ဘာ့ဖလားပြိုင်ပွဲတစ်လျှောက် ၁၆ပွဲ ကစားထားရာ ခုနစ်ဂိုးသာအသွင်းခံရသည့် ဘားသက်ဇ်၏ ဂိုးဖမ်းသမ္မာကိုတော့ လျှော့တွက်၍ မရပေ။ နောက်တန်းချင်းယှဉ်လျှင် အီတလီနောက်တန်းကို ပိုကြိုက်မိသည်။ နက်စတာ မပါနိုင်သေးသည့်တိုင် ကန်နာဗာရို၊ မာတာရာဇီ၊ ဇမ်ဘရော့တာ၊ ဂရော့ဆိုတို့နှင့်ပင်လျှင် တောင့်တင်းနေပြီဖြစ်သည်။ အီတလီနောက်တန်းကို ပြိုင်ဘက် တိုက်စစ်မှူးများ ဖောက်ထွက်ရန် ခက်ခဲလှရာ အွန်နရီ၏ အစွမ်းကို ကြည့်ရမည်ဖြစ်သည်။ ပြင်သစ်နောက်တန်းကလည်း တစ်ပွဲထက်တစ်ပွဲ အမှားနည်းလာသည်။ ဆစ်ဂညော၊ သူရမ်၊ ဂါးလက်စ်၊ အဘီဒယ်လ်တို့ ကစားပုံ တည်ငြိမ်ပြီး အဖျက်နှင့် အပို့ စွယ်စုံရသည်။ အလယ်တန်းကိုကြည့်ပါက ပြင်သစ်က ပိုအားကောင်းသည်။ ဗီယာရာနှင့် မက်ခီလီလီတို့ ဘောလုံးအဖျက်ကောင်းပြီး ဇီဒန်း၊ ရီဘာရီနှင့် မာလူဒါတို့က တိုက်စစ်ကို ကောင်းကောင်း ပံ့ပိုးနိုင်သည်။ ရှေ့တန်းက အွန်နရီနှင့် လူကာတိုနီတို့ကို ချိန်ထိုးကြည့်လျှင် အွန်နရီကို ပိုကြိုက်သည်။ အီတလီက အရန် အင်အားကောင်းသဖြင့် အချိန်ပိုအထိ ခရီးဆက်ရလျှင် ကစားသမား အပြောင်းအလဲလုပ်ပြီး ကစားအား မြှင့်တင်နိုင်စွမ်းရှိသည်။ အသင်းလိုက်အားတွင် အီတလီကို သဘောကျသော်လည်း ဘောလုံးမျော်အစွမ်းပိုင်ရှင် ပြင်သစ်အသင်းခေါင်းဆောင် ဇီဒန်းက အနိုင်ရအောင်ကစားသွားမည် ယူဆပါကြောင်း ပွဲကြိုအဖြစ် သုံးသပ်ဖော်ပြလိုက်ပါသည်။ ။

၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား
၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား

ဖီဖာ၏ ကမ္ဘာ့အကောင်းဆုံးဘောလုံးအသင်း ကြေညာ

ဘာလင် ဇူလိုင် ၈

ဖီဖာက ကမ္ဘာ့အကောင်းဆုံး ဘောလုံးအသင်း စာရင်းကို ထုတ်ပြန်ကြေညာလိုက်ရာ အင်္ဂလန်ကစားသမားများထဲမှ တစ်ဦးတည်းသာလျှင်ပါဝင်လာသည်။ ၎င်းမှာ ချယ်လ်ဆီး နောက်တန်း ကစားသမားဖြစ်သူ ဂျွန်တယ်ရီ ဖြစ်သည်။

၎င်းပြင် အာဖရိကနှင့်အာရှနိုင်ငံများမှ ကစားသမားများလည်း ထိုအသင်းတွင် ပါဝင်ခြင်းမရှိပေ။

ဖီဖာ၏နည်းစနစ်ပိုင်းဆိုင်ရာလေ့လာရေးအဖွဲ့က အီတလီမှကစားသမား ခုနစ်ဦးနှင့် ပြင်သစ်မှလေးဦး အပါအဝင် စုစုပေါင်း ကစားသမား ၂၃ ဦးဖြင့် ဖီဖာ၏ အကောင်းဆုံးဘောလုံးအသင်းကို ဖွဲ့စည်းလိုက်သည်။

ထိုကမ္ဘာ့အကောင်းဆုံးဘောလုံးအသင်းတွင် ဘရာဇီးတိုက်စစ်မှူးရော်နယ်ဒို သုံးဂိုးသွင်းနိုင်ခဲ့သော်လည်း အကောင်းဆုံးဘောလုံးအသင်းစာရင်းတွင် မပါဝင်ခဲ့ပေ။ ဘရာဇီးအသင်းမှ ဇီရော်ဘတ်တိုတစ်ဦးသာလျှင် ပါဝင်ခဲ့သည်။

အင်္ဂလန် နောက်တန်းကစားသမားဖြစ်သူ ဂျွန်တယ်ရီ။

ဖီဖာ၏ကမ္ဘာ့အကောင်းဆုံးဘောလုံးအသင်း

ဂိုး	–	ဘတ်ဖွန်(အီတလီ)၊ လေးမန်း(ဂျာမနီ)၊ ရီကာဒို(ပေါ်တူဂီ)။
နောက်တန်း	–	အာယာလာ(အာဂျင်တီးနား)၊ဂျွန်တယ်ရီ(အင်္ဂလန်)၊ သူရမ်(ပြင်သစ်)၊ ဖီးလစ်လမ်း(ဂျာမနီ)၊ ကင်နာဗာရို (အီတလီ)၊ ဇမ်ဘရော့တာ (အီတလီ)၊ ကာဗယ်ဟို(ပေါ်တူဂီ)။
အလယ်တန်း	–	ဇီရော်ဘတ်တို(ဘရာဇီး)၊ ဗီယာရာ(ပြင်သစ်)၊ ဇီဒန်း(ပြင်သစ်)၊ မိုက်ကယ်ဘောလက်(ဂျာမနီ)၊ ပီယာလို(အီတလီ)၊ ဂတ်တူဆို(အီတလီ)၊ ဖီဂို(ပေါ်တူဂီ)၊ မန်နစ်ချ်(ပေါ်တူဂီ)။
ရှေ့တန်း	–	ခရက်စပို(အာဂျင်တီးနား)၊ အွန်နရီ(ပြင်သစ်)၊ ကလိုဆေး(ဂျာမနီ)၊ တော့တီ(အီတလီ)နှင့် လူကာတိုနီ(အီတလီ) တို့ဖြစ်သည်။

(အင်တာနက်)

တင်ပြသူ မြင့်မောင်စိုး

အီတလီ နည်းပြ

အီတလီနည်းပြ မာဆယ်လိုလစ်ပီ။

အီတလီနည်းပြလစ်ပီ ဇီဒန်းကို ချီးမွမ်းခန်းဖွင့်

ဘာလင် ဇူလိုင် ၈

ပြင်သစ်အသင်းခေါင်းဆောင် ဇီဒန်းသည် ပြင်သစ်တစ်သင်းလုံးကို အကောင်းဆုံး ဦးဆောင်နိုင်ခဲ့သည့် အသင်းခေါင်းဆောင်ကောင်းဖြစ်ကြောင်း အီတလီနည်းပြ မာဆယ်လိုလစ်ပီက ချီးကျူးစကား ပြောကြားလိုက်သည်။

အနားယူမည်

ရီးရဲမက်ဒရစ်တိုက်စစ်မှူး ဇီဒန်းသည် ယခုကမ္ဘာ့ဖလားဗိုလ်လုပွဲပြီးလျှင် နိုင်ငံကိုယ်စားပြုဘောလုံးသမားဘဝမှ အနားယူလိမ့်မည်ဖြစ်သည်။ ၎င်းသည် ဂျူဗင်တပ်စ်တွင် လစ်ပီ၏ အုပ်ချုပ်မှုအောက်၌ သုံးနှစ်ကြာကစားခဲ့ဖူးသည်။

ပြင်သစ်အသင်းသည် ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ခြင်းမှာ ဇီဒန်း၏ ပွဲစဉ်များ တစ်လျှောက်လုံး ကြိုးပမ်းခဲ့မှုများကြောင့်ပင်ဖြစ်ကြောင်း ၎င်းက ပြောကြားလိုက်သည်။ ဇီဒန်းသည် လွန်ခဲ့သော အနှစ် ၂၀က အကောင်းဆုံး ဘောလုံးသမားဖြစ်နိုင်သည်ဟူ၍လည်း ၎င်းက ချီးမွမ်းလိုက်ပြန်သည်။

ထိန်းနိုင်မည်

သို့ရာတွင် ပြင်သစ်အသင်းခေါင်းဆောင် ဇီဒန်း၏ ကွင်းလယ်ကစားကွက်ကို အီတလီကွင်းလယ်ဖန်တီးရှင် ဂတ်တူဆိုက ထိန်းထားနိုင်လိမ့်မည်ဟု ယုံကြည်သည်ဟု ဆိုသည်။

မိမိတို့အသင်းတွင် ဇီဒန်းကဲ့သို့ ဂတ်တူဆိုလည်း စွမ်းဆောင်နိုင်ကြောင်း အီတလီနောက်တန်းလူ မာတာရာဇီက ပြောကြားသည်။ ၎င်းနောက်တန်း ကစားသမားသည် ပြင်သစ်တိုက်စစ်မှူး အွန်နရီ၏ ဂိုးသွင်းလမ်းကြောင်းကို ဖြတ်တောက်မည့်သူများ ဖြစ်သည်။ **(အင်တာနက်)**

ကမ္ဘာ့ဖလား သတင်းဂယက်

ကမ္ဘာ့အကောင်းဆုံးလူငယ်ကစားသမားဆု ဂျာမနီမှ ပိုဒေါစကီး ဆွတ်ခူးသွားပြီ

မြူးနစ် ဇူလိုင် ၈

ဂျာမနီတိုက်စစ်မှူး ပိုဒေါစကီးသည် ဖီဖာ၏ ကမ္ဘာ့အကောင်းဆုံးလူငယ်ကစားသမားဆုကို ပြိုင်ဘက် ပေါ်တူဂီ တောင်ပံကစားသမား စီရိုနယ်ဒိုအား ကျော်ဖြတ်လျက် ဆုဆွတ်ခူးသွားနိုင်ခဲ့ပြီဖြစ်သည်။

အသက်၂၀အရွယ်ရှိ ပိုဒေါစကီးသည် တတိယနေရာလုပွဲ မကစားမီ ခြောက်ပွဲကစားခဲ့ရာ သုံးဂိုးသွင်းပေးနိုင်ခဲ့သည်။

အကောင်းဆုံး လူငယ်ကစားသမားဆုရ ဂျာမနီတိုက်စစ်မှူး

ကမ္ဘာ့ အကောင်းဆုံး လူငယ် ကစားသမားဆုရ (အသက် ၂၀) ရှိ ဂျာမနီ တိုက်စစ်မှူး ပိုဒေါစကီး။

ပို၍ အောင်မြင်မှုရရှိလာနိုင်

မိမိအနေဖြင့် ကမ္ဘာ့ဖလားကို ရယူပေးရန် ကြိုးစားခဲ့ကြောင်း၊ သို့သော်လည်း ယခု အကောင်းဆုံးလူငယ်ကစားဆုသည်လည်း အလွန်ရခဲသည့် ဆုဖြစ်ကြောင်း၊ ယင်းဆုမှသည် ပို၍အောင်မြင်မှုရရှိလာနိုင်ကြောင်း ပိုဒေါစကီးက ပြောကြားသည်။

ထိုဆုကိုရွေးချယ်ရာတွင် ကစားသမားများ၏ အဓိကစွမ်းဆောင်ရည်ရှိပြီး မျှတစွာကစားခြင်းကို ထည့်သွင်းစဉ်းစားသည့် အချက်တစ်ချက်ဖြစ်ကြောင်း ဖီဖာ၏ နည်းစနစ်ပိုင်း လေ့လာရေးအဖွဲ့ အကြီးအကဲ ဟိုဂျာအိုဆီယက်က ပြောကြားသည်။

(အင်တာနက်)

ကမ္ဘာ့ဖလား ဗိုလ်လုပွဲအကြို နောက်ဆုံးသတင်းများ

စုစည်းတင်ပြသူ မောင်မောင်မြင့်ဆွေ



ပြင်သစ် တိုက်စစ်မှူး အွန်နရီ။

ဘာလင် ဇူလိုင် ၈

၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ နောက်ဆုံး ဗိုလ်လုပွဲကို ဇူလိုင် ၁၀ရက် နံနက် ၀၀း၃၀နာရီတွင် ပြင်သစ်နှင့် အီတလီအသင်းတို့ ကမ္ဘာ့ဖလားရရှိရေးအတွက် အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြတော့မည် ဖြစ်သည်။ ကမ္ဘာတစ်ဝန်းမှ ဘောလုံးပရိသတ်ကြီးလည်း ဂျာမနီနိုင်ငံ၌ ဖြစ်ပျက်နေသော နောက်ဆုံးဗိုလ်လုပွဲနှင့် ပတ်သက်သည့် သတင်းများကိုနားစွင့်လျက်ရှိရာ နောက်ဆုံးရရှိသည့်သတင်းများကို စုစည်းဖော်ပြလိုက်ပါသည်။

ယနေ့ပွဲအတွက် ပြင်သစ်နည်းပြ စိတ်လှုပ်ရှားနေ

ကမ္ဘာ့ဖလားရရှိရေး နောက်ဆုံး အဆုံးအဖြတ်ပေးမည့် ပြိုင်ပွဲဖြစ်သဖြင့် မိမိအရမ်းစိတ်လှုပ်ရှားနေကြောင်း၊ အထူးသဖြင့် အီတလီလို အသင်းမျိုး နှင့် ရင်ဆိုင်ကစားရမည့် အဖြစ်မှာ စိတ်လှုပ်ရှားမှုထိန်း၍ မရကြောင်း ပြင်သစ်နည်းပြ ဒိုမီနစ်ချ်က ပြောကြားလိုက်သည်။

မိမိသည် အီတလီ၏ ကစားမှု၊ စုစည်းမှု၊ ကစားအားနှင့် တိုက်စစ်၊ခံစစ်တို့ကို လွန်စွာသဘောကျသူဖြစ်ကြောင်း၊ ယခုအခါ အီတလီနှင့် ဗိုလ်လုပွဲ၌လာတွေ့ခြင်းသည် မိမိအတွက် စိတ်တည်ငြိမ်မှုမရအောင်ပင် ဖြစ်ရကြောင်း ၎င်းက ပြောကြားသည်။

ဗိုလ်လုပွဲ၌အာဂျင်တီးနားဒိုင်လူကြီးတာဝန်ယူရမည်

ပြင်သစ်နှင့် အီတလီတို့ယှဉ်ပြိုင် ကစားမည့် ကမ္ဘာ့ဖလားနောက်ဆုံး ဗိုလ်လုပွဲကို ကွင်းလယ်ဒိုင်လူကြီးအဖြစ် အာဂျင်တီးနားနိုင်ငံသား ဟိုရာစီရိုအယ်လီဇွန်ဒိုက တာဝန်ယူဆောင်ရွက်မည်ဟု ဖီဖာက သတင်းထုတ်လိုက်သည်။

အသက် ၄၂နှစ်အရွယ်ရှိ အာဂျင်တီးနားဒိုင်လူကြီး အယ်လီဇွန်ဒိုသည် အင်္ဂလန်နှင့် ပေါ်တူဂီပွဲတွင် ကွင်းလယ်ဒိုင်လူကြီးအဖြစ် တာဝန်ယူခဲ့သူဖြစ်ပြီး ရွန်နေကို အနီကတ်တိုက်ရိုက်ပြကာ ကွင်းအတွင်းမှ ထုတ်ပစ်ခဲ့သူဖြစ်သည်။

ထို့အပြင် အယ်လီဇွန်ဒိုသည် ကမ္ဘာ့ဖလားဘောလုံးပွဲ အဖွင့်ပွဲစဉ်ဖြစ်သည့် ဂျာမနီနှင့် ကော့စတာရီကာပွဲ၌ ကွင်းလယ်ဒိုင်လူကြီးအဖြစ် တာဝန်ယူခဲ့ရာ ကမ္ဘာ့ဖလားသမိုင်းတွင်အဖွင့်ပွဲနှင့် အပိတ်ပွဲစဉ်များ၌ တစ်ဦးတည်း တာဝန်ယူသည့် ပထမဆုံးသော ဒိုင်လူကြီးဖြစ်လာသည်။

မိမိတွင်ဖိအားမရှိကြောင်း အွန်နရီ ပြောကြား

အီတလီနှင့်ကစားမည့်ဗိုလ်လုပွဲတွင် မိမိအပေါ် အလွန်အမင်း မျှော်လင့်အားထားနေမှုကို အွန်နရီက ပရိသတ်၏ ဆန္ဒကို ဖြည့်ဆည်းခြင်းထက် မိမိအကောင်းဆုံးစွမ်းဆောင်

အီတလီနည်းပြ မာဆယ်လိုလစ်ပီ။

ပေးရန်သာ အလေးထားသွားမည်ဖြစ်ကြောင်း ပြင်သစ်တိုက်စစ်မှူးအွန်နရီက ပြောကြားလိုက်သည်။

ရသည့် အခွင့်အရေးကို ဂိုးရအောင် ဖန်တီးနိုင်မှုမှာ အရေးကြီးကြောင်း၊ မိမိတို့ ခြေကုန်ထုတ်ကစားကြရမည်ဖြစ်ကြောင်း၊ ကမ္ဘာ့ဖလားပြိုင်ပွဲ၌ အီတလီသည် အကောင်းဆုံးအသင်းဖြစ်ကြောင်း အွန်နရီက ပြောကြားသည်။

ပွဲကောင်းဖြစ်မည်ဟု အီတလီနည်းပြလစ်ပီ ပြောကြား

ကမ္ဘာ့ဖလားဗိုလ်လုပွဲ၌ ပြင်သစ်နှင့် ဆုံတွေ့ရခြင်းမှာ မိမိတို့ ပြိုင်ဘက်ကောင်းနှင့် ကြုံရခြင်းဖြစ်သည်ဟု မှတ်ယူထားကြောင်း၊ ပြိုင်ဘက်ကောင်းသဖြင့် ပွဲကောင်းဖြစ်မည်မှာ သေချာကြောင်း အီတလီနည်းပြမာဆယ်လို လစ်ပီက ပြောကြားလိုက်သည်။

ပြင်သစ်အသင်းကို မိမိဘက်စုံထောင့်စုံမှ လေ့လာပြီးဖြစ်ကြောင်း၊ အီတလီဘောလုံးသမားများအား ပြင်သစ်ကစားသမား တစ်ဦးချင်း အနေအထားကို သတိပေးထားကြောင်း၊ ယနေ့ပွဲသည် ခက်ခဲသည့်ပွဲဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဂျာမနီပရိသတ် ပြင်သစ်ကိုအားပေးမည်

ကမ္ဘာ့ဖလားဗိုလ်လုပွဲ၌ အိမ်ရှင်ဂျာမနီ ပရိသတ်က ပြင်သစ်အသင်းကို အားပေးမည်ဖြစ်ကြောင်း၊ အီတလီအသင်းအပေါ် ပြင်သစ်တို့ အနိုင်ရမှုကို မြင်တွေ့လိုကြောင်း ဂျာမနီမီဒီယာများက အလွတ်သဘောပြုလုပ်သော သဘောထားလေ့လာမှုတစ်ရပ်၌ ဖော်ပြသည်။

ဂျာမနီပရိသတ်များက မိမိတို့ ဂျာမနီအသင်းဗိုလ်စွဲသည်ကိုသာ မြင်တွေ့လိုကြောင်း၊ သို့သော် မဖြစ်နိုင်တော့ကြောင်း၊ ပြင်သစ်အသင်းကိုအနိုင်ရစေချင်ကြောင်း ပြောကြားသူ များပြားသည်ဟု အဆိုပါလေ့လာချက်၌ ဖော်ပြထားသည်။ ။

- **စကိုလာရီ ပေါ်တူဂီအသင်း၌ ဆက်ရှိနေမည်။**
- **ဂျာမနီနိုင်ငံ ဘာလင်မြို့၌ မိုးသည်းထန်စွာ ရွာသွန်းနေသဖြင့် ဗိုလ်လုပွဲကျင်းပမည့် အိုလံပီယာကစားကွင်း အနေအထားကို ဖီဖာ စဉ်းစားနေ။**

(အင်တာနက်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန “လျှပ်စစ်ဓာတ်အားသုံးစွဲသူများသို့ အသိပေးချက်”

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း (M.E.P.E)နှင့် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ (Y.E.S.B)တို့ထံမှ ဓာတ်အားဝယ်ယူသုံးစွဲလျက်ရှိသော ဓာတ်အား သုံးစွဲသူများ၏ မီတာများကို တာဝန်ကျမီတာစာရေးများက လစဉ်အောက်ပါအတိုင်း ဆောင်ရွက်သွားပါမည်-

၁။ လ၏(၁)ရက်နေ့မှ(၅)ရက်နေ့အတွင်း တာဝန်ကျ မီတာစာရေးများက ပြီးခဲ့သောလ၏ သုံးစွဲယူနစ်အား လာရောက်ဖတ်ပါမည်။

၂။ လ၏(၆)ရက်နေ့မှ (၁၀)ရက်နေ့အတွင်း ငွေတောင်းခံလွှာများပြုလုပ်ပါမည်။

၃။ လ၏(၁၁)ရက်နေ့မှ(၁၅)ရက်နေ့အတွင်း မီတာဖတ် စာရေးများက ကျသင့်ငွေ တောင်းခံလွှာများအား ထပ်မံလာရောက်ဝေငှပါမည်။

၄။ လ၏(၁၆)ရက်နေ့မှ (၂၅)ရက်နေ့အတွင်း ဓာတ်အားသုံးစွဲသူများက မိမိတို့ ပေးဆောင်ရမည့် ကျသင့်ငွေများအား သက်ဆိုင်ရာ မြို့နယ်များရှိ ငွေလက်ခံကောင်တာများတွင် ငွေပေးသွင်းရမည့် သတ်မှတ်ရက်အလိုက် မပျက်မကွက် လာရောက်ပေးဆောင်ရပါမည်။

၅။ လ၏(၂၆)ရက်မှစ၍ သတ်မှတ်ရက်အတွင်း ငွေသွင်းရန် ပျက်ကွက်သူများသည် ဓာတ်အားဖြတ်တောက်မှုခံရပါမည်။

၆။ သို့ဖြစ်ပါ၍ ဓာတ်အားသုံးစွဲသူများက လ၏(၁)ရက်မှ(၅)ရက်နေ့အတွင်း မီတာများ အလွယ်တကူ ဖတ်ရှုနိုင်ရေး၊ လ၏(၁၁)ရက်မှ(၁၅)ရက်အတွင်း ငွေတောင်းခံလွှာများလာရောက်ပေးမှုကို လက်ခံရယူနိုင်ရေး ဝိုင်းဝန်းကူညီကြပါရန်နှင့် ကျသင့်သော ဓာတ်အားခငွေများအား သတ်မှတ်ရက်အတွင်း အချိန်မီပေးသွင်းကြပါရန် အသိပေးအပ်ပါသည်။

(အထက်ပါ ဆောင်ရွက်ချက်များကို ဇူလိုင်လသုံးစွဲသော မီတာအား ဩဂုတ်လ(၁)ရက်နေ့တွင် စတင်ဖတ်ခြင်းမှပြုလုပ်သွားမည်ဖြစ်ပြီး နောင်လစဉ်အထက်ပါ အစီအစဉ်အတိုင်း ဆောင်ရွက်သွားပါမည်။)

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့်
ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့။

အမှတ် (၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီး ဇော်မင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Power Investment Corporation မှ Vice President Mr.Mao Guoquan နှင့်အဖွဲ့ လာရောက်တွေ့ဆုံပြီး အမှတ်တရ ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းအား တရုတ်ဧည့်သည်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၈

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Power Investment Corporation မှ Vice President, Mr. Mao Guoquan နှင့်အဖွဲ့သည် ဇူလိုင်၆ရက်တွင် နေပြည်တော်ရှိ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်နှင့် ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မဟာသန္တိသုခ ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇူလိုင် ၈

မဟာသန္တိသုခဗုဒ္ဓသာသနာပြု ကျောင်းတော်ကြီး၏ ပဓာနနှင့် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ ကျောင်းနေသံဃာတော်နှင့် ပင့်သံဃာတော်များ စုစုပေါင်း ၃၅ပါးတို့အား ဂေါပကအလုပ်အမှုဆောင်အဖွဲ့၊ ပညာရေးနှင့် သင်ကြားပို့ချရေးကော်မတီ၊ ဆွမ်းဝေယျာဝစ္စ အမျိုးသမီးအဖွဲ့၊ ကျန်းမာရေးနှင့် လူမှုဝန်ထမ်းရေးရာအဖွဲ့၊ မဟာသန္တိသုခ အဘိဓမ္မာသင်တန်း၊ တာမွေမြို့နယ် အထက(၄)နှင့် အလှူရှင်များစုပေါင်း၍ (၁၀)ကြိမ်မြောက်အဖြစ် ကျောင်းတော်ကြီး၏ သတ္တမထပ် မဟာကမ္မဋ္ဌာန်းဆောင်ခန်းမကြီး၌ ဇူလိုင် ၁၅ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်ရာ လှူဒါန်းကုသိုလ် ပါဝင်လိုသူများ ဖုန်း-၅၄၄၇၀၂ နှင့် ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

မြန်မာနိုင်ငံအနှံ့အပြား၌ အဆက်မပြတ်မိုးရွာသွန်းမှုကြောင့် ဒေသအချို့၌ ရေကြီးရေလျှံမှုများဖြစ်ပွား

နေပြည်တော် ဇူလိုင် ၈

လွန်ခဲ့သည့်ရက်များအတွင်းတွင် မြန်မာနိုင်ငံအနှံ့အပြား၌ အဆက်မပြတ် မိုးရွာသွန်းမှုများ ဖြစ်ပွားခဲ့သဖြင့် မြစ်ချောင်းများတွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သည်။

ရေလွှမ်းမိုး

ယင်းကဲ့သို့ အဆက်မပြတ် မိုးရွာသွန်းမှုများကြောင့် မွန်ပြည်နယ်အတွင်း မော်လမြိုင်၊ ကျိုက်ထို၊ ဘီးလင်းနှင့် မုဒုံ မြို့နယ်တို့၌လည်းကောင်း၊ ကရင်ပြည်နယ်အတွင်း ဘားအံနှင့် ကြာအင်းဆိပ်ကြီးမြို့နယ်တို့၌ လည်းကောင်း၊ တနင်္သာရီတိုင်း အတွင်း တနင်္သာရီ၊ ထားဝယ်၊ ရေးနှင့် ရေဖြူ မြို့နယ်တို့၌ လည်းကောင်း၊ မြစ်ချောင်းများ အနီးရှိ ရပ်ကွက်၊ ကျေးရွာများနှင့် ကားလမ်း၊ ရထားလမ်းအချို့၌ ရေလွှမ်းမိုးမှုများဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

အဆိုပါ ရေလွှမ်းမိုးမှုများကြောင့် ဇူလိုင်၆ရက် နံနက်ပိုင်းတွင် ဘားအံမြို့ အမှတ် (၆) ရပ်ကွက်ရှိ အထက(၄) လမ်းရေကျော်ရာမှ ဦးအောင်ခင်စိုး၏ သား မောင်ထွန်းမြင့်အောင် အသက် (၁၈)နှစ်သည် ဆိုင်ကယ်စီးလာရာမှ လမ်းဘေးရေမြောင်းအတွင်း ချော်ကျ မျောပါ၍ ရေနစ်သေဆုံးခဲ့ပြီး ကျိုက်ထိုမြို့ ကျိုက်ထီးရိုးဘုရားနယ်မြေ မုဆိုးတောင်စေတီ အနောက်ဘက် လူသွားလမ်းအနီး မြေကမ်းပါးပြိုကျရာမှ ကမ်းပါးပေါ်ရှိ ယာယီတဲတစ်လုံးသည် မြေထုနှင့်အတူ ချောက်အတွင်းပြိုကျ၍တဲအတွင်း နေထိုင်ကြသည့် ကိုနိုင်လင်းထွန်းနှင့်ဇနီး မဇင်မာတို့ နှစ်ဦးပါရှိ ပျောက်ဆုံး သွားခဲ့ကြောင်းနှင့် ကျန် ဖြစ်စဉ်များတွင် လူသေကျေဒဏ်ရာရမှု မရှိဘဲ တာဝန်ရှိသူများက ရေလွှမ်းမိုးမှု ကင်းလွတ်ရာ နေရာများသို့ အချိန်မီ ကယ်ဆယ် ရွှေ့ပြောင်းပေးနိုင်ခဲ့ကြောင်း သိရှိရသည်။

ထောက်ပံ့ကူညီ

ယခုအခါ အဆိုပါဒေသများ၌ ရေလွှမ်းမိုးမှုများ လျော့ပါးသွားပြီဖြစ်၍ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ရေဘေးသင့်သူများအား နေအိမ်များသို့ ပြန်လည်ရွှေ့ပြောင်းရေးနှင့် ရေဘေး ကယ်ဆယ်ရေးလုပ်ငန်းများကို ပံ့ပိုး ဆောင်ရွက်ပေးကြပြီး ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ လိုအပ်သော ထောက်ပံ့ကူညီမှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကံမမြို့နယ်အသင်း ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၈

ကံမမြို့နယ်အသင်း(ရန်ကုန်)က ကြီးမှူး၍ ရန်ကုန်မြို့တွင် ကျောင်းထိုင် ဆရာတော်ကြီးများအဖြစ် သီတင်းသုံးလျက်ရှိကြသော ကံမမြို့နယ်ဇာတိ ဆရာတော် ၁၆ပါးအား ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးလမ်း မဟာပုညောပကာရဓမ္မာရုံ၌ ဇူလိုင် ၁၆ ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင် ကျင်းပမည်ဖြစ်ရာ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းအောင် ဖုန်း-၅၄၁၇၇၃၊ ဦးစိုးငြိမ်း ဖုန်း-၂၄၄၇၆၀၊ ဦးသိန်းတန် ဖုန်း-၅၀၃၈၀၃၊ ဦးအေးလွင် ဖုန်း-၅၂၆၆၃၈နှင့် ဦးခင်ဇော် ဖုန်း-၅၁၇၀၇၂တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်ရှိ ဝါရှောင်ဆည်အတွင်း ရေစီးဝင်မှုများ၍ ရေလျှံထိန်းတာပေါင် ချိုးဖောက်ခဲ့ရ

နေပြည်တော် ဇူလိုင် ၈

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်အတွင်း ဇူလိုင် ၅ရက်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဝါရှောင်ဆည်အတွင်း စီးဝင်သည့် တောင်ကျချောင်းများမှ ရေများသည် တစ်ရှိန်ထိုးစီးဝင်၍ ဆည်တာပေါင်ပေါ်သို့ ရေကျော်မြင့်တက်ခဲ့သည်။

ဆည်ရေလျှော့ချ

ထိုနေ့ မွန်းလွဲပိုင်းတွင် ဆည်ရေ ပိုမိုမြင့်တက်လာမှုကြောင့် ရေလွှဲဆည် ထိခိုက်မှုမရှိစေရန် တာဝန်ရှိသူများက ရေလျှံထိန်းတာပေါင်ကို အကျယ်ပေ ၂၀၀ခန့် ချိုးဖောက်၍ ဆည်ရေလျှော့ချခဲ့ကြောင်း သိရှိရသည်။

ထိုသို့ ဆည်ရေလျှော့ချသွားသည်နှင့် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများသည် စုပေါင်း၍ ဆည်အတွင်း ဝင်ရောက်လျက်ရှိသည့် သစ်၊ ဝါးများ၊ အမှိုက်သရိုက်များကို လူအား၊ စက်အားဖြင့် ရှင်းလင်း ဖယ်ရှားလျက်ရှိပြီး ချိုးဖောက်ခဲ့သည့် ရေလျှံထိန်းတာပေါင်ကို ပြန်လည်ပြုပြင်ဆည်ဖို့နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ဇူလိုင် ၁ ရက်က ရန်ကင်း အခြေခံပညာအလယ်တန်းကျောင်း အမှတ်(၄)၌ ပညာသင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲ အခမ်းအနားကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နီလာအောင်က ကျောင်းသူတစ်ဦးအား သင်ယူပြီးမြောက်ခြင်း လက်မှတ်ချီးမြှင့်စဉ်။ (က-ပ)

မြစ်ရေကြီးမှု အခြေအနေ

ရန်ကုန် ဇူလိုင် ၈

စစ်တောင်း မြစ်ရေသည် ယနေ့ နံနက် မြန်မာစံတော်ချိန် ၀၆:၃၀ နာရီ တိုင်းထွာချက်အရ မဒေါက်မြို့၌ ၁၁၄၇ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၀၇၀ အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ရွှေကျင်မြစ်ရေသည် ယနေ့ နံနက် မြန်မာ စံတော်ချိန် ၀၆:၃၀နာရီ တိုင်းထွာချက်အရ ရွှေကျင်မြို့၌ ၇၄၆ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၄၈နာရီအတွင်း ယင်း မြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၇၀၀ အထက်တွင် ဆက်လက် တည်ရှိနိုင်ကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။ (သတင်းစဉ်)

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ပဲခူးတိုင်း၊ ကျောက်တံခါးမြို့၊ အမှတ်-ကစ/၁၅၁၊ နှင်းဆီလမ်း၊ စာတိုက်ရပ်ကွက်နေ ဦးသိန်းဆွေ(တိုးတက်သမအသင်းလီမိတက်)-ဒေါ်သန်းနွဲ့တို့၏ သားကြီး

ဗိုလ်ကြီးရန်နောင်စိုး
B.Sc(D.S.A), M.Sc (Physics) နှင့်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ် ၁၀၉၊ ၃၄ လမ်း(အလယ်)၊ (၂)ရပ်ကွက်နေ ဦးညွန့်ဦး(ပြည်ကျော်ပုံနှိပ်တိုက်)-ဒေါ်ခင်ဝင်း(စန္ဒာညွန့်စာပေတိုက်)တို့၏ တစ်ဦးတည်းသော သမီး

မမြတ်ဇင်ဇင်မိုး(ခ)မိုးမိုးလွင်
B.Sc(Physics) Q, M.Sc (Physics)

တို့သည် ၇-၇-၂၀၀၆ရက်တွင် နှစ်ဖက်သောမိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိ လူကြီးမင်းများ၏ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးရန်နောင်စိုး-မမြတ်ဇင်ဇင်မိုး(ခ)မိုးမိုးလွင်။

ထိမ်းမြားလက်ထပ်ပြီးစီးခြင်း

ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့၊ ပြည်တော်သာရပ်ကွက်နေ ဦးဦးထွန်းသာ-ဒေါ်ဦးခင်ညွန့် တို့၏သားကြီး

မောင်အောင်သန်းမိုး B.E (Electronic)

နှင့်

ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့၊ ပြည်တော်သာရပ်ကွက်နေ ဦးထွန်းရွှေ- ဒေါ်ဖြူဖြူမာ တို့၏သမီးလတ်

မစိုးစိုးခိုင်
B.A (Myanmar), M.A(Myanmar)

တို့သည် ၈-၇-၂၀၀၆ရက်(စနေနေ့)တွင် ရန်ကုန်မြို့၌ ထိမ်းမြားလက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်အောင်သန်းမိုး-မစိုးစိုးခိုင်။

မိုးအတင့်အသင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးအတင့်အသင့်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခြင်း

ကိုထင်လင်းဦး ၉/မကန(နိုင်)၀၆၁၃၆၇ နှင့်

မစောဥမ္မာထိုက် ၁၂/မရက(နိုင်)၀၁၉၅၂၀

တို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်တော့သည့်အတွက် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ကိုထင်လင်းဦးနှင့် မစောဥမ္မာထိုက်။

ထူးမြတ်သော လဝါဆို

"ကိုးခွင်ငယ် မှိုင်းပါလို့
မြင်တိုင်းမှာ မဲညို
လှဲ့လှဲ့ငယ်စိုသည်
ယုဂန္ဓိုရ် တောင်မဟာက
ပြုဗ္ဗာသဥ္ဇ ထွန်းတဲ့လကိုလေး။
ဆင်တာရာငယ်၊ ရာသီကရကဋ်
နရိန္ဒာလဲ၊ ညာတောင်နတ်နှင့်
ဖိုလ်မြတ်ကယ်နိဗ္ဗူ၊ အောင်ဆုယူလို့
ရှစ်ဖြူရိပ်စံ၊ ပဋ္ဌင်းတော်ခံသောခါ
ရေလျှံတဲ့ ဝါဆိုမှာ
ပုန်းညက်ညို မာလာမင်းက
သင်းလှတယ်လေး။ ။"

(မဟာအတုလမင်းကြီး)

နယုန်မိုးသေး မြက်သားမွေးပြီး၍ နယုန်ကြွေမူး ဝါဆိုဦးသို့ရောက်ခဲ့ပြီ။ ရေလျှံသည့် ဝါဆိုလတွင် ပုန်းညက်ပန်းများ ပွင့်လန်းသင်းပျံ့နေပါသည်။ "ဝါဆိုလပြောင်း၊ မိကျောင်းဖွေးဖွေး၊ မိုးအေးအေး"၊ "သန္တေ တောထွက်၊ ဓမ္မစက်၊ တစ်ချက်ပြာဋိဟာ"၊ "ဝါဆိုကရကဋ်၊ လပြာသာဒ်၊ တည့်မတ် အာသဠ်"ဟူသည့် ဆိုရိုးစကားများနှင့်အညီ မိုးကအေးအေး ရေကဖွေးဖွေးတွင် တောပန်းတောင်ပန်းကလေးများ ဖူးပွင့်နေကြသည်။ ဝါဆိုလတွင် ဝါဆိုပန်းခူးထွက်ခြင်းမှာ မြန်မာ့ယဉ်ကျေးမှု ဓလေ့စရိုက်ဖြစ်သည်။

"ဝါဆိုဝါခေါင် ရေဖောင်ဖောင်" ဆိုသကဲ့သို့ ဝါဆိုလသည် မြစ်ချောင်း အင်းအိုင်တို့ ရေပြည့်သောလဖြစ်သည်။ ပုန်းညက်ပန်းများပွင့်သော လဖြစ်သည်။ တောပန်းအရိုင်းကလေးများသည်လည်း အပြိုင်အဆိုင်ပွင့်ကြသည်။ ဘုရားရှင်အား ကပ်လှူရန်ဟူသော ရည်ရွယ်ချက်ဖြင့် ဝါဆိုပန်းခူးထွက်ကြသော ကာလလည်းဖြစ်ပါသည်။

ဝါဆိုလသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း တွင်ကျယ်သော လလည်းဖြစ်သည်။ ကောက်ပင်များ ရှင်သန်အားကောင်းသည့် အချိန်ဖြစ်၍ ယင်းတို့ကို ပျိုးနုတ်ပြီး စနစ်တကျပြန်လည်ကောက်စိုက်သော အချိန်ကာလဖြစ်သည်။ ဝါဆိုလ၌ မြန်မာ့လယ်ယာမြေတစ်ခွင်လုံး စိုက်ပျိုးရေးအားမာန် တေးသံများဖြင့် စိုပြည်စည်ကားလျက်ရှိသည်။

ဝါဆိုလသည် ဘာသာရေးအရ အရေးပါသောလလည်းဖြစ်သည်။ ဝါဆိုလပြည့်နေ့သည် ဗုဒ္ဓ၏ဓမ္မစကြာ အခါတော်နေ့အဖြစ် မွန်မြတ်ထင်ရှားသည်။

ဝါဆိုရခြင်းအကြောင်းနှင့်စပ်လျဉ်း၍ ရှေးယခင်က ရဟန်းတော်တို့သည် ဝါဆိုလအခါ မိုးတွင်း ထွန်ယက်စိုက်ပျိုးချိန်၌ သွားရိုးသွားစဉ် ခရီးသွားလေ့ရှိကြသည်။ ဤသို့ခရီးသွားခြင်းဖြင့် လယ်ကန်သင်း၊ လယ်ကွင်းများကို ဖြတ်ကျော်သွားရသည့်အတွက် စိုက်ခင်းမှစပါးသီးနှံပင်များ ထိခိုက်ပျက်စီးကြသည်။ ပိုးမွှားသတ္တဝါများ သေကျေသည်လည်း ရှိကြသည်။ ထို့ကြောင့် လူပုဂ္ဂိုလ်တို့နှင့်တကွ သတ္တဝါတို့၏ အကျိုးစီးပွား မထိခိုက်စေရန် ဝါတွင်းသုံးလ၌ ခရီးမသွားဘဲ မိမိကျောင်း၌သာ သီတင်းသုံးကြရန် ဘုရားရှင်က ပညတ်တော်မူသည်။ ဤသို့ ပညတ်သည်မှစ၍ ရဟန်းသံဃာများ ဝါဆို၊ ဝါကပ်သည့်အလေ့ ပေါ်ပေါက်လာပြီး ဝါတွင်းသုံးလပတ်လုံး မိမိတို့သီတင်းသုံးရာကျောင်း၌ မပြတ်နေတော်မူရလေသည်။ လူပုဂ္ဂိုလ်တို့ကလည်း ရဟန်းတော်များအား ဝါတွင်းကာလ၌ ဆွမ်း၊ ဆေး၊ ဝတ္ထု၊ သင်္ကန်းများ ကပ်လှူကြရာ ယခုအခါ ဝါဆိုသင်္ကန်းကပ်လှူပွဲအဖြစ် ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်ကျင်းပ ပြုလုပ်လျက်ရှိသည်။

"သန္တေ တောထွက် ဓမ္မစက် နှုတ်မြွက်သံချို လဝါဆို" ဟူသော ဆိုရိုးစကား မော်ကွန်းတင်ထားချက်ရှိပါသည်။ မြန်မာ့ရှေးရိုး အစဉ်အလာအရ ရာသီတစ်ဆယ့်နှစ်ကွင်း၌ အထင်အလင်းပါရှိသော ဝါဆိုလကို မြင့်မြတ်လှသည်ဟု မှတ်ယူထားရှိခဲ့သည်။ အဘယ်ကြောင့် ဆိုသော် ဗုဒ္ဓဘာသာဝင်သူတော်စင်တို့ ရှိခိုးပူဇော်ကြသော သုံးလောက ထွတ်ထား သဗ္ဗညုရှင်တော်ဘုရား၏ ဘဝဖြစ်တော်စဉ်နှင့် ဤဝါဆိုလမှာ ဆက်စပ်လျက်ရှိသောကြောင့် ဖြစ်ပါသည်။

မဟာသက္ကရာဇ် ၆၇ခု ရာသီကရကဋ်လမြတ်ဝါဆို သန်းကောင်ယံ စခန်းဥတ္တရာသဠ်နက္ခတ်နှင့် စန်းမြတ်ယှဉ်ချိန်တွင် ဂေါတမဗုဒ္ဓလောင်းလျာ သိဒ္ဓတ္ထ ကုမာရမင်းသားသည် မယ်တော်မာယာ၏ ရွှေကြာတိုက်ဝမ်း တော်အတွင်းသို့ ပတ္တမြားရွှေကြုတ်နှုတ်ငုံတော် အရင့်အမာဖြင့် ကိန်းအောင်း စံပျော်လာပေသည်။ ထိုအခါ စကြဝဠာသည် သွက်သွက်ခါ တုန်ဟည်း ရိုက်မြည်ပြီးနောက် ၃၂ပါးသော ပုဗ္ဗနိမိတ်တို့ ထင်ကုန်လေသည်။ ဤသည်မှာ ဝါဆိုလ၏ ထူးမြတ်ပုံတစ်ရပ်ဖြစ်သည်။

"သုံးလူ့ရှင်ပင်၊ ကျွန်းထိပ်တင်
သောင်းခွင်စကြဝဠာ၊
နတ်,ဗြဟ္မာတို့၊ ညီညာရုံးစု
တောင်းပန်မှုကြောင့်၊ ရတုနဂို
ရွှန်းရွှန်းစိုသည်၊ ဝါဆိုလပြည့်
ကြွက်မင်းနေ့ဝယ်၊ ချမ်းမြေ့ကြည်ဖြူ
သန္တေယူသည်
နတ်,လူငြိမ်းဖို့ကိန်းပါကို။ ။"

(လယ်တီဆရာတော်)

ဝါဆိုလတွင် ဘုရားသခင် ကိုယ်တော်မြတ်၏ တပည့်သား သံဃာတော်အပေါင်းတို့သည် ဝါဆိုဝါကပ်ခြင်းအမှုကို ပြုကြရသည်။

"ဣမသ္မိံ ဝိဟာရေ၊ ဣမံတေမာသံ ဝဿံ ဥပေမိ"

ဤကျောင်းတွင် ဝါတွင်း သုံးလပတ်လုံး ဝါကပ်ခြင်းအမှုကိုပြုပါသည်။ အခြားအရပ်တစ်ပါးသို့ ထွက်ကြွခြင်းမပြုပါဟု မြတ်ဘုရားထံ ဝန်ခံသမှု ကတိပြုထားရသည်။ ထို့ကြောင့် ဝါဆိုလသည် ထူးထူး မြတ်မြတ် ဂုဏ်ဒြပ်ပွင့်ဆန်း အလှပန်းကြွယ်လှသည်ဟု မော်ကွန်းပြုအပ်ပါသည်။

သိဒ္ဓတ္ထကုမာရသည် သက်တော်တစ်ဆယ့်ခြောက်နှစ် ပျိုးမြစ်နုနယ် အချိန်အရွယ်ရောက်သော် ဘဒ္ဒကစ္စာနာအမည်ရှိ ယသော်ဓရာဖိမ္ဗာဒေဝီနှင့် စုလျားရစ်ပတ် လက်ထပ်တော်မူသည်။ နတ်စည်းစိမ်နှင့် မယွင်းသော လူမင်းစည်းစိမ်ကို သက်တော်နှစ်ဆယ့်ရှစ်နှစ်သို့ ရောက်သည်အထိ ခံစားစံစားတော်မူသည်။

မိုးထက်မြင့် (မြစ်ဝကျွန်းပေါ်)

မဟာသက္ကရာဇ် ၉၇ ခုနှစ် သည်နှစ်မတိုင်မီ သိဒ္ဓတ္ထကုမာရသည် ဥယျာဉ်တော်သို့ ထွက်ကြွ၍ သူအို၊ သူနာ၊ သူသေတို့ကို လေးလတစ်ကြိမ် တွေ့မြင်သိရှိ တရားသံဝေဂရခဲ့သည်။ နောက်ဆုံးအကြိမ် ထွက်ကြွရာ၌ ရဟန်းအသွင် သူတော်စင်ကိုတွေ့မြင်ရသည်။ တရားသံဝေဂယူနေဆဲတွင် ကြင်ရာတော် ဘဒ္ဒကစ္စာနာဝယ် သားတော်ကို ဖွားမြင်ကြောင်း ကြားသိရသည်။ သားဦးသားမြတ် ဖွားမြင်ကြောင်း ကြားသိရာတွင် ဝမ်းသာအားရဖြစ်တော်မူရမည့်အစား ကျဉ်းကျပ်သော နှလုံးတော်ရှိလှ၍ လကို ရာဟုဖမ်းသကဲ့သို့ ကြင်ရာမယားဟူသော အနှောင်အဖွဲ့တွင် ယခု သားတော် ထပ်မံ၍ နှောင်ဖွဲ့ပြန်လေပြီဟု သတိသံဝေဂ ရတော်မူလေသည်။ ထိုအကြောင်းကြောင့်ပင် သိဒ္ဓတ္ထကုမာရသည် ကပိလဝတ်နေပြည်တော် ရွှေနန်းတော်မှ သန်းကောင်ယံကာလတွင် ကဏ္ဍကမြင်းထက်သို့တက်ကာ ဖွားဖက်တော် ငယ်ကျွန်ဆန္နအား မြင်းမြီးကိုဆွဲစေလျက် နိက္ခမပါရမီတော် တောထွက်ခြင်းအမှုကို ပြုလေသည်။ ထိုနေ့ကား ဝါဆိုလပြည့် တနင်္လာနေ့ဖြစ်သည်။

"ဖွားမြင်မြောက်သော်၊ ဆယ့်ခြောက်နှစ်ရွယ်
ပျိုနုငယ်၌၊ သုံးသွယ်ရွှေနန်း
သိမ်းမြန်းပြီးလစ်၊ ဆယ့်သုံးနှစ်လျှင်
ဘုန်းသစ်လျံလူ၊ စံတော်မူ၍
ရွယ်မူနုဖြိုး၊ နှစ်ဆယ့်ကိုးဝယ်
လေးမျိုးနိမိတ်၊ နတ်ပြဟိတ်ကြောင့်
ရွှေစိတ်ငြင်ငြို၊ သံဝေပိုက
ဝါဆိုလပြည့်၊ ကျားမင်းနေ့ဝယ်
ချမ်းမြေ့ရဂုံ၊ တောရပ်လှုံသည်
စုံမြိုင်ပင်ရိပ် ခန်းမှာကို။ ။"

(လယ်တီဆရာတော်)

ရှေးမြန်မာဘုရင်များသည် "ပဋ္ဌင်းတော်ခံပွဲ"ကို ဤလ၏ ရာသီပွဲတော်အဖြစ် ဆင်ယင်ကျင်းပလေ့ရှိကြသည်။

"နဘံမှာ ပြာမှိုန်ခပါလို့
ဝဿန္တာ ခါချိန်စမှာမို့
နာဂိန်ပ တာရာဆင်
အာကာခွင်က ပဇ္ဇုန်ဖျန်း၊
ပဋ္ဌင်းတော်ခံ မယွင်းတော်အခါတန်ပေ့
မဟာဒါန် အဌင်္ဂငယ်နဲ့
ဘဂဝါအရပ်ႆ ရင်ပြင်ဝမှာလ
တင်သရန် မာလာကုံးကြတယ်ကွယ်
ပုန်းညက်ငွေပန်း။ ။"

စာဆိုအကျော် မဟာဂီတ ဦးပြုံးချိုက ဝါဆိုလ၏ သရုပ်ကို အထက်ပါအတိုင်း ဖော်ထုတ်သီကုံးခဲ့သည်။

ဘုရားအလောင်းသိဒ္ဓတ္ထကုမာရသည် အနော်မာမြစ်တစ်ဖက်ကမ်းသို့အရောက် ဆံတော်ကိုပယ်ကာ ရဟန်းပြုတော်မူသည်။ ထို့နောက် ဥရုဝေလတောသို့ကြွ၍ ခြောက်နှစ်ကာလပတ်လုံး သူမတူအောင် ခက်ခဲလှသော ဒုက္ကရစရိယာကိုဖြည့်ကျင့်ဆည်းပူးတော်မူသည်။ ယင်းအကျင့်ဖြင့် လမ်းမှန်သို့ မရောက်နိုင်မှန်းသိသောအခါ မဇ္ဈိမပဋိပဒါလမ်းစဉ်သို့ ပြောင်းရွှေ့ကျင့်သုံး လုံ့လပြုတော်မူသောကြောင့် မဟာသက္ကရာဇ် ၁၀၃ခု၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့အကုန် နေအရုဏ်တက်သည်နှင့် တစ်ပြိုင်နက် သုံးလောကအထွတ် တမွတ်မှန်ကူ သယမ္ဘူအဖြစ်သို့ ရောက်တော်မူသည်။

ဗောဓိပင်နှင့် ရွှေပလ္လင်ကို အောင်တော်မူပြီး၍ သဗ္ဗညုတဉာဏ်ရှင် ဘုရားသခင်အဖြစ်သို့ ရောက်တော်မူသောအခါ သုံးလောကရှိ ဝေနေယျ သတ္တဝါအများကို မြတ်တရားပြ ခြွေချွတ်ရန် ကြံရွယ်တော်မူသည်။

"သီဝံငယ်ပိုင်မှတ်၊ သုံးလူ့နတ်လဲ
မြိုင်ရပ်ကယ်ခန်းဝါ၊ မိဂဒါဝယ်
သေချာနဲ့နက်၊ ဓမ္မစက်ကို
ဖန်မြွက်ကယ်နှုတ်ရွှေ ဗျာခွန်းချွေလို့
စုံခြေသသာ၊ ထုံပေါင်းခတဲ့
လနိန္ဒာရာ၊ ချိန်သည်ခါကို
ဣန္ဒာဘုန်းနွယ်၊ လွှမ်းပုံတော်ကြွယ်တဲ့အောင်
ကိုးနယ်ဖွဲ့၊ ဒီသာမှာ
စည်ဂီဝါအောင်သံရွှမ်းလို့
သွန်းမဲ့ဟန်ပြု။ ။"

(စာဆိုတော်လှဦးမင်း)

ဘုရားအဖြစ်သို့ ရောက်တော်မူ၍ ရက်ပေါင်း ခြောက်ဆယ်အကြာ မဟာသက္ကရာဇ် ၁၀၃ခု (၅၂၈ ဘီစီ)၊ ဝါဆိုလပြည့် စနေနေ့ညနေခင်း နေဝင်ဆည်းဆာအချိန်တွင် ဗာရာဏသီ၊ မိဂဒါအရပ်၌ ဤဗဟို(မဇ္ဈိမ ပဋိပဒါ)လမ်းကြောင်းကို စတင်တော်မူခဲ့သည်။ မိဂဒါဝုန်သာမျိုးစုံသော ရဂုံသာမော အင်ကြင်းတောသို့ကြွကာ ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိ အမည်ရှိပဉ္စဝဂ္ဂီငါးဦးတို့အား ဗုဒ္ဓ၏ဝါဒအမြိုက်တရား ဓမ္မစကြာဒေသနာကို အသေအချာဟောတော်မူလေသည်။

ထိုနေ့ကား မဟာသက္ကရာဇ် ၁၀၃ ခု၊ ဝါဆိုလပြည့်(စနေနေ့)ည၌ဦးယံအချိန်ပင်တည်း။

"ငါသည် မလျော့လွန်း၊ မတင်းလွန်း ဗဟိုချက်၊ မဇ္ဈိမပဋိပဒါ" လမ်းကြောင်းတစ်ခုကို တွေ့ရှိထားပေပြီ။ ထိုလမ်းကား အမှန်တရားကို သိမြင်စေတတ်သော မျက်လုံးကိုလဲ ပေးပေ၏။ ဉာဏ်ကိုလဲ ပေးပေ၏။ ကိလေသာ အပူငြိမ်းအေးမှုအတွက်လည်းကောင်း၊ နိဗ္ဗာန်သို့ ထုတ်ချင်းပေါက် ရောက်မှုအတွက် လည်းကောင်း၊ကောင်းမွန်ထိရောက်စွာ အကျိုးပြုစွမ်းနိုင်သော လမ်းကောင်း လမ်းမှန်ပေတည်း။"

လမ်းကြမ်းလမ်းနုနှစ်ခုကို ပယ်စေ၍ ဗုဒ္ဓမြတ်ဘုရားသည် ပဉ္စဝဂ္ဂီရဟန်းတို့အား "မဇ္ဈိမပဋိပဒါ" လမ်းသို့ လိုက်ကြရန် တိုက်တွန်းနှိုးဆော်တော်မူပြီးလျှင် ထိုလမ်းစဉ်ကို ချ၍ပြတော်မူသည်။

မဇ္ဈိမပဋိပဒါကျင့်စဉ်ဟူသည်–

(၁) စစ်မှန်သောအမြင်(သမ္မာဒိဋ္ဌိ)
(၂) ရင့်ကျက်သောအတွေးအခေါ်(သမ္မာသင်္ကပ္ပ)
(၃) ကောင်းစွာဆိုအပ်သော စကား(သမ္မာဝါစ)
(၄) ကောင်းစွာလုပ်ကိုင်အပ်သော အလုပ်(သမ္မာကမ္မန္တ)
(၅) စင်ကြယ်သော အသက်မွေးဝမ်းကျောင်း(သမ္မာအာဇီဝ)
(၆) တက်တက်ကြွကြွ ကြိုးပမ်းအားထုတ်မှု(သမ္မာဝါယမ)
(၇) မမေ့မလျော့ သတိအမြဲထားရှိမှု(သမ္မာသတိ)
(၈) တည်ကြည်ကြံ့ခိုင်သောစိတ်ဓာတ်(သမ္မာသမာဓိ)

ဤရှစ်ရပ်သည် မဇ္ဈိမပဋိပဒါလမ်းစဉ်၏ အမှတ်လက္ခဏာ အင်္ဂါရပ်များ ဖြစ်ပေသည်။ ယင်းတို့မှာ"မဂ္ဂင်ရှစ်ပါး"ပင်တည်း။

ဗုဒ္ဓသည် ဤမဇ္ဈိမပဋိပဒါလမ်းကြောင်းကို ဖောက်လုပ်ပေးလျက် သတ္တဝါတို့အား နိဗ္ဗာန်သို့ ထုတ်ချင်းပေါက် လျှောက်လှမ်းစေခဲ့သည်။ နိဗ္ဗာန်သို့မရောက်သည့်တိုင်အောင် ထိုလမ်းစဉ်ကို ကျင့်ခြင်းအားဖြင့် ယုတ်စွအဆုံး လူတော်လူကောင်းတစ်ယောက်အဖြစ် မားမားမတ်မတ် ရပ်တည်လာနိုင်ပေသည်။ ဒုစရိုက်တံခါးပိတ်၍ သုစရိုက်တံခါးမှာ ဟာလာဟင်းလင်းကြီး ပွင့်နေပေလိမ့်မည်။

"ဘုရားဖြစ်ခါ၊ မိဂဒါသို့
စကြာရွှေဖွား၊ ဖြန့်ချိသွား၍
ငါးပါးဝဂ္ဂီ စုံအညီနှင့်
မဟီတစ်သောင်း၊ တိုက်အပေါင်းမှ
ခညောင်းကပ်လှာ၊ နတ်,ဗြဟ္မာအား
ဝါဆိုလပြည့်၊ စနေနေ့ဝယ်
ကြွေ့ကြွေ့လျှံတက်၊ ဓမ္မစက်ကို
မိန့်မြွက်ထွေပြား၊ ဟောဖော်ကြားသည်
တရားနတ်စည် ရွှမ်းတယ်ကို။ ။"

ဟူ၍ လယ်တီဆရာတော်ကြီးက ခြယ်မှုန်းမှတ်တမ်းတင်ခဲ့ပါသည်။

မြတ်စွာဘုရားဟောကြားတော်မူသည့် ဓမ္မစကြာတရားတော်ပြီး ဆုံးသောအခါ ဝါဆိုလပြည့်နေ့တွင် ကောဏ္ဍညမထေရ်သည် ဉာဏ် အလင်းပေါက်၍ သောတပန်ဖြစ်သည်။ ဝါဆိုလပြည့်ကျော် ၁ရက် နေ့၌ ဝပ္ပမထေရ်သည် သောတပန်ဖြစ်သည်။ ဝါဆိုလပြည့်ကျော် ၂ ရက်နေ့၌ ဘဒ္ဒိယမထေရ်သည် သောတပန်ဖြစ်သည်။ ဝါဆိုလပြည့်ကျော် ၃ရက် နေ့၌ မဟာနာမ်မထေရ်သည် သောတပန်ဖြစ်သည်။ ဝါဆိုလပြည့်ကျော် ၄ရက်နေ့၌ အဿဇိမထေရ်သည် သောတပန် ဖြစ်သည်။

ဤကဲ့သို့အစဉ်အတိုင်း သောတာပတ္တိဖိုလ်၌ တည်ကြ၍"ဧဟိ ဘိက္ခု" ရဟန်းအဖြစ်သို့ အသီးသီးခံယူကြသည်။

ဝါဆိုလပြည့် တနင်္လာနေ့ည၌ပင် တောထွက်တော်မူသော ဘုရား အလောင်းတော်အား ယုတ်မာစိတ်ထား မာရ်နတ်သားက တောမထွက်ရန် ဟန့်တားကန့်ကွက်သည်။ သက်တော် ၄၁နှစ်၊ ဝါတော်ခြောက်ဝါ ရရှိပြီးသော မြတ်စွာဘုရားသည် တိတ္ထိတို့ကို နှိမ်နင်းခြင်းငှာ ရေ၊ မီး အစုံအစုံသော တန်ခိုးပြာဋိဟာကို ပြတော်မူသည်။ တန်ခိုးပြာဋိဟာနှင့် လောကဝိဝရဏခေါ် စကြာဝဠာကမ္ဘာလောကကြီးကို လူသားတိုင်း ဟင်းလင်းမြင်စေရန်နှင့် အံ့ဩဖွယ်တန်ခိုးတော်ကို ပြတော်မူသည်။

ဝါဆိုလပြည့်နေ့ည တန်ခိုးပြာဋိဟာပြတော်မူပြီးသည့် အဆုံး၌ တာဝတိံသာနတ်ပြည်သို့ ကြွတော်မူ၍ အဘိဓမ္မာတရားကို ဟောကြားခြင်းငှာ သတ္တမဝါကပ်တော်မူသည်။ သုံးလူ့ထွတ်တင်ဘုရားရှင်သည် မာရ်နတ် ရန်စွယ် အန္တရာယ်တို့ကို အောင်မြင်တော်မူ၍ ဤဝါဆိုလပြည့်နေ့သည် ဘဒ္ဒကမ္ဘာ၌ ထေရဝါဒဗုဒ္ဓသာသနာတော် ရောင်ဝါနေသို့ထွန်းခဲ့သော နေ့ထူးနေ့မြတ်ကြီး ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

သာစည်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အခြေခံပညာကျောင်းများသို့ စာရေးကိရိယာနှင့် ဝတ်စုံလှူဒါန်း

သာစည် ဇွန် ၂၆

၂၀၀၆–၂၀၀၇ခု ပညာသင်နှစ် ဟံဇားတိုက်နယ် အခြေခံပညာ အထက်တန်းကျောင်းတွင် တက်ရောက်ပညာသင်ယူကြမည့် ကျောင်းသားကျောင်းသူများအား စာရေးကိရိယာများနှင့် ကျောင်းဝတ်စုံများ ထောက်ပံ့လှူဒါန်းပွဲကို ဇွန် ၂၁ရက် နံနက်က အဆိုပါ အထက်တန်းကျောင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ခင်နုက ထောက်ပံ့ပေးအပ်လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကျောင်းသုံး စာရေးကိရိယာများကို ကျောင်းအုပ်ဆရာမကြီးထံသို့ လည်းကောင်း၊ ကျေးရွာမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲဥက္ကဋ္ဌက ကျောင်းစိမ်းဝတ်စုံနှင့် လွယ်အိတ်များကိုလည်းကောင်း၊ ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်ကြသည်။

သာစည်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ၂၀၀၆–၂၀၀၇ခု ပညာသင်နှစ်အတွက်ကျောင်းသားကျောင်းသူများ ပညာသင်ကြားနိုင်ရေးအတွက် မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်း၊ အလယ်တန်းကျောင်း၊ မူလတန်းကျောင်းများသို့ ကွင်းဆင်းသွားရောက်ကြပြီး စာရေးကိရိယာများ၊ ကျောင်းစိမ်းဝတ်စုံနှင့် လွယ်အိတ်များ လှူဒါန်းကြသည်။ အဆိုပါလှူဒါန်းမှုမှာ ငွေကျပ် ၂၉ သိန်းကျော်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း)တိုးချဲ့မြေကွက်သစ် ဝယ်ယူရန်အတွက် ဒေါ်ညွန့်ညွန့်ခင် ၁–ည/အနောက်ဘက်တန်း ဗိုလ်ချုပ်ဈေး မြပိုးထည်တိုက်–မောင့်ကျက်သရေခေါင်းပေါင်းမိသားစုက အလှူတော်ငွေကျပ် နှစ်သိန်းကို မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အကျိုးတော်ဆောင် ဆရာတော် ဒေါက်တာ အရှင်သုန္ဒရ(လုမ္ဗိနီ)ရှေ့မှောက်၌ တာဝန်ခံ ဦးလှမြိုင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

မိုင်းဖြတ်မြို့ ဝမ်ဟွေရပ်ကွက်နှင့် ဈေးတန်းရပ်ကွက်သစ် ဆက်သွယ်သော နဝရတ်လမ်း ကွန်ကရစ်တံတားတည်ဆောက်ရာတွင် ပြည်သူများ ပူးပေါင်းပါဝင်၍ မြေဖို့ဆောင်ရွက်နေမှုကို ဇွန် ၂၃ ရက်က အမှုဆောင်အရာရှိ ဦးကိုကိုနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးလှမျိုးတို့ ကြီးကြပ်ပေးကြစဉ်။

(ခရိုင် ပြန်/ဆက်)

ပန်းအလှပင်စိုက်

မြဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သာယာလှပရေးအတွက် အသစ်တည်ဆောက်ပြီးစီးသော လမ်းလယ်ကျွန်းများတွင် ပန်းအလှပင်များ စိုက်ပျိုးနေမှုကို ဇွန် ၆ ရက်က ဦးစီးအရာရှိ ဦးကျော်သူလတ်နှင့် အငယ်တန်းအင်ဂျင်နီယာ–၂ ဦးကျော်သန်းတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ် စည်ပင်)

လက်တွန်းထွန်စက်များ လယ်ယာဘဏ်ချေးငွေဖြင့်ရောင်းချ အရစ်ကျစနစ်ရှင်းလင်းပွဲ ပျော်ဘွယ်၌ကျင်းပ

ပျော်ဘွယ် ဇွန် ၃၀

ပျော်ဘွယ်မြို့နယ်ကျေးရွာအုပ်စုများ၌ ၂၀၀၆–၂၀၀၇ ခုနှစ် မိုးရာသီ စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် အထောက်အကူပြုစေမည့် စက်မှုလယ်ယာဦးစီးဌာနမှ ထုတ်လုပ်သော လယ်ယာ(၁၆) လက်တွန်းထွန်စက်များကို လယ်ယာဘဏ်ချေးငွေဖြင့် အရစ်ကျရောင်းချမည့်စနစ် ရှင်းလင်းပွဲကို ဇွန် ၁၅ ရက် နံနက် ၁၀ နာရီက မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးခင်ကြည်က မြို့နယ်၏ သီးနှံစုံစိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်အောင်မြင်ရန်ရည်ရွယ်လျက် လယ်ယာ(၁၆)လက်တွန်း ထွန်စက်များကို ကျေးရွာအုပ်စုတိုင်း အရစ်ကျ ရောင်းချမည့်အကြောင်း ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ စက်ရောင်းတာဝန်ခံ ဒုတိယဦးစီးမှူး ဦးအောင်ဇော်ညွန့်က သရုပ်ပြမောင်းနှင်ပြသရာတောင်သူများ စိတ်ဝင်စားစွာ လေ့လာကြည့်ရှုကြသည်။ **(၂၅၀)**

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ် မိုးညှင်းခရိုင် အမျိုးသမီးရေးရာ အဖွဲ့နာယက ဒေါ်ယဉ်မင်းထွန်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သီတာသန်းစိုးဦးတို့ ဦးဆောင်သော ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ရပ်ကွက်ပေါင်းစုံနှင့်ထန်းတပင်ကျေးရွာ အမျိုးသမီးရေးရာအဖွဲ့ဝင်များ စုပေါင်း၍ ဇွန် ၂၀ရက်က ထန်းတပင်ကျေးရွာအနီး၌ ခြစ်စည်းရိုးကြက်ဆူပင် ၂၀၀ကျော်ကို တပျော်တပါး စိုက်ပျိုးကြစဉ်။ (၁၅၂)

သွေးလွန်တုပ်ကွေးကာကွယ်ကင်းစင်ရေး ပညာပေးဟောပြော

ဆားလင်းကြီး ဇွန် ၃၀

ဆားလင်းကြီးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးနှင့်ခြင်ကင်းစင်ရေးပညာပေးဟောပြောပွဲကို ဇွန် ၁၃ရက်က ဆားလင်းကြီးမြို့အခြေခံပညာအထက်တန်းကျောင်း မြတ်ပန်းသဇင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအလုပ်အမှုဆောင်မြို့နယ်ပညာရေးမှူး ဦးသိန်းထွန်းက အမှာစကားပြောကြားပြီး မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွင်းရေးမှူး မြို့နယ်ကျန်းမာရေးဦးစီးဌာနဦးစီးမှူးဒေါက်တာဒေါ်ဆွေဆွေဝင်းက သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးနှင့်ခြင်ကင်းစင်ရေး ပညာပေးဟောပြောသည်။

အခမ်းအနားသို့ မြို့နယ်အတွင်းရှိ လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများ ကျောင်းအုပ်ဆရာကြီးနှင့်ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

အမြို့မြို့အနယ်နယ်သတင်းများ

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ ခုနှစ် ဝါဆိုလပြည့်ကျော် ၁ရက်
၁၀–၇–၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ အင်္ဂုလိမာလသုတ်နှင့် ဇောဗျွဂ်သုတ်)

နေ့လယ်ပိုင်း

၁၁:၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ (စစ်ကိုင်းတိုင်း အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးလုပ်ငန်းဆောင်ရွက်ချက်များ)
၁၁:၄၀ သုတစုံစွာသိမှတ်စရာ (စိတ်ကျန်းမာရေး–သိပ္ပံမှူးတင်)
၁၂:၀၀ တစ်ပတ်အတွင်း သတင်းပဒေသာ
၁၂:၂၅ အားကစားသတင်းပဒေသာ
၁၂:၃၅ သီချင်းကြီးပဒေသာ
(၁) မန္တလာဘုံဘွဲ့နှင့်ပြောင်နာဂိန်ဆင်မင်း(ကြိုး) မူမူခင်
(၂) ညိုခိုးတိမ်ပုံက(ပတ်ပျိုး) မော်ဘီရဲနိုင်ထွန်း
၁၃:၁၀ ပညာရေးအသံလွှင့်အစီအစဉ် (မူလတန်းအောက်ဆင့်မြန်မာစာ–စာဖတ်စွမ်းရည်တိုးတက်စေရန် လေ့ကျင့်သင်ကြားခြင်း)

ညနေပိုင်း

၁၆:၁၀ မြတ်နိုးစရာ ကျေးရွာတေးကဗျာ
(၁) မရမ်းရွာ
(၂) စိမ်းလဲ့မြေလွှာ
(၃) ကိုလေးတို့တောရွာ
၁၆:၃၀ **၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ နေ့စဉ်သုံးသပ်ချက်များ**
၁၇:၃၀ တစ်ပတ်အတွင်း သတင်းပဒေသာ
၁၇:၄၀ မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ (သမိုင်းကပြောပြနေသည့်မြန်မာ့ရိုးရာ ဆင်ယင်ထုံးဖွဲ့မှု) (ခင်ဇေ–စက်မှု)
၁၈:၄၅ အင်္ဂလိပ်စကားပြောပြကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်)
၁၉:၁၅ ဆိုင်းအဖွဲ့ (အဆို၊ အက၊ အရေး၊ အတီးဆုရ ရန်ကုန်တိုင်းမှ ဒေါ်ယဉ်ယဉ်နုဆိုင်းအဖွဲ့)
၂၀:၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) တစ်နေ့နေ့ တစ်ချိန်ချိန် တစ်နေရာရာ
(၂) ချိန်းတဲ့ညနဲ့ ချစ်တဲ့သူ
(၃) ချစ်၍ချစ်ကာလာသည့်မှကွယ်

ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရန် တိုင်းရင်းဆေးပညာ အခြေခံသင်တန်းဖွင့်

ပုသိမ် ဇွန် ၁၇

ပုသိမ်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူး၍ အိမ်ရှင်မများ တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် တိုင်းရင်းဆေးပညာ အခြေခံသင်တန်း (၁/၂၀၀၆) ဖွင့်ပွဲကို ဇွန် ၅ ရက် နံနက် ၈ နာရီခွဲက မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းရုံးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ပုသိမ်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဦးက အဖွင့်အမှာစကားပြောကြားပြီး **(ဝဲပုံ)** ခရိုင်တိုင်းရင်းဆေးမှူး ဦးစောလွင်က တိုင်းရင်းဆေးပညာ၏ အခြေခံသဘောတရားများကို ရှင်းလင်းပြောကြားသည်။

တက်ရောက်

သင်တန်းကာလမှာ ဇွန် ၅ ရက်မှ ၇ ရက် အထိဖြစ်ပြီး သင်တန်းသူ ၄၅ ဦး တက်ရောက်ကြသည်။

(ခရိုင် ပြန်/ဆက်)

အများသိစေရန် သတိပေးကြေညာချက်

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ပြည်လမ်း အမှတ်(၁၈)တွင် တရားဝင်ရုံးချုပ်အဖြစ်တည်ရှိသော International Beverages Trading Co., Ltd. ၏ လွှဲအပ်ချက်အရ ကြေညာအပ်သည်မှာ-

Myanmar Winery and Distillery Co., Ltd. မှ ထုတ်လုပ်သော Grand Royal Whisky, Royal Dry Gin, Eagle Whisky, Grand Royal Special Reserve Whisky, London RUM, Heather Gate Premium Quality Whisky တို့ကို အောက်ဖော်ပြပါ ပုလင်းဒီဇိုင်းအမည် အမှတ်အသားများတွင်သွတ်သွင်းပြီး ဖြန့်ဖြူးရောင်းချရာတွင် တစ်ဦးတည်းမူပိုင် ပုလင်းဒီဇိုင်းတံဆိပ်အမှတ်အသားအဖြစ် ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မိမိကုမ္ပဏီ၏ တစ်ဦးတည်းမူပိုင်အဖြစ် မှတ်ပုံတင်သွင်းကြေညာခဲ့ပြီးဖြစ်ပါသည်။

IBTC



မှတ်ပုံတင်အမှတ် ၄/၂၁၃၆/၂၀၀၆

Myanmar Winery and Distillery Co., Ltd. မှထုတ်လုပ်သော ကုန်ပစ္စည်းများနှင့် ပြည်တွင်း၌ဖြန့်ချိသောကုန်ပစ္စည်းများ ပြည်ပပို့ကုန်အဖြစ် တင်ပို့သောကုန်ပစ္စည်းများတွင် အထက်ဖော်ပြပါကုမ္ပဏီ၏ ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိသော အဖျော်ယမကာပုလင်းအမျိုးမျိုး (လေးထောင့်၊အလုံး၊ အပြား) တို့တွင် အထက်ဖော်ပြပါ တစ်ဦးတည်းမူပိုင်အမှတ်တံဆိပ်အဖြစ် ပုလင်းဒီဇိုင်းအမှတ်အသားများဖြစ်ကြသော IBTC အမှတ်တံဆိပ်နှင့် JG-347A အမှတ်တံဆိပ်တို့ကို **"အသားတံဆိပ်"**ဖြင့် ထင်ရှားစွာဖော်ပြထားပါသည်။

အထက်ဖော်ပြပါ ပုလင်းဒီဇိုင်းအမှတ်အသားများကို တုပခြင်း၊ ကုမ္ပဏီမှထုတ်လုပ်သောပစ္စည်းအဖြစ် ထင်ယောင်ထင်မှားဖြစ်စေရန် စီမံသုံးစွဲ၊ ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချခြင်းအပါအဝင် တစ်နည်းနည်းဖြင့် အသုံးပြုခြင်းများကို အခြားမည်သူမျှ ဆောင်ရွက်ပိုင်ခွင့်မရှိကြောင်း အတိအလင်း သတိပေးအပ်ပါသည်။

အကယ်၍ ဖော်ပြပါပုလင်းဒီဇိုင်းအမှတ်အသားများကို ကုမ္ပဏီ၏ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ တစ်နည်းနည်းဖြင့်အသုံးပြုလျှင် ပြစ်မှုကြောင်း၊ တရားမကြောင်းတို့အရ ထိရောက်စွာအရေးယူမည်ဖြစ်သည့်အပြင် မိမိတို့ကုမ္ပဏီ၏ ထိုခိုက်နစ်နာမှုအတိုင်းအတာအရ နစ်နာကြေးများကိုပါ တောင်းခံရယူမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

International Beverages Trading Co., Ltd.၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ထူးထူးလွင်

B.Sc, H.G.P, Dip in Business Law, Dip in Maritime Law

ဥပဒေအကျိုးဆောင်နှင့် ကုမ္ပဏီဥပဒေအကြံပေး

ရုံး-	**အိမ်-**
အမှတ် ၄၆၊ ပထမထပ်၊	**အမှတ် ၁၊ ပဉ္စမထပ်၊ ရန်အောင်လမ်း၊**
မဟာဗန္ဓုလပန်းခြံလမ်း၊	**စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။**
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။	**ဖုန်း-၀၉-၅၀၀-၉၈၉၃။**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား

ချိပ်ပိတ်တင်ဒါ (Sealed Tender) များခေါ်ယူခြင်း

၁။ မြန်မာ့မီးရထား၏ မော်လမြိုင်မြို့ မော်လမြိုင်ဘူတာ ဘူတာသန့်ရှင်းရေးလုပ်ငန်းများကို ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသဖြင့် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်လိုသူများထံမှ လျှောက်လွှာများအလိုရှိပါသဖြင့် ချိပ်ပိတ်တင်ဒါ (Sealed Tender)များကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

တင်ဒါအမှတ် – ၀၆/မမ/ပြည်တွင်း/မော်လမြိုင်ဘူတာ ဘူတာသန့်ရှင်းရေး/"CTM"06-07

ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန် – ၂၅-၇-၂၀၀၆ (၁၂:၀၀)နာရီ(အင်္ဂါနေ့)

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၁၀-၇-၂၀၀၆ ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ ထောက်ပံ့ဌာနမြန်မာ့မီးရထား

ကုန်သည်လမ်းနှင့်(၅၁)လမ်းထောင့် ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့

ဖုန်း-၂၉၁၉၈၂၊ ၂၉၁၉၉၄၊ (၂၀၁၅၅-လိုင်းခွဲ-၆၀၂၊ ၆၁၃)။

အများသိစေရန်ကြော်ငြာချက်

တောင်ကြီးမြို့ လမ်းမတော်ရပ်ကွက် စဝ်စံထွန်းလမ်း အိမ်အမှတ်(၇၁)ဟု အမည်ခေါ်တွင်သည့် တည်ရှိရာအကွက်အမှတ်(၂၇) (ဟော်ကုန်းရပ်) ဦးပိုင်အမှတ် (၈၄-က) မြေကွက်အမှတ် (၁၉၀)မြေချိန် ဧရိယာ(၀ ဒသမ ၀၈၇) ဧကရှိ မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် နေအိမ်အဆောက်အအုံများအပါအဝင် တည်ရှိရာအကျိုးခံစားပိုင်ခွင့် အရပ်ရပ်တို့ကို မူလပိုင်ရှင် ဦးစဝ်စိုးတင့် ၁၃/တကန(နိုင်)၀၁၄၆၄၀ ပါ ရှစ်ဦးထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးတင်မောင် (အယ်လ်ကေဒဗလျူ-၀၇၉၃၆၆)၊ ဦးစန်းကို (အိုင်အက်စ် အင်န်-၃၉၈၃၉၃)နှင့် ဒေါ်မြင့်မြင့်သန်း (အက်စ်ဘီအို-၁၅၇၇၀၅)တို့ သုံးဦးမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူမည် ဖြစ်ပါသဖြင့် ယင်းအိမ်မြေနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် ကျွန်ုပ်၏ရုံးခန်းသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ ၁၀ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ၎င်းရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအုန်းကျော်(အထက်တန်းရှေ့နေ) စဉ်-၂၁၂၈၅

ရုံးခန်း-အမှတ်(၂၀၇)၊ ရေထွက်ဦးလမ်း၊

ကန်အရှေ့ရပ်၊ တောင်ကြီးမြို့။ ဖုန်း ၀၈၁-၂၁၄၉၆။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၃၇၄၃၃ Honda C-90 Custom cms ယာဉ်လက်ဝယ်ရှိသူအမည် ဒေါ်တင်တင်လှ မှတ်ပုံတင်အမှတ် ၉/ပကခ (နိုင်) ၀၀၃၂၆၇ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း) မန္တလေးမြို့။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၁၈၃၀၂ Honda C-90 Custom cms ယာဉ်လက်ဝယ်ရှိသူအမည် ဒေါ်သင်းမြင့်သူ မှတ်ပုံတင်အမှတ် ၉/ပကခ (နိုင်) ၀၀၈၀၁၀ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက် နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း) မန္တလေးမြို့။

မိဘနှစ်ပါးနှင့် ခင်ပွန်း ဦးဟုန်စိန် သား ကိုအောင်နိုင်တို့အား ရည်စူး၍ ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ရေကျော် ဇီဇဝါလမ်း အမှတ် (၃၈) နေ ဒေါ်ရှုခင် မိသားစုက ဒဂုံမြို့နယ် အမှတ်(၁၆) စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး တိပိဋက တိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးအတွက်အလှူငွေကျပ် ၁၀သိန်းကို ပိဋကနှစ်ပုံခွဲဆောင် ဆရာတော်ဘဒ္ဒန္တသီလာစာရထံ ရေစက်ချ အနုမောဒနာ တရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန)အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကမမောင်းမြို့တွင် စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ ဦးဇော်ဝင်းနှင့် ဝန်ထမ်းများ၊ မြို့တွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်း၍ ဇွန် ၅ ရက်က ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးကြစဉ်။ (မြို့နယ်စည်ပင်)

ကျေးလက်လမ်း

ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော ဟွေခါး-ဝမ်ပေါင် ကျေးလက်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ဇွန် ၁၅ရက်က အမှုဆောင်အရာရှိ ဦးခင်ကျော်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးစံလင်းတို့ ကြီးကြပ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

မြို့နယ် သတင်းများ

ဘားအံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသက်ဦးရှိန်၊ ဦးစီးအရာရှိ ဦးကျော်ကျော်ဦးနှင့် ရုံးဝန်ထမ်းများ ဇွန် ၂၃ရက်က ဘားအံမြို့ဗိုလ်ချုပ်လမ်းတစ်လျှောက်တွင် ပန်းအလှပင်များ စိုက်ပျိုးခြင်း၊ မြေယာရှုခင်းအလှပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာ ကရင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ဓမ္မဗိမာန် ဓမ္မာစရိယသင်တန်းဖွင့်လှစ်မည်

ရန်ကုန် ဇူလိုင် ၈

ဓမ္မဗိမာန်ဆရာတော် ဘဒ္ဒန္တသာသနဝရ၏ ဦးဆောင်မှုဖြင့် ဓမ္မာစရိယသင်တန်းကို ရန်ကုန်တိုင်း ဒဂုံမြို့နယ် မြို့မကျောင်းလမ်း အဘယာရာမတိုက် စိန်ရတနာကျောင်းတွင် ဝါဆိုလပြည့်ကျော် ၁၁ရက် (ဇူလိုင် ၂၀ရက်) မွန်းလွဲ ၁နာရီမှစ၍ ဓမ္မဒါနအဖြစ် ဓမ္မဗိမာန်ဆရာတော် ဘဒ္ဒန္တသာသနဝရ (ဓမ္မာစရိယ၊ M.A သီရိလင်္ကာ)က ပါရာဇိကဏ်အဋ္ဌကထာကို လည်းကောင်း၊ ဆရာဦးထွန်းဦး (မဟာဓမ္မာစရိယ၊ M.A ပါဠိပါရဂူ၊ ပိဋကတ္တယပါရဂူ)က သီလက္ခန် အဋ္ဌကထာကိုလည်းကောင်း၊ ဆရာဦးသူရ (ပထမကျော်၊ ကျော်လေးကျော်၊ သာသနဓဇဓမ္မာစရိယ၊ ပိဋကတ္တယကောဝိဒ)က အဋ္ဌသာလိနီအဋ္ဌကထာကိုလည်းကောင်း သင်ကြားပို့ချပေးမည်ဖြစ်ပါ၍ တက်ရောက်လိုသော သံဃာတော်အရှင်သူမြတ်တို့သည် ဓမ္မဗိမာန် အမှတ် ၆၀၆ ဒုတိယထပ် ၅ လမ်းနှင့် ၆ လမ်းကြား ကမ်းနားလမ်း လမ်းမတော်မြို့နယ် ဖုန်း-၂၁၁၃၅၉သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

ကျေးလက်ဒေသဖွံ့ဖြိုးရေး အရှိန်အဟုန်မြှင့်ဆောင်ရွက် ရည်မှန်းချက်တာဝန်များ ပြည့်မီကျော်လွန်ရန်ကြိုးပမ်း

နေပြည်တော် ဇူလိုင် ၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်မောင်ဦး၊ ခရိုင်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များနှင့်အတူ ယမန်နေ့တွင် မန္တလေးတိုင်း မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များအား တွေ့ဆုံရာတွင် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ စီးပွားရေးကိစ္စရပ်များ ဖွံ့ဖြိုးတိုးတက်ရန် ဒေသအလိုက် စည်းရုံးဆောင်ရွက်သွားရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်ကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားရေး၊ အရည်အချင်း အရည်အသွေး ပြည့်ဝသော အသင်းသား အသင်းသူများဖြစ်ရန် အသိအမြင် ဗဟုသုတများ လေ့လာဆည်းပူးသွားရေး၊ ယုံကြည်ချက်၊ ခံယူချက်ပြည့်ဝစွာဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ပြည်သူလူထုအတွင်း စည်းရုံးဆောင်ရွက်သွားရေးတို့ကို ဆွေးနွေးမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီး ဦးအောင်သောင်းသည် မြန်မာ့အထည်အလိပ်လုပ်ငန်း မလှိုင် ဝါစက်ရုံသို့ ရောက်ရှိ၍ ဝါကြိတ်စက်၏ အခြေအနေများ၊ ပြုပြင်ရန်လိုအပ်လျက်ရှိသော ဘွိုင်လာများနှင့် မြင်းကောင်ရေ ၃၅ဝရှိ စက်များကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ●

ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပေး

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း တောင်သာမြို့နယ် ပန်းပေါင်းကျေးရွာအုပ်စု ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲတွင် ခြံစည်းရိုးကြက်ဆူပင်ကို စိုက်ပျိုးပေးစဉ်။

(စက်မှု-၁)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့သဘင်လောက ရှင်သန်လန်းဆန်းစေရေး မြို့နယ်သဘင်အစည်းအရုံးများ ဖွဲ့စည်းပေးနေ

တွေ့ဆုံမေးမြန်းသူ-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

"ရိုးရာသဘင်ပညာရပ်ဟာ အမျိုးသားပိုင်ပညာရပ်လည်းဖြစ်ပါတယ်"

ဦးစိန်လှမြိုင်
ဒုတိယဥက္ကဋ္ဌ (ဆိုင်း)
မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဇူလိုင် ၈

မြန်မာ့သဘင်သည် ဂုဏ်သိက္ခာ အဆင့်အတန်းမြင့်မားသည်။ နှစ်ပေါင်းများစွာ အခွန့်ရှည်တည်တံ့ခိုင်မြဲခဲ့ပြီး အဆင့်မြင့်သည်ထက် မြင့်အောင်လည်း နိုင်ငံတော်က အဆက်မပြတ် တွန်းအားပေးဆောင်ရွက်လျက်ရှိသည်။

ထိုသို့ မြန်မာ့သဘင်ပညာ ခေတ်နှင့်အညီ ရင်ပေါင်တန်း ဖွံ့ဖြိုးလာစေရန်နှင့် သဘင်ပညာသည်များ ပူးပေါင်းဆောင်ရွက်မှု ပိုမိုစုစည်း ကျစ်လျစ်ခိုင်မာလာစေရေးအတွက် မြန်မာနိုင်ငံ သဘင်အစည်းအရုံး(ဗဟို)က မြို့နယ်အလိုက် သဘင်ပညာသည်အစည်းအရုံးများကို ဖွဲ့စည်းပေးလျက်ရှိသည်။

တက်ရောက်

ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် သဘင်အစည်းအရုံး ဖွဲ့စည်း *စာမျက်နှာ ၆ ကော်လံ ၄* ■

"တစ်နိုင်ငံလုံးမှာ မြို့နယ်သဘင်အစည်းအရုံးအဖွဲ့ပေါင်း ၁၅ဝကို ဖွဲ့စည်းထားနိုင်ခဲ့ပြီးဖြစ်ပါတယ်"

ဦးရဲဒွေး
ဒုတိယဥက္ကဋ္ဌ (ရုပ်သေး)
မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

NLD ပါတီအပေါ် စိတ်ပါဝင်စားမှုမရှိ၊ ယုံကြည်အားထားမှုမရှိတော့၍ ခင်ဦးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ၁၁ ဦးတို့ နုတ်ထွက်

ရန်ကုန် ဇူလိုင် ၈

စစ်ကိုင်းတိုင်း ခင်ဦးမြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ငါးတင်းကြီးကျေးရွာမှ ဦးကျော်ရွှင်၊ ဦးအောင်မြင့်၊ ဦးတိုးမောင်၊ ဦးဝင်းအောင်၊ ဒေါ်ကြည်စိန်၊ ဒေါ်ညိုမှီ၊ ဒေါ်ရင်ရင်လှနှင့် ဒေါ်ညိုညိုဝင်းတို့သည် ဇွန် ၁၂ရက်တွင် လည်းကောင်း၊ မကျီးအုပ်ကျေးရွာမှ ဦးစီ၊ ဒေါ်ခင်မြတ်နှင့် ဦးမြင့်စိန်တို့သည် ဇွန် ၂၃ရက်တွင်လည်းကောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှနုတ်ထွက်ကြောင်း ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်လွှာများကို လက်မှတ်ရေးထိုးကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းများသို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။ *စာမျက်နှာ ၈ ကော်လံ ၃* ❐

ပြင်သစ်နည်းပြ စိတ်လှုပ်ရှားနေ

ကမ္ဘာ့ဖလားရရှိရေး နောက်ဆုံး အဆုံးအဖြတ်ပေးမည့် ပြိုင်ပွဲဖြစ်သဖြင့် မိမိအရမ်းစိတ်လှုပ်ရှားနေကြောင်း၊ အထူးသဖြင့် အီတလီလိုအသင်းမျိုးနှင့် ရင်ဆိုင်ကစားရမည့်အဖြစ်မှာ စိတ်လှုပ်ရှားမှု ထိန်း၍မရကြောင်း ပြင်သစ်နည်းပြ ဒိုမီနစ်ချ်က ပြောကြားလိုက်သည်။

မောင်မောင်မြင့်ဆွေ၏ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ နောက်ဆုံး သတင်းများ
သတင်းအကျယ် (စာ-၁၃)